မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၁၉)

Established in 1914

Myanma Alinn Daily

၁၃၇၆ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် — ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ အင်္ဂါနေ့။

ဆင်းရဲမကျွာ ချမ်းသာမပစ်သူ မိတ်ဆွေစစ်လေးမျိုး

* မိမိကိစ္စကို လျှို့ဝှက်မှုမချန်ပြောကြားသူ။
* မိတ်ဆွေဖြစ်သူ၏ လျှို့ဝှက်သင့်သောကိစ္စကို လျှို့ဝှက်ထားသူ။
* မိတ်ဆွေဖြစ်သူဘေးအန္တရာယ်ကြုံတွေ့သော် မစွန့်သူ။
* မိတ်ဆွေ၏အကျိုးငှာ အသက်ကိုစွန့်သူ။

ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုအတွက် ခရီးသွားလုပ်ငန်းသည် အရေးပါသည့်ကဏ္ဍအဖြစ်ရပ်တည်

နေပြည်တော် ဇန်နဝါရီ ၂၆

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ ဖွင့်ပွဲ အခမ်းအနားနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတသည် အဆိုပါဗဟိုဌာန နားနေဆောင်၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံ-တရုတ်ဗဟိုဌာန၊ အာဆီယံ-ဂျပန်ဗဟိုဌာနနှင့် အာဆီယံ-ကိုရီးယားဗဟိုဌာနတို့မှ အထွေထွေအတွင်းရေးမှူးချုပ်များ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီဥက္ကဋ္ဌနှင့် ပစိဖိတ်-အာရှခရီးသွားလုပ်ငန်းအဖွဲ့မှ အမှုဆောင်အရာရှိချုပ်များ၊ အာဆီယံခရီးသွားလုပ်ငန်းရှင်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာနိုင်ငံသည် ယခုအခါတွင် ကမ္ဘာ့အလယ်၌ ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာပြီး ၂၀၁၄ ခုနှစ်အတွက် Lonely Planet Magazine က ပေးအပ်သည့် “Best in Travel AEC Country Award 2014” ကို ရရှိခဲ့

ငမိုးရိပ်(သုဝဏ္ဏ)တံတားသစ် အကောင်အထည်ဖော်တည်ဆောက်မှုစတင်

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ ➢ မင်းထက်

ငမိုးရိပ်(သုဝဏ္ဏ)တံတားသစ် တည်ဆောက်နေမှု မြင်ကွင်း။

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်မြို့ ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက်ဖြေရှင်းပေးနိုင်မည့် သဃ်န်းကျွန်းမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ကူးလူးသွားလာနိုင်သည့် ငမိုးရိပ်(သုဝဏ္ဏ) တံတားသစ်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်ကြီးကြပ်မှုဖြင့် စီမံကိန်းတည်ဆောက်ခွင့်ရ Crown Advanced Construction က စတင်အကောင်အထည်ဖော်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

ယခင် ဂျပန်နိုင်ငံနည်းပညာဖြင့် တည်ဆောက်ထားသည့် ငမိုးရိပ်(သုဝဏ္ဏ)တံတားဟောင်း၏ ၇၅ ပေအကွာမှ ငမိုးရိပ်(သုဝဏ္ဏ) တံတားသစ်ကို အပြိုင်တည်ဆောက်နေခြင်းဖြစ်ပြီး နှစ်လမ်းသွား ဘိုးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသစ်၏ ပင်မတံတားအရှည်သည် မီတာ၂၄၀ဖြစ်ပြီး သုဝဏ္ဏဘက်ခြမ်း ချဉ်းကပ်တံတားအရှည်သည် မီတာ ၃၀နှင့် သာကေတဘက်ခြမ်း ချဉ်းကပ်တံတားအရှည်သည် မီတာ ၉၀ ရှိကာ စုစုပေါင်းတံတားအရှည်သည် မီတာ ၃၆၀ ရှည်လျားမည်ဖြစ်သည်။ တံတားအောက်မြစ်နှင့် အောက်ထည်သည် ဘိုးပိုင်ဖြစ်ပြီး

စာမျက်နှာ ၉ ကော်လံ ၁ ●

■ **နိုင်ငံတကာ**

အိန္ဒိယအမျိုးသားနေ့ သမ္မတအိုဘားမားတက်ရောက် အမေရိကန်တစ်ဦးအနေဖြင့် ပထမဆုံးတက်ရောက်ခြင်းဖြစ်

စာမျက်နှာ ❖ ၄

■ **ဆောင်းပါး**

အရိုးပေါ်အရွက်မလွှမ်းသော မြန်မာ့တိုင်းရင်းဆေးစွမ်းများ

စာမျက်နှာ ❖ ၆

■ **ပြည်တွင်း**

ပြင်ဦးလွင်ဒေစီပန်းများပျောက်ကွယ်လုနီးပါးဖြစ်ရာမှ ဈေးကွက်အတွင်းပြန်လည်ဝင်ရောက်လာ

စာမျက်နှာ ❖ ၁၅

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပွင့်လင်းမြင်သာ ရွေးကောက်ပွဲအဖြစ် ကြိုးပမ်းမည်

၂၀၁၅ ခုနှစ်အတွင်း မြန်မာပြည်သူတစ်ရပ်လုံးကသာမက နိုင်ငံတကာကပါ စိတ်ဝင်စားနေသောအကြောင်းအရာတစ်ရပ်မှာ မြန်မာနိုင်ငံ၌ကျင်းပမည့် ရွေးကောက်ပွဲပင်ဖြစ်သည်။ မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို ယခုနှစ်အောက်တိုဘာလ သို့မဟုတ် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသွားရန် ရွေးကောက်ပွဲကော်မရှင်ရုံးက ကြေညာထားပါသည်။ ရွေးကောက်ပွဲကို အမှန်ကန်ဆုံးနှင့် ပွင့်လင်းမြင်သာမှုအရှိဆုံးဖြစ်အောင် သက်ဆိုင်ရာက စီစဉ်လျက်ရှိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ဇန်နဝါရီ ၂၃ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော အစည်းအဝေးတွင် ရွေးကောက်ပွဲတွင် မဲလိမ်၊ မဲခိုး၊ ဘက်လိုက်မှုများရှိနေပါက အရွေးချယ်ခံရသည့် ကိုယ်စားလှယ်များသည် သိက္ခာမဲ့ပြီး ၎င်းကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်သည့် လွှတ်တော်အစိုးရအဖွဲ့အစည်းတွင်လည်း ကမ္ဘာ့အလယ်တွင် မျက်နှာငယ်ရမည်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့်တိုင်းပြည်ဂုဏ်သိက္ခာမညှိုးနွမ်းရအောင် ဥပဒေနှင့်အညီ တိတိကျကျဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစတင်၍ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာဖြစ်စေရေး အဆင့်လေးဆင့်နှင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် Online မှကြည့်ရှုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်းသိရပါသည်။ မကြာမီကာလအတွင်း Voter Training နှင့် Voter Education လုပ်ငန်းများကို ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။

Voter Education ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ဝန်ထမ်းများ၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်း(CSO) များနှင့် မီဒီယာများကို လေ့ကျင့်ပညာပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။ ပွင့်လင်းမြင်သာရွေးကောက်ပွဲဖြစ်ရေးအတွက် ဥပဒေသည် အရေးကြီးဆုံးဖြစ်ပါသည်။ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပါဝင်ဆောင်ရွက်သူများနှင့် ပြည်သူတစ်ရပ်လုံးက လေးစားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ဆောင်ရွက်မှုမှန်သမျှ ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ လာမည့်ရွေးကောက်ပွဲသည် ပွင့်လင်းမြင်သာမှုရှိပြီး ဥပဒေကိုအလေးထားကာ ပြည်သူတစ်ရပ်လုံးကသာမက နိုင်ငံတကာကပါ လက်ခံနိုင်သော ရွေးကောက်ပွဲဖြစ်စေရေးအတွက် အားလုံးက မိမိတို့ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စည်းကမ်းလိုက်နာရန် ပျက်ကွက်ခဲ့သော ယာဉ်လုပ်သား ၄၀၀ နီးပါးအား အလုပ်မှထုတ်ပယ်

ရန်ကုန် ဇန်နဝါရီ ၂၆

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်အတွင်း ယာဉ်လုပ်သား ၄၀၀ နီးပါးအား စည်းကမ်းလိုက်နာရန် ပျက်ကွက်မှုများဖြင့် အလုပ်မှ ထုတ်ပယ်ခဲ့ရကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားသည်။

"ပြီးခဲ့တဲ့နှစ်အတွင်း ယာဉ်လုပ်သား ၄၀၀ နီးပါးကို စည်းကမ်းလိုက်နာရန်ပျက်ကွက်မှုနဲ့မထသ(ဗဟို)ကထုတ်ပယ်ခဲ့ရပါတယ်။ အဓိကကတော့ ခရီးသည်တွေက ကျေနပ်မှုမရှိလို့ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေကို တိုင်ကြားခဲ့ပါတယ်။ ဒီလိုတိုင်ကြားတဲ့နေရာမှာ မထသ(ဗဟို)အနေနဲ့ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေကို တိုင်ကြားမှုများနဲ့ပတ်သက်လို့ လာရောက်ဖြေရှင်းဖို့ ဆင့်ခေါ်ပေမယ့် လာရောက်ဖြေရှင်းခြင်းမရှိတဲ့ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေကို မထသ(ဗဟို)မှ ထုတ်ပယ်ခဲ့ပါတယ်" ဟု ဦးလှအောင်က ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်အတွင်း မထသ(ဗဟို)အနေဖြင့် ယာဉ်မောင်း ၂၁၇ ဦးနှင့် ယာဉ်နောက်လိုက် ၃၅၅ ဦးကို အလုပ်အကိုင်များခန့်ထားပေးခဲ့ပြီး ယင်းတို့အနက် ယာဉ်မောင်း ၁၆၄ ဦးနှင့် ယာဉ်နောက်လိုက် ၂၃၃ ဦးကို အလုပ်မှ ထုတ်ပယ်ခဲ့ ကြောင်း သိရသည်။

ယခုအခါ ခရီးသည်များအနေဖြင့် မချေမငံဆက်ဆံသော ယာဉ်နောက်လိုက်များ၊ ဂိတ်ဆုံးအောင် မောင်းနှင်ခြင်းမရှိဘဲ လမ်းတစ်ဝက်မှ ပြန်လှည့်သော မော်တော်ယာဉ်များနှင့် ယာဉ်စီးခပိုတောင်းခံသော ယာဉ်နောက်လိုက်များကို တိုင်ကြားမှုများ ပိုမိုပြုလုပ်လာကြောင်း မထသ(ဗဟို)စာရင်းများအရ သိရသည်။ ထိုသို့တိုင်ကြားမှုများ ပိုမိုများပြားလာသည့်အတွက် မထသ(ဗဟို)အနေဖြင့် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကို သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

သတင်း-ကြဲတိုင်းအောင်
ဓာတ်ပုံ-သဏ္ဍ

ကျေးရွာများသို့ ဆိုလာမီးအိမ်များပေးအပ်

ပြင်ဦးလွင် ဇန်နဝါရီ ၂၆

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ် အတွင်းရှိ ကျေးရွာများသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်မှ ဆိုလာမီးအိမ်များ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က ပြင်ဦးလွင်မြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှု လက်မှုဝန်ကြီး ဦးကျော်မြင့်က အမှာစကားပြောကြားပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန်က ကျေးလက်ပြည်သူများအတွက် ဆိုလာမီးအိမ်များ လှူဒါန်းရခြင်း၏ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကာ ကျေးရွာဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေးကျော်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန်တို့က လိမ်ကျေးရွာ (အရှေ့) အတွက် ဆိုလာမီးအိမ် ၁၆၅ လုံး၊ သင်္ဂတုံကျေးရွာအတွက် ဆိုလာမီးအိမ် ၁၄၀၊ သပြေကုန်းတောင်ကြီး ကျေးရွာအတွက် ဆိုလာမီး အိမ် ၃၂ လုံး၊ သပြေကုန်းကျေးရွာအတွက် ဆိုလာမီး ၄၆ လုံးနှင့် တောင်ကျွန်း ကျေးရွာအုပ်စု လယ်တောကျေးရွာအတွက် ဆိုလာမီးအိမ် ၆၃ လုံး စုစုပေါင်း ၄၄၆လုံးတို့ကို ကျေးရွာတိုင်း မီးလင်းရေးအတွက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၀၃၂)

တာချီလိတ်၌ အငှားယာဉ်မောင်းများအား အသိပညာပေးဟောပြော

တာချီလိတ် ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးကကြီးမှူး၍ မြို့ပေါ်ဂိတ်များရှိ အငှားယာဉ်များ အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မြို့နယ်ဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တာချီလိတ်မြို့မရဲစခန်းမှူးနှင့် နယ်ထိန်းတပ်ဖွဲ့များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်မင်းအောင်နှင့် ရွှေတာချီဆိုင်ကယ်ကယ်ရီသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းဦးက လက်ရှိဆောင်ရွက်နေသော မူးယစ်ဆေးဝါး ဖမ်းဆီးရေးစီမံချက်ကိုဆောင်ရွက်ရာတွင် မိမိတို့တပ်ဖွဲ့ဝင်အင်အားသာမက အငှားယာဉ်မောင်းများမှာနေရာဒေသမရွေး သွားရောက်ပို့ဆောင်ကြသူများဖြစ်၍ သတင်းများရရှိပါက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် မှုခင်းများနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)ရဲအုပ်မင်းအောင်က ရွှေ့ပြောင်းသွားခြင်း လူမှောင်ခို၊ ထိုမှတစ်ဆင့် လူကုန်ကူးခံခဲ့ရသည့် ကော့သောင်းဖြစ်စဉ်ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မြင့်မိုရ်(တာချီလိတ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၅၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၄၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၅၇၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၀၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၇၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၅၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၆၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၃၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၇-၁၀၃၂
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅-၇၈၀
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
မိုးဆန်သစ် (မနော်သုခ)	တစ်အိတ်	၁၅၆၀၀-၁၆၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၃၃
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၉၀-၄၀၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၅၀-၂၂၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၅၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၅၀-၇၂၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၇၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၄၀၀-၅၅၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံ၏ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးတွင် လွန်စွာအရေးပါလှသည့် နှစ်ပတ်လည်အစည်းအဝေးများ ပါဝင်သော (၃၄) ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ဂုဏ်ပြုဖွင့်လှစ်ပေးခွင့်ရသည့်အတွက် ကြည်နူးဝမ်းမြောက်မိပါကြောင်း။

(၂၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၊ (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်အတွင်း၌ မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အာဆီယံဥက္ကဋ္ဌ တာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးအရ ညီညွတ်သော၊ စီးပွားရေးအရ ပေါင်းစည်းသော၊ လူမှုရေးအရ တာဝန်ယူသော အာဆီယံအသိုက်အဝန်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေးကို ဦးတည်၍ အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ မဟာဗျူဟာကျသည့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုကာလအတွင်း နိုင်ငံအတွင်းရှိ သက်ဆိုင်ရာကဏ္ဍအသီးသီး၌ သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ အထူးသဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် လွန်စွာအောင်မြင် တိုးတက်ခဲ့ပါကြောင်း။

၂၀၁၄ ခုနှစ်အတွင်း၌ပင် မြန်မာနိုင်ငံမှ ပျူမြို့ဟောင်း သုံးမြို့ဖြစ်သည့် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့ကို ကာတာနိုင်ငံ ဒိုဟာမြို့တွင်ကျင်းပခဲ့သည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေး၏ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် အောင်မြင်စွာ ထည့်သွင်းခြင်းခံခဲ့ရပြီး မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သမိုင်းနယ်ပယ်တွင် စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ သည် ယခု ၂၀၁၅ နှစ်ကုန်တွင် ပေါ်ထွက်လာမည့် အာဆီယံအသိုက်အဝန်းထူထောင်မှု၏ အရေးပါသည့် မှတ်တိုင်တစ်ရပ်နှင့်လည်း တိုက်ဆိုင်လျက်ရှိပါကြောင်း။

ယခုနှစ် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅၏ ဦးတည်ချက်ဖြစ်သည့် "အာဆီယံ-ငြိမ်းချမ်းဝေစည်၊ တွဲလက်ညီ ခရီးသွားလုပ်ငန်းဖြင့်အရောက်လှမ်းချီ" ဆောင်ပုဒ်သည် အာဆီယံအသိုက်အဝန်းအတွက် မှန်ကန်သောရည်ရွယ်ချက်ရှိသည့် ဆောင်ပုဒ်ဖြစ်ပါကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကြီး၏ ခရီးသွားလုပ်ငန်းစာရင်းဇယားဆိုင်ရာလေ့လာမှုများအရ အပြည်ပြည်ဆိုင်ရာခရီးသည် ရောက်ရှိမှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ၂၀၁၃ ခုနှစ်တွင် တိုးတက်မှုငါးရာခိုင်နှုန်းနှင့်အတူ ၁ ဒသမ ဝ၈ ဘီလီယံသို့ရောက်ရှိခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁၁၅၉ ဘီလီယံသို့ရောက်ရှိခဲ့ပါကြောင်း၊ လက်ရှိတွင် ခရီးသွားလုပ်ငန်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီ၏ကိုးရာခိုင်နှုန်းရှိပြီး အလုပ်အကိုင် ၁၁ ခုလျှင် တစ်ခု၊ ကမ္ဘာ့ပို့ကုန်များ၏ ခြောက်ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ကမ္ဘာ့စီးပွားရေးသာယာဝပြောမှုနှင့် တည်ငြိမ်မှုအတွက် ခရီးသွားလုပ်ငန်းသည် အရေးပါသည့် ကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်နေပါကြောင်း။

အာဆီယံဒေသသို့ ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှုကို ကြည့်မည်ဆိုလျှင် ၉၉ ဒသမ ၂ သန်းကျော်ရှိခဲ့ပြီး ၁၁ ဒသမ ၇၃ ရာခိုင်နှုန်း တိုးတက်မှုရှိလာသည်ကိုတွေ့ရပါကြောင်း၊ အာဆီယံဒေသအတွင်း အာဆီယံနိုင်ငံသားများ ခရီးသွားလာမှုသည်လည်း ၄၅ ဒသမ ၆ သန်းရှိခဲ့ပြီး စုစုပေါင်းခရီးသည်ဝင်ရောက်မှုပမာဏ၏ ၄၆ ရာခိုင်နှုန်းရှိခဲ့သည်ကို တွေ့ရပါကြောင်း။

အာဆီယံ ခရီးသွားလုပ်ငန်းကဏ္ဍ၏ မကြာသေးမီနှစ်များအတွင်း သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဝမ်းမြောက်ဝမ်းသာစွာ မှတ်သားသိရှိရပါကြောင်း၊ ယင်းအာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည်လည်း "အာဆီယံအတွက် အာဆီယံ" ဟူသည့်ဦးတည်ချက်ကို အထောက်အကူပြုလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်တွင် ခရီးသည်ဝင်ရောက်မှုတစ်သန်းကျော်ခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် မှတ်တိုင်တစ်ရပ်စိုက်ထူနိုင်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင်မူ တိုးတက်မှု ၉၃ ဒသမ ၀၄ ရာခိုင်နှုန်းနှင့်အတူ ခရီးသည် ၂ ဒသမ ၀၄ သန်းကျော် ဝင်ရောက်ခဲ့ကာ မှတ်တိုင်တစ်ရပ် ထပ်မံစိုက်ထူနိုင်ခဲ့သည်ကို မြင်တွေ့ခဲ့ရပါကြောင်း၊ ပြီးခဲ့သည့် ၂၀၁၄ တွင် တိုးတက်မှု ၅၁ ရာခိုင်နှုန်းနှင့်အတူ ခရီးသည် သုံးသန်းကျော် ဝင်ရောက်ခဲ့ပါကြောင်း။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မိမိတို့အနေဖြင့် လက်ရှိတိုးတက်မှုနှုန်းကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဆိုလျှင် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၄ ဒသမ ၅ သန်းခန့်ဝင်ရောက်မည်ဟု မျှော်မှန်းနိုင်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာခရီးသွားများအတွက် တည်ငြိမ်အေးချမ်းမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကန့်သတ်မှုများကို ပိုမိုဖြေလျှော့ပေးနိုင်သည်နှင့်အမျှ ၂၀၁၅ ခုနှစ်တွင် ခရီးသည် ငါးသန်းအထိ တိုးတက်ဝင်ရောက်နိုင်မည် ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ရပ် ဖြစ်သကဲ့သို့ သက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှု၊ သဘာဝနှင့် လူမှုစီးပွားဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများနှင့်လည်း နီးနွယ်ပတ်သက်နေပါကြောင်း။

ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမျှတစေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲရန် အောင်မြင်စွာ ဆောင်ရွက်ရေးစသည့် ရည်ရွယ်ချက်များဖြင့် "တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ"နှင့် "မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးမူဝါဒ" များကို ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ အကူအညီဖြင့် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ၂၀၁၃-၂၀၂၀ ကို နော်ဝေအစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ အထောက်အပံ့ဖြင့် ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါ ပင်မစီမံကိန်းသည် ခရီးသွားလုပ်ငန်းမှ စီးပွားရေးနှင့် လူမှုရေးအကျိုးအမြတ်များ ညီတူညီမျှ ပေးစွမ်းနိုင်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရန်နှင့် ဝင်ငွေတိုးပွားရရှိစေရန်တို့တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် လမ်းပြမြေပုံတစ်ရပ်လည်း ဖြစ်ပါကြောင်း။

အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူအများ၏ပူးပေါင်းဆောင်ရွက်မှု ရလဒ်အနေဖြင့် မြန်မာနိုင်ငံသည် ယခုအခါတွင် ကမ္ဘာ့အလယ်၌ ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာပြီး ၂၀၁၄ ခုနှစ်အတွက် Lonely Planet Magazine က ပေးအပ်သည့် " Best in Travel AEC Country Award 2014" ကို ရရှိခဲ့ပါကြောင်း။

ယနေ့ကျင်းပပြုလုပ်ပြီးခဲ့သည့် အစည်းအဝေးများနှင့် ဆွေးနွေးညှိနှိုင်းမှုများမှ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် အဓိကခရီးသွားဈေးကွက်

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် ၂၀၁၄ ခုနှစ်အတွက် Best in Travel AEC Country ဆု လက်ခံရယူစဉ်။ (သတင်းစဉ်)

များအကြား အကျိုးရှိပြီး ရလဒ်ကောင်းများ ထွက်ပေါ်စေမည့်အပြင် ပိုမိုကျယ်ပြန့်သည့် ချိတ်ဆက်မှုများ ရရှိလိမ့်မည်ဟု မိမိယုံကြည်မိပါကြောင်းဖြင့် ပြောကြားပြီး အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် H.E. Dr. Taleb Rifai က ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် Lonely Planet Traveller မှ Editor in Chief ဖြစ်သူ Mr. Rathasiam Sinlakhun က ၂၀၁၄ ခုနှစ်အတွက် Best in Travel AEC Country ဆုကို မြန်မာနိုင်ငံအား ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က Best ASEAN Marketing and Promotional Campaign ဆုရရှိသည့် Datuk. Dr. Ong Hong Peng၊ Best ASEAN Cultural Preservation Effort ဆုရရှိသည့် Ms. Regina Lopez၊ Best ASEAN Travel Article ဆုရရှိသည့် Ms. Desiree Bandal တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက Best ASEAN Conservation Effort ဆုနှင့် Best ASEAN Airline Programme ဆု ရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတက အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညစာသုံးဆောင်နေစဉ်နှင့် မသုံးဆောင်မီတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

အိန္ဒိယအမျိုးသားနေ့ သမ္မတအိုဘားမားတက်ရောက်၊ အမေရိကန်သမ္မတတစ်ဦးအနေဖြင့် ပထမဆုံးတက်ရောက်ခြင်းဖြစ်

နယူးဒေလီ ဇန်နဝါရီ ၂၆

အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အိန္ဒိယသို့ ရောက်ရှိသည့် ဒုတိယနေ့တွင် နယူးဒေလီမြို့၌ကျင်းပသော အိန္ဒိယသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

သမ္မတ အိုဘားမားသည် အိန္ဒိယနိုင်ငံသို့ သုံးရက်ကြာ ခရီးစဉ်အဖြစ် တနင်္ဂနွေနေ့က ရောက်ရှိနေရာ နှစ်နိုင်ငံခေါင်းဆောင်များ အကြားနွေးထွေးသော ဆက်ဆံရေးအဖြစ် တွေ့ရသည်။

တနင်္ဂနွေနေ့တွင် အရပ်ဘက်ဆိုင်ရာ နျူကလီးယားနည်းပညာကို အိန္ဒိယသို့ ထောက်ပံ့ပေးရန် အမေရိကန်ကုမ္ပဏီများ အားလုံးသို့ ခွင့်ပြုခဲ့သည့် စာချုပ်တစ်ရပ်ကို နှစ်နိုင်ငံစလုံးမှ ကြေညာခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီကအမေရိကန်နှင့် အိန္ဒိယတို့သည် ပူးပေါင်းဆောင်ရွက်မှု ခရီးစဉ်သစ် စတင်ပြီဟု ပြောဆိုခဲ့သည်။

မစ္စတာအိုဘားမားသည် အဓိကအတိုက်အခံပါတီခေါင်းဆောင်များနှင့် တနင်္လာနေ့ နှောင်းပိုင်းတွင် တွေ့ဆုံဆွေးနွေးမည် ဖြစ်သကဲ့သို့ စီးပွားရေး ထိပ်သီးအစည်းအဝေး၌လည်း မိန့်ခွန်းပြောကြားလိမ့်မည်ဟု ဆိုသည်။

အိန္ဒိယအမျိုးသားနေ့ အခမ်းအနားကို ဗြိတိန်ထံမှလွတ်လပ်ရေးရပြီး သုံးနှစ်အကြာ ၁၉၅၀ ပြည့်နှစ် အိန္ဒိယဖွဲ့စည်းပုံ အခြေခံဥပဒေအရ နှစ်စဉ် ကျင်းပလာခဲ့ခြင်းဖြစ်သည်။ မိုးရွာပြီး အုံ့ဆိုင်းနေသော နံနက်ပိုင်းအချိန်တွင် ရောင်စုံဦးဆောင်းများနှင့် တူညီ ဝတ်စုံများဝတ်ဆင်ပြီး ဘုရင့်ရိပ်သာလမ်းဆီသို့ ချီတက်လာသော တပ်ဖွဲ့ဝင်များကို မစ္စတာအိုဘားမားက အိန္ဒိယဝန်ကြီးချုပ်နှင့်အတူ စောင့်ကြည့်ခဲ့သည်။ **(ဘီဘီစီ)**

၂၀၁၄ ခုနှစ်သည် ဂျပန်၏ကုန်သွယ်ရေးလိုငွေပြမှုအမြင့်ဆုံးနှစ်ဖြစ်

တိုကျို ဇန်နဝါရီ ၂၆

၂၀၁၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏နှစ်စဉ်ကုန်သွယ်ရေး လိုငွေပြမှုတိုးလာခြင်းသည် တတိယမြောက်နှစ်ဖြစ်ပြီး ၁၉၇၉ ခုနှစ်ကတည်းက အမြင့်ဆုံးနှုန်းဖြစ်ကြောင်း မကြာသေးမီကထုတ်ပြန်သော စာရင်းဇယားအရ သိရသည်။

ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုသည် ၂၀၁၃ ခုနှစ်က ယန်း ၁၁ ဒသမ ၅ ထရီလီယံရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ယန်း ၁၂ ဒသမ ၈ ထရီလီယံရှိရာ ၁၁ ဒသမ ၄ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနက တနင်္လာနေ့က ထုတ်ပြန်ခဲ့သည်။ ယင်း၌ ပြီးခဲ့သည့် နှစ်ကဂျပန်ပို့ကုန် ၄ ဒသမ ၈ရာခိုင်နှုန်းတိုးလာရာ တန်ဖိုးယန်း ၇၃ ဒသမ၁ထရီလီယံရှိပြီး သွင်းကုန်တန်ဖိုးသည် ယန်း ၈၅ ဒသမ ၉ ထရီလီယံရှိပြီး ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးလာခဲ့သည်ဟု ဖော်ပြထားသည်။

ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုကြောင့် ဂျပန်ကုန်သွယ်ရေးလိုငွေပြမှုကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကို နှိုင်းယှဉ်ကြည့်ရာ ထက်ဝက်နီးပါးကွာနေခဲ့သည်။ ၂၀၁၁ခုနှစ်က ငလျင်လှုပ်ခတ်မှုနှင့်ဆူနာမီကြောင့် ဂျပန်နိုင်ငံ၏စီးပွားရေးသည် ကြိုးစားရုန်းကန်ခဲ့သည်။ ယင်းငလျင်ကြောင့် ဖူကူရှီးမားနျူကလီးယားစက်ရုံပိတ်ခဲ့ရပြီး လောင်စာဆီကုန်ကျစရိတ်သည် ဂျပန်နိုင်ငံအပေါ် ဖိအားများနေခဲ့သည်။ ဂျပန်နိုင်ငံသည် ၂၀၁၂ ခုနှစ်ကလည်း ယာယီစီးပွားရေးကပ်ကြုံခဲ့ရသည်။ ၂၀၁၁ ခုနှစ်က လောင်စာဆီတင်သွင်းမှု တရိပ်ရိပ်တိုးလာခြင်းသည် ရာစုနှစ်သုံးခုနီးပါး၌ ဂျပန်ကုန်သွယ်ရေးဟန်ချက်ကို ပထမဆုံးအကြိမ် ထိခိုက်စေခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဖိလစ်ပိုင်တောင်ပိုင်း ပြင်းထန်သောတိုက်ပွဲဖြစ်ပွား ရဲကွန်မန်ဒို ၃၀ ထက်မနည်း သေဆုံး

မနီလာ ဇန်နဝါရီ ၂၆

ဖိလစ်ပိုင်တောင်ပိုင်း မာကွန်ဒါနာအိုပြည်နယ်၌ အနည်းဆုံးရဲကွန်မန်ဒို ၃၀ သည် အစ္စလမ္မာစ်သူပုန်များနှင့် အကြီးအကျယ် တိုက်ပွဲဖြစ်ပွားပြီး သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် မိုရိုအစ္စလမ့်စ်လွတ်မြောက်ရေးတပ်ဦး သူပုန်များ ထိန်းချုပ်ရာ ကျေးရွာသို့ ဝင်ရောက်ခဲ့စဉ် သူပုန်အချို့လည်း သေဆုံးခဲ့သည်။

အဓိက သံသယရှိသူ အကြမ်းဖက်သမား နှစ်ဦးကို အဓိကထား၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ အဆိုပါ တိုက်ခိုက်မှုသည် ဆယ်စုနှစ် များစွာ ဖြစ်ပွားခဲ့သော တိုက်ပွဲအဆုံးသတ်ရန် အစိုးရနှင့် သူပုန်တို့ ပြီးခဲ့သည့်နှစ်က ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခဲ့ပြီးနောက် အဆိုးရွားဆုံး တိုက်ပွဲဖြစ်ခဲ့သည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သူပုန်များဘက်မှ သတင်းထုတ်ပြန်ခြင်းမရှိသော်လည်း ရဲကွန်မန်ဒိုများသည် မန်မာဆာပါနိုမြို့အနီး ကျေးရွာတစ်ရွာကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟု တာဝန်ရှိသူများက ဆိုသည်။

တိုက်ပွဲမှာ နာရီအတန်ကြာဖြစ်ပွားခဲ့ပြီး အနည်းဆုံး ရဲကွန်မန်ဒို ၃၀ သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိချုပ် နိုအာမီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ယခုအထိ တပ်ဖွဲ့ဝင် ခြောက်ဦး၏ အလောင်းများ ပြန်လည်ရရှိပြီဟု ဆိုသည်။ **(ဘီဘီစီ)**

ဂရိရွေးကောက်ပွဲတွင် အနိုင်ရသူ ဆီပရက်စ်က နာကျင်မှုများကိုအဆုံးသတ်စေမည်ဟု ကတိပေးခဲ့

အေသင် ဇန်နဝါရီ ၂၆

ခြိုးခြံချွေတာမှု တိုက်ဖျက်ရေးဆိုင်ရီဇာပါတီခေါင်းဆောင် အလက်ဇစ်ဆီပရက်စ်သည် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးနောက် ဂရိနိုင်ငံ၏ငါးနှစ်ကြာ ဂုဏ်သိက္ခာ ထိခိုက်ပျက်ပြားမှုများနှင့် နာကျင်မှုများကို အဆုံးသတ်စေမည်ဟု ကတိကဝတ်ပြုခဲ့သည်။

လွန်ခဲ့သော တနင်္ဂနွေနေ့က ရေတွက်ခဲ့သော မဲအားလုံးနီးပါးကိုကြည့်လျှင် ဆိုင်ရီဇာပါတီသည် အမတ် ၁၄၉ နေရာ ရရှိနိုင်ဖွယ်ရှိသည်။

ဂရိနိုင်ငံသည် ကြီးမားသော ဆင်းရဲဒုက္ခများ၊ အကြောက်တရားနှင့် အာဏာရှင်စနစ်အုပ်ချုပ်မှုများကို နောက်ချန်ထားခဲ့ပြီဖြစ်ကြောင်း၊ ငါးနှစ်ကြာ ဂုဏ်သိက္ခာ ထိခိုက်ပျက်ပြားမှုနှင့် နာကျင်မှုများကိုလည်း အဆုံးသတ်နိုင်တော့မည်ဖြစ်ကြောင်း မစ္စတာ ဆီပရက်စ်က ပြောဆိုခဲ့သည်။ မဲဆန္ဒရှင်များက အပ်နှင်းခဲ့သည့် လုပ်ပိုင်ခွင့်အာဏာဖြင့် ငွေရေးကြေးရေးအခက်အခဲများကို သံသယမရှိ ပယ်ဖျက်သွားနိုင်တော့မည်ဖြစ်ကာ ဂရိနိုင်ငံ၏ ကြွေးမြီထက်ဝက်ကို လျှော့ချပေးမည်ဟု ၎င်းက ကတိပြုခဲ့သည်။ သို့သော်လည်း ၎င်းက စီးပွားရေး အဆင်ပြေစေမည့် နည်းလမ်းတစ်ခုကို ဆွေးနွေးရန်အဆင်သင့်ရှိနေခဲ့ပြီး ၎င်းနိုင်ငံ၏ ယူရိုငွေကြေးဈေးကွက်ကို တည်ငြိမ်ရန် ဆန္ဒရှိနေသည်။

ထို့ကြောင့် မစ္စတာဆီပရက်စ်က ၎င်း၏မိန့်ခွန်းထဲတွင် ဆွေးနွေးဖက်နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေး၍ ညှိနှိုင်းမှုများပြုလုပ်ရန်ဆန္ဒရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် မစ္စတာ ဆီပရက်စ်သည် ဂရိနိုင်ငံ၏ ကြီးမားသော နိုင်ငံတကာငွေကြေးထောက်ပံ့မှုနှင့် ပတ်သက်ပြီး ပြန်လည်ညှိနှိုင်းရန် ထပ်မံကတိပြုခဲ့သည်။

ဆိုင်ရီဇာပါတီ၏ အောင်မြင်မှုသည် အနာဂတ်ဂရိနိုင်ငံ၏ ယူရိုငွေကြေးဈေးကွက်နှင့် ပတ်သက်ပြီး စိုးရိမ်ဖွယ်ဖြစ်နေသည်။



ရွေးကောက်ပွဲအနိုင်ရသူ ဆိုင်ရီဇာပါတီခေါင်းဆောင် မစ္စတာ ဆီပရက်စ်

၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေကြေးကျပ်တည်းမှု ဖြစ်ပွားချိန်ကတည်း က ဂရိနိုင်ငံ၏ စီးပွားရေးသည် သိသိသာသာထိုးကျခဲ့သည်။ များပြားသောအလုပ်လက်မဲ့နှုန်းများက ဂရိနိုင်ငံကို ဆင်းရဲတွင်းသို့ပို့ဆောင်ခဲ့သည်။ **(ဘီဘီစီ)**

အေသင်မြို့တော်၏ လမ်းများပေါ်တွင် ရွေးကောက်ပွဲအနိုင်ရသူ မစ္စတာဆီပရက်စ် ထောက်ခံသူများ ပျော်ရွှင်စွာ အောင်ပွဲခံနေကြစဉ်။

စတိုးဆိုင်အတွင်း သေနတ်ပစ်ခတ်မှု လူနှစ်ဦးသေဆုံး

နယူးယောက် ဇန်နဝါရီ ၂၆

သေနတ်သမားတစ်ဦးသည် နယူးယောက်မြို့ မက်ဟင်တန်ရပ်ကွက် စတိုးဆိုင်အတွင်း ဝန်ထမ်းတစ်ဦးကို ပစ်သတ်ပြီးနောက် မိမိကိုယ်ကိုယ် အဆုံးစီရင်မှု ဟုမ်းဒီပို့ စတိုးဆိုင်၌ တနင်္ဂနွေနေ့ ညနေ ၂ နာရီ မိနစ် ၄၀ တွင် ဖြစ်ပွားခဲ့ကြောင်း ရဲများက ပြောသည်။

အသက် ၃၁ နှစ်ရှိ ဆိုင်ဝန်ထမ်းသည် လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် အငြင်းပွားပြီးနောက် သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်ပြီး မိမိ၏ဦးခေါင်းကို သေနတ်ဖြင့်ပစ်ကာ အဆုံးစီရင်ခဲ့ကြောင်း၊ ပစ်သတ်ခံရသူမှာ အသက် ၃၈ နှစ်ရှိ မန်နေဂျာတစ်ဦးဖြစ်ပြီး သေနတ်ဖြင့်ပစ်သူမှာ ဆေးရုံအရောက်တွင် သေဆုံးကြောင်း ရဲအရာရှိက ပြောကြားခဲ့သည်။

ထိုသူနှစ်ဦးမှာ မည်သည့်အကြောင်းအရာကြောင့် အငြင်းပွားရသည်ကိုမူ မသိရပေ။ အဆိုပါ စတိုးဆိုင်အတွင်း ဝန်ထမ်း ၇၀ ရှိပြီး မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် နေ့စဉ် ပျမ်းမျှအားဖြင့် သေနတ်ကြောင့် လူ ၈၇ ဦး သေဆုံးပြီး ၁၈၃ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ချီကာဂိုတက္ကသိုလ်ရာဇဝတ်မှုဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ခန်းနှင့် ရောဂါပဗေဒထိန်းချုပ်ရေးဗဟိုဌာနမှ သိရသည်။ နှစ်စဉ် အမေရိကန်ပြည်ထောင်စု၌ သေနတ် ၄ ဒသမ ၅ သန်းခန့် ရောင်းချရကြောင်း သိရသည်။ **(ပရက်စ်တီဗွီ)**

အီဂျစ်ပဋိပက္ခ၌ လူ ၁၈ ဦးသေ

ကိုင်ရို ဇန်နဝါရီ ၂၆

အီဂျစ်တွင်ရဲများနှင့်ဆန္ဒပြသူများအကြား ဖြစ်ပွားခဲ့သောပဋိပက္ခကြောင့် ပြည်သူ ၁၈ ဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု အရာရှိများက ပြောသည်။

သေဆုံးသူများထဲတွင် ရဲအရာရှိလောင်းနှစ်ဦးပါဝင်ပြီး ဆန္ဒပြသူများစွာ ဒဏ်ရာရရှိခဲ့ကြသည်။ ပြီးခဲ့သည့်မတ်လအတွင်းက မြို့တော်ကိုင်ရိုတွင် ဆန္ဒပြသူတစ်ဦးသေဆုံးခဲ့ရာမှ ပဋိပက္ခများစတင်လာခြင်းဖြစ်သည်။

မြို့ကြီးများတွင် လုံခြုံရေးတင်းကျပ်ထားပြီး ကိုင်ရိုရှိအချက်အချာကျသည့်နေရာများကို ပိတ်ပင်ထားသည်။ ယမန်နှစ်က အလားတူ ဆန္ဒပြမှုတွင်လည်း ပြည်သူများစွာ သေဆုံးခဲ့ရသည်။

နိုင်းမြစ်ဝကျွန်းပေါ်ဒေသတွင် စစ်သွေးကြွနှစ်ဦးမှာ ဖောက်ခွဲရေးကိရိယာများ တပ်ဆင်နေစဉ် သေဆုံးခဲ့သည်ဟု ရဲများကဆိုသည်။ စနေနေ့က ဆန္ဒပြလှုပ်ရှားသူ အမျိုးသမီး ရှာအီမအာအယ်လ်ဆာဘတ်(အသက် ၃၂ နှစ်)သည်ကိုင်ရို မြို့လယ်ကောင်တွင် ဆိုရှယ်လစ်မဟာမိတ်ပါတီနှင့်အတူ ချီတက်နေစဉ်အတွင်း သေနတ်ဖြင့်ပစ်ခံရပြီး သေဆုံးခဲ့သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ၌ ရဲတပ်ဖွဲ့ဝင်များကို ခုခံဖမ်းဆီးမှုပြုလုပ်ခဲ့သူများအား ပြစ်ဒဏ်များချမှတ်

နေပြည်တော် ဇန်နဝါရီ ၂၆

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာတွင် ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုအား တရားစွဲတင်နိုင်ရေးအတွက် တိမ်းရှောင်နေသူများအားဖမ်းဆီးရန် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ဇေယျာသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်း ဦးစီးတပ်ဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ဇော်လတ်၊ ဝင်းလှိုင်၊ ထွန်းရွှေ၊ ထွန်းထွန်း လေးဦးက အဖမ်းမခံဘဲ ၎င်းတို့နှင့် မိသားစုများက ဓားပြ၊ သူခိုးဟု အော်ဟစ်ခြင်း၊ မီး၊ မီးဟုအော်ဟစ်ခြင်း၊ ဇော်လတ်၏ ဇနီးက မုဒိမ်းကျင့်သည်ဟု အော်ဟစ်ခြင်း၊ လာရောက်ဖမ်းဆီးသည့်တပ်ဖွဲ့ဝင်များအား သွားဖြင့်ကိုက်ခြင်းတို့ကြောင့် ကျေးရွာအတွင်းရှိ ရွာသူ၊ ရွာသားများက ရဲတပ်ဖွဲ့ဝင်များအား တုတ်၊ ဓားလက်နက်များဖြင့် ရိုက်နှက်သဖြင့် ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးမှာ ဒဏ်ရာများရရှိကာ ကျေးရွာအတွင်း ပိတ်ဆို့ဖမ်းဆီးထားခြင်းကြောင့် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်အောင်နှင့် အဖွဲ့က ၎င်းတို့အား ကယ်ထုတ်ခဲ့ရသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်နယ်မြေရဲစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့ရာ ကျည်တောင်ကန်နယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးခဲ့သည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ပြစ်မှုကျူးလွန်သူ အဆိုပါအမှုမှ ၁၉ ဦးတို့ကို ပုဗ္ဗသီရိမြို့နယ်တရားရုံးက ၁၅ လကြာ ပွင့်လင်းမြင်သာစွာဖြင့် တရားလိုပြသက်သေ၊ တရားခံပြသက်သေနှင့် တရားခံများကို စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်သဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဇော်လတ်၊ အောင်ကျော်မိုး၊ ဇော်ဝမ်း၊ သက်ပိုင်စိုး၊ ကျော်နိုင်တို့အား ပြစ်မှုပုဒ်မ ၁၃၃/၁၁၄၊ ၃၃၂၊ ၃၄၂ တို့ဖြင့် ထောင်ဒဏ်ခုနစ်နှစ်စီ၊ ဇော်လတ်၏ဇနီး မမာသင်းအား ပြစ်မှုပုဒ်မ ၃၃၃/၁၁၄၊ ၃၃၂၊၂၉၄(ခ)ဖြင့် ထောင်ဒဏ်ခြောက်နှစ်သုံးလ၊ ထွန်းထွန်း၊ စန်းလွင်၊ သက်နိုင်၊ စိုးမြင့်၊ ထွန်းလတ်၊ မြင့်အေး၊ မောင်ရီ၊ မပဲ(ခ)ခင်မာဝင်းတို့အား ပြစ်မှုပုဒ်မ ၃၃၃/ ၁၁၄၊ ၃၄၂၊ ၅၀၆ ဖြင့် ထောင်ဒဏ်ခြောက်နှစ်စီ၊ ဝင်းလှိုင်၊ ဝင်းရွှေ၊ တင်ငွေ၊ မြင့်ဌေး၊ တင်သန်းတို့အား ပြစ်မှုပုဒ်မ ၃၃၃/ ၁၁၄၊၃၄၂ ဖြင့် ထောင်ဒဏ်လေးနှစ်စီ ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ဘိန်းဖြူဘလောက်တုံးများ တာကော်၌ဖမ်းမိ

လွိုင်လင် ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် တာကော်ပူးပေါင်းစစ်ဆေးရေးစခန်း၌ ငွေကျပ်သိန်းပေါင်း ၁၀၅၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၂၀၀ ကို ဇန်နဝါရီ ၂၄ ရက် နံနက်က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်၊ တာကော်လှုပ်ရှားမှုအဖွဲ့ ရဲအုပ်သူရအောင် ဦးစီးတပ်ဖွဲ့ဝင်များအဖွဲ့သည် မော်တော်ယာဉ်များကို စစ်ဆေးနေရာ ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခွဲက ယာဉ်မောင်း တင်ထွန်းနှင့် ယာဉ်နောက်လိုက် မိုးစက် နမ့်စန်မှကျိုင်းတုံသို့ မောင်းနှင်လာသည့် ကင်တာအမျိုးအစား ယာဉ်အမှတ် 9E/....ခြောက်ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေစဉ် ယာဉ်၏ဝဲဘက် တူးဘောက်အတွင်းမှ ၀ ဒသမ ၃၅ ကီလိုဂရမ်ပါ ဘိန်းဖြူဘလောက်တုံး ၁၀ တုံးပါ အတောင့် နှစ်တောင့်အတုံးပေါင်း ၂၀ အလေးချိန် ၇ ကီလို သိမ်းဆည်းရမိပြီး ဆက်လက်ရှာဖွေရာ အပိုစပယ်ယာဘီး အတွင်းမှ ၀ ဒသမ ၃၅ ကီလိုဂရမ်ပါ ဘိန်းဖြူ ဘလောက်တုံး ၁၀ တုံးပါ အတောင့်ခြောက်တောင့် အတုံးပေါင်း ၆၀ အလေးချိန် ၂၁ ကီလိုကိုလည်းကောင်း၊ ဆက်လက်ရှာဖွေရာတွင် ယာဉ်နောက်ပိတ်တံခါးအံ့ဝှက်အတွင်းမှ ၀ ဒသမ ၃၅ ကီလိုဂရမ်ရှိ ဘိန်းဖြူဘလောက်တုံး ၁၀ တုံးပါ အတောင့် ၁၂ တောင့် အတုံးပေါင်း ၁၂၀၊ အလေးချိန် ၄၂ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် စုစုပေါင်းဖမ်းဆီးရရှိမှုမှာ ၀ ဒသမ ၃၅ ကီလိုဂရမ်ပါ ဘိန်းဖြူဘလောက်တုံးပေါင်း ၂၀၀ စုစုပေါင်းအလေးချိန် ၇၀ ကီလိုဂရမ် ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၁၀၅၀၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း တင်ထွန်းနှင့် ယာဉ်နောက်လိုက် မိုးစက်တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ထားရှိပြီး ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၈၇)

ကျောက်တံခါးမြို့နယ်၌ ဓားထိုးမှုဖြစ်ပွား

ကျောက်တံခါး ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုမြို့(၃) ရပ်ကွက် ဘောလုံးကွင်း၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော (၅၁)ကြိမ်မြောက် ကရင်ရိုးရာပွဲတော်ကျင်းပရာသို့ ဇန်နဝါရီ ၂၃ ရက် နံနက် ၁ နာရီခန့်တွင် စာကလိုး(၂၂) နှစ်၊ ယာဉ်မောင်း၊ မှန်ချောင်းရွာ၊ ကင်းရွာအုပ်စု၊ ကျောက်တံခါးမြို့နယ်နေသူတို့နှစ်ဦးမှ ပွဲကြည့်ရန်လာရောက်စဉ် ချားရဟတ်အနီး၌ လူငယ်ခြောက်ဦးခန့်က လက်သီးဖြင့်ထိုးသဖြင့် စာကလိုး၏ ဦးခေါင်းနှင့်နဖူးစပ်တို့တွင် ဖူးရောင်ဒဏ်ရာများရရှိခဲ့သည်။

၁၀ ကိုက်အကွာတွင် စာကလိုးနှင့် အတူပါသူ ဗဒင်အား ၎င်းလူအုပ်စုမှ ထပ်မံ၍ ဆဲဆိုပြီး လက်သီးနှင့်ထိုးသဖြင့် ဦးခေါင်းနှင့် နဖူးတို့တွင် ဖူးရောင်ဒဏ်ရာရရှိပြီး တစ်ဦးကနောက်ထပ် ဓားဦးချွန်ဖြင့်ထိုး၍ ဝမ်းဗိုက်ဝဲဘက် တွင် တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ဝဲဘက်မျက်ခုံးစွန်းတွင် ပြတ်ရှဒဏ်ရာ တစ်ချက်ရရှိခဲ့သဖြင့် ရဲဆေးစာဖြင့် ဖဒိုတိုက်နယ်ဆေးရုံသို့ အတွင်းလူနာ(မစိုးရိမ်ရ) အဖြစ် ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ်၊ ဖဒိုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး အုပ်စုဖွဲ့ အနိုင်ကျင့်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ချင်းတွင်းမြစ်ကမ်း ကိုင်းတောအတွင်းမှ တရားမဝင်သစ်များ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

မုံရွာ ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဦးသိန်းတန်နှင့်အဖွဲ့ဝင်များ၊ မုံရွာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ကျော်နှင့် ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျွန်းကြီးကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ သတင်းအရ ဇန်နဝါရီ ၂၂ ရက် နံနက် ၁၂ နာရီခန့်က မုံရွာမြို့နယ် ကျောင်းစုကျေးရွာအနောက်ဘက် သုံးမိုင်ခန့်အကွာ ချင်းတွင်းမြစ်ကမ်းဘေးရှိ ကိုင်းတောအတွင်း ဝင်ရောက်ရှာဖွေရာ တရားမဝင်သစ်မာ/အခြားသစ်လုံး/ ခွဲသား ၁၃ ဒသမ ၉၂၁၈ တန် ပိုင်ရှင်မဲ့သိမ်းဆည်းရမိကြောင်း သိရသည်။

မုံရွာမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့်၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဇန်နဝါရီ ၂၂ ရက်ထိ ဖမ်းဆီးမှု ၈၄ ကြိမ်တွင် တရားမဝင်ကျွန်း၊ သစ်မာ၊ အခြား ၄၄၀ ဒသမ ၇၄၃၄ တန်၊ ပြစ်မှုကျူးလွန်သူ ၄၁ ဦး၊ မော်တော်ကား ၂၆စီး၊ ထော်လာဂျီ ရှစ်စီး၊ ရေယာဉ်ရှစ်စင်း ဖမ်းဆီးရမိကြောင်းသတင်းရရှိသည်။

ခရိုင် ပြန်/ဆက် (မုံရွာ)

ကုန်တင်ယာဉ် ချောက်ထဲထိုးကျ၍ လူနှစ်ဦးသေဆုံး

ရေတာရှည် ဇန်နဝါရီ ၂၆

ရေတာရှည်မြို့ အနောက်ဘက် ၂၅ မိုင်ခန့်အကွာ ဆွာကြိုးပြင်တောအမှတ်(၅) မြို့ကတော်ကျေးရွာအနီးရှိ သစ်ထုတ်လမ်းတွင် ဇန်နဝါရီ ၂၅ ရက် နံနက် ၂ နာရီခွဲက ၁၀ ဘီးကုန်တင်ယာဉ်တစ်စီး အရှိန်လွန်၍ ပေ ၁၀၀ ခန့်နက်သည့် ချောက်အတွင်း ထိုးကျတိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်၌ လိုက်ပါလာသောအလုပ်သမားနှစ်ဦး သေဆုံးသွားခဲ့သည်။

ယာဉ်မောင်းစိုးမြင့်လင်း(၂၇ နှစ်) အင်ဒိုင်းကျေးရွာနေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ကုလားလေး (၂၀ နှစ်) ထောက်ကြန့်ကွင်းကျေးရွာ ဆွာမြို့နေသူလိုက်ပါလာသည့် နီဆန်း ၁၀ ဘီး ကုန်မပါယာဉ်၏နောက်တွင် အလုပ်သမားများဖြစ်သော ကိုရင်လေး(၄၃နှစ်) ဆွာမြို့မြောက်ပိုင်း (၅) ရပ်ကွက်၊ ဝင်းဌေးဦး(၃၇ နှစ်) ထောက်ကြန့်ကွင်းရွာ ဆွာမြို့နေသူတို့လိုက်ပါစီးနင်းခဲ့ကြပြီး မရိုးခုံကျေးရွာအနောက်မြောက်ဘက် ၁၂ မိုင်ခန့်အကွာ၊ မြို့ကတော်ကျေးရွာအနီးရှိ သစ်ထုတ်ကားလမ်းအတိုင်း မောင်းနှင်လာစဉ် အရှိန်လွန်ကာ အနက်ပေ ၁၀၀ ခန့်ရှိ ချောက်အတွင်း ထိုးကျတိမ်းမှောက်သွားခဲ့သည်။ ယာဉ်ထိုးကျတိမ်းမှောက်မှုကြောင့် ယာဉ်နောက်တွင် စီးနင်းလိုက်ပါလာသော ကိုရင်လေးနှင့် ဝင်းဌေးဦးတို့နှစ်ဦးမှာ ယာဉ်ပေါ်ကနေပြုတ်ကျ၍ ကားနှင့်ကြိတ်မိပြီး ဒဏ်ရာများ အသီးသီးရရှိကာ သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ရှောင်လေဝေးဝေး မူးယစ်ဆေး

ဆောင်းပါး

အရိုးပေါ်အရွက်မလွှမ်းသော မြန်မာ့တိုင်းရင်းဆေးစွမ်းများ

ဒေါက်တာ ဝင်းငွေအောင်

တိုင်းရင်းဆေးပညာဟူသည် မိမိတို့နိုင်ငံတစ်ခုတည်းတွင်သာရှိသော ပညာရပ်မဟုတ်ပါ။ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် မိမိတို့နိုင်ငံနှင့် သက်ဆိုင်သော တိုင်းရင်းဆေးပညာရပ် အသီးသီးရှိကြပါသည်။ သက်ဆိုင်ရာနိုင်ငံများ၏ မိရိုးဖလာကုထုံးများလည်း ဖြစ်ခဲ့ကြသည်။ မြန်မာ့တိုင်းရင်းဆေးပညာရပ်သည်လည်း ရှေးမြန်မာများ၏ ကုထုံးအသီးသီးကို လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ပြီး ရိုးရာအမွေအနှစ်တစ်ခုအဖြစ် ယနေ့တိုင်တည်ရှိခဲ့ရခြင်း ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲများ၏ ချီးမြှင့်အားပေးမှု၊ တိုင်းရင်းဆေးပညာလောကမှ သမားတော်ကြီးများ၏ လက်ဆင့်ကမ်းသယ်ဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနမှ တိုင်းရင်းဆေးပညာဦးစီးဌာန၏ ကြိုးပမ်းအားထုတ်မှုတို့ဖြင့် အဓွန့်ရှည်တည်တံ့ခဲ့ခြင်းဖြစ်ပါသည်။ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တိုင်းရင်းဆေးဝါးများ စနစ်တကျ ထုတ်လုပ်နိုင်ရေးအတွက် ထိန်းသိမ်းထားရှိခြင်း၊ တိုင်းရင်းဆေးသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရှေးဟောင်း ပေပုရပိုက်များမှ မူရင်းတိုင်းရင်းဆေးစာပေများကို အီလက်ထရွန်နစ်မှတ်တမ်း၊ စာအုပ်မှတ်တမ်းများအဖြစ် မှတ်တမ်းတင် ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် သက်ဆိုင်ရာ တိုင်းရင်းဆေးပညာရပ်များအား အရိုးကိုအရွက်မဖုံးစေဘဲ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ယဉ်ကျေးမှုအမွေအနှစ်ကို မပျောက်မပျက် ထိန်းသိမ်းခြင်း ဖြစ်ပါသည်။ တိုင်းရင်းဆေးဝါးများကိုမူ ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်လာခဲ့ကြပါသည်။ သဘာဝဆေးပင်ဆေးမြစ်များကို အမှုန့်အဖြစ် အသုံးပြုရာမှ တစ်ဆင့် ဆေးပြား၊ ဆေးတောင့်၊ ဆေးလုံးများအဖြစ် ပြုပြင်ထုတ်လုပ်လာပြီး သောက်သုံးသူ အဆင်ပြေရေးအတွက် ကြိုးပမ်းလာပြီ ဖြစ်ပါသည်။

သဘာဝတိုင်းရင်းဆေးများသည် ပင်ကိုအားဖြင့် အာနိသင် ထိရောက်မှု ရှိသောကြောင့် ရှေးခေတ်လူသားတို့မှသည် ယနေ့ခေတ်တိုင်အောင် သုံးစွဲနေကြရသည်မှာ အငြင်းပွားဖွယ်ရာ မရှိပါ။ ဆေးပင်၊ ဆေးပစ္စည်းတို့၏ စစ်မှန်မှု၊ သန့်စင်မှု၊ ဆေးချိန်ဆေးညွှန်းစနစ်တကျ ဖြစ်ရေးသည်သာ အရေးကြီးသောအချက်ဖြစ်ပေသည်။ ထို့အပြင် ရိုးရာဆေးပင်၊ ဆေးပစ္စည်း၊ သဘာဝသစ်ဥသစ်ဖုတို့ မပျောက်ပျက်စေရေးကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ ထို့အတွက် နိုင်ငံတစ်ဝန်းလုံးတွင် တိုင်းရင်းဆေးဥယျာဉ်များကို နိုင်ငံတော်၏ အစီအစဉ်ဖြင့် ထိန်းသိမ်းစိုက်ပျိုးလျက်ရှိပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာ မူလဖြစ်သော နယကြီးလေးပါးကို မဏ္ဍိုင်ပြုသော တိုင်းရင်းဆေးပညာ သင်ကြားမှုကိုလည်း မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်ကြီးတွင် ထိထိရောက်ရောက် သင်ကြားပေးလျက်ရှိပြီး တိုင်းရင်းဆေးသမားတော်များကို နှစ်စဉ်စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိပေသည်။ တိုင်းရင်းဆေးရုံများ၊ ဆေးကုခန်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် နှစ်စဉ်တိုးချဲ့ဖွင့်လှစ်လျက်ရှိပါသည်။

ယနေ့ခေတ်ကာလသည် ကမ္ဘာ့ရွာဖြစ်တည်မှုနှင့်အညီ မိမိတို့နိုင်ငံတစ်ခုတည်းဖြင့် သီးခြားရပ်တည်၍ မရနိုင်တော့ပါ။ မိမိတို့၏ ပညာရပ်သည်လည်း အာဆီယံနိုင်ငံများအဆင့်၊ ကမ္ဘာ့နိုင်ငံများအဆင့်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်အတွက် စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ မိမိတို့၏ ရတနာကို ကမ္ဘာ့ဇာတ်ခုံပေါ်တွင်လည်း ရဲရဲဝံ့ဝံ့ ပြသနိုင်ရန် လိုအပ်ပါသည်။ လက်ရှိအနေအထားအရ အာဆီယံနိုင်ငံများအကြား စံအရည်အသွေးများ တညီတညွတ်တည်းဖြစ်ရေးအတွက် ညှိနှိုင်းကြသည့် လုပ်ငန်းစဉ်များတွင် တိုင်းရင်းဆေးဝါးများနှင့် ပတ်သက်သော စံအရည်အသွေး ညှိနှိုင်းမှုကို ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာလျှင် မြန်မာ့တိုင်းရင်းဆေးဝါးများကို မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများတွင်ပါ ဈေးကွက်ချဲ့ထွင်နိုင်မည် ဖြစ်ပါသည်။ မြန်မာ့ဆေးစွမ်းဖြင့် မြန်မာတို့၏ ဂုဏ်သိက္ခာကို တိုးမြှင့်စေနိုင်မည် ဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံများတွင် တိုင်းရင်းဆေးဝါးများသည် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၌ အဓိကနေရာ၌သော် လည်းကောင်း၊ ဖြည့်စွက်ကုသကုထုံး အနေဖြင့်သော်လည်းကောင်း တည်ရှိလျက် ရှိနေပါသည်။ တိုင်းရင်းဆေးပညာရပ်သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် တည်ရှိလျက်ရှိပြီး အသုံးပြုသူများမှာလည်း တိုးပွားလျက်ရှိလာပါသည်။ လူတိုင်း လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အရည်အသွေးပြည့်မီသော၊ ဘေးဥပဒ်ကင်းသော၊ ထိရောက်သည့် စွမ်းရည်ရှိသော တိုင်းရင်းဆေးဝါးများဖြင့် ဖြည့်စွက်ကုသမှုများ ဆောင်ရွက်ကုသပေးလျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလည်း ၂၀၀၉ခုနှစ် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ကြေညာချက် (WHO 62.13) ပေါ်တွင် အခြေတည်၍ ၂၀၁၄-၂၀၂၃ တိုင်းရင်းဆေးပညာဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။ အဆိုပါမဟာဗျူဟာတွင် မူလမျှော်မှန်းချက် နှစ်ခုပါရှိသည်။ ပထမအချက်မှာ ပြည်သူအခြေပြုသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးပညာရပ်နှင့် ကုထုံးများကိုလည်း ထည့်သွင်းသွားနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများကို အကူအညီပေး ဆောင်ရွက်ရန်ဖြစ်သည်။ ဒုတိယအချက်မှာ တိုင်းရင်းဆေးဝါးထွက်ကုန်များ၊ တိုင်းရင်းဆေးကုထုံးများ၊ တိုင်းရင်းဆေးသမားတော်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းညှိ၍ ဘေးကင်းပြီး ထိရောက်သော ကုသမှုများရရှိစေရန်အတွက် အားဖြည့်ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ မဟာဗျူဟာ မူလမျှော်မှန်းချက် အောင်မြင်စေရေးအတွက် ရည်ရွယ်ချက် သုံးခုထားရှိခဲ့ပါသည်။

(၁) အထောက်အထားအခြေခံသော အမျိုးသားဆိုင်ရာ တိုင်းရင်းဆေးမူဝါဒများ တည်ဆောက်ရန်။

(၂) အန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီပြီး ထိရောက်သော ကုသမှုများ ရရှိစေရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများဖြင့် ထိန်းချုပ်ဆောင်ရွက်သွားရန်။

(၃) တိုင်းရင်းဆေး ကုထုံးများကို လူတိုင်း လက်လှမ်းမီနိုင်သည့် သာတူညီမျှ ကျန်းမာရေးလွှမ်းခြုံစနစ်အတွင်း တစ်သားတည်း ပါဝင်ဆောင်ရွက်စေရန်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါ ရည်မှန်းချက်များအပေါ်တွင် အခြေခံ၍ တိုင်းရင်းဆေးပညာဖြင့် ပတ်သက်ပြီး ပြည်သူများ၏ ယုံကြည်ကိုးစားမှု ပိုမိုရရှိလာစေရေးနှင့် သိပ္ပံနည်းကျ မှတ်ကျောက်တင်နိုင်သော ပညာရပ်အဖြစ်ပေါ်ပေါက်လာစေရန် ကြိုးပမ်းသွားရမည်ဖြစ်ပါသည်။ ထို့အတွက် သုတေသနလုပ်ငန်းများတွင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တွန်းအားပေးဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ သို့မှသာလျှင် အထောက်အထားအပေါ်တွင် အခြေခံသော (evidence base) ကုထုံးများ ပေါ်ပေါက်လာသကဲ့သို့ အရည်အသွေးပြည့်ဝပြီး ဘေးဥပဒ်ကင်းစင်သော ဆေးဝါးများ ပိုမိုထွက်ပေါ်လာမည် ဖြစ်ပါသည်။

> မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သော တိုင်းရင်းဆေးပညာရပ်၏ အရှည်တည်တံ့ ခိုင်မာမှုနှင့်အတူ နိုင်ငံတကာတွင် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို တင့်တင့်တယ်တယ် ပေါ်ပေါက်နေစေရေးအတွက် လုံ့လစိုက်ထုတ်ကြရမည်ဖြစ်

မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သော တိုင်းရင်းဆေးပညာရပ်၏ အရှည်တည်တံ့ ခိုင်မာမှုနှင့်အတူ နိုင်ငံတကာတွင် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို တင့်တင့်တယ်တယ် ပေါ်ပေါက်နေစေရေးအတွက် လုံ့လစိုက်ထုတ်ကြရမည် ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ညီတူညီမျှ ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက မဝေးလှသော အနာဂတ်တွင် မြန်မာ့တိုင်းရင်းဆေးပညာ၏ ထွန်းလင်းတောက်ပလာမှုကို မြင်တွေ့ကြရမည်ဖြစ်ပါတော့သည်။ ။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရည်ချွန်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်က နေပြည်တော် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးဇော်ဝင်းက ပညာရည်ချွန် ဆုရရှိသူ ဆဋ္ဌမတန်းမှ မမေရှုပါအေးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ရော်ဘာခြံ၌ အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားသုံးဦးအား သေနတ်သမားများပစ်သတ်

ချိုင်ဘူရီ ဇန်နဝါရီ ၂၆

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင် ချိုင်ဘူရီမြို့နယ် (Chai-buri)၊ စိုင်ထောင်ရပ်ကွက် (Sai Thong)၊ ၅ လမ်းရှိ ရော်ဘာခြံတစ်ခု၌ အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမား သုံးဦးအား ဇန်နဝါရီ ၂၃ ရက် ဒေသစံတော်ချိန် ည ၈ နာရီခွဲခန့်က သေနတ်သမားများက ပစ်ခတ်ခဲ့ကြသဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ရကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myan-mar Association in Thailand) မှ ဆက်သွယ်ပြောချက်အရ သိရသည်။

သေဆုံးသူများမှာ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေ ဓမင်းဆိပ် စံပြကျေးရွာမှဖြစ်ကြပြီး (၁၃နှစ်)အရွယ် မောင်ချစ်ဖူးနှင့် (၁၀ နှစ်)အရွယ် ကိုကျော်ထူးတို့မှာ (အဖ) ဦးဝင်းကြည်နှင့် (အမိ)ဒေါ်ညွှစ်တစ်တို့၏ သားများဖြစ်ကြကြောင်း သိရသည်။ (၂၂ နှစ်) အရွယ် ကိုဆန်းမင်းမှာ (အဖ) ဦးဒညင်းပုန်းနှင့် (အမိ)ဒေါ်ခင်ချိုတို့၏ သားဖြစ်ပြီး သေဆုံးသူအားလုံးမှာ တစ်ရွာတည်းသားများဖြစ်ကြောင်းနှင့် သေဆုံးသူ ကိုဆန်းမင်းမှာ ခြံဖွန်မြို့နယ် လမဲအရပ်၌ ရော်ဘာခြံစ်နေရာမှ မိုင် ၁၀၀ ခန့်ကွာဝေးသည့်အဆိုပါ အခင်းဖြစ်ပွားရာနေရာသို့ အခင်းမဖြစ်ပွားမီ နှစ်နာရီခွဲ အရင် ကြိုရောက်ခဲ့ခြင်းဖြစ်ကာ ဒေသစံတော်ချိန် ည ၈ နာရီခွဲခန့်က အသတ်ခံရသဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။

သေဆုံးသူ မြန်မာအလုပ်သမားသုံးဦးစလုံးမှာ ထိုင်းနိုင်ငံအတွင်း တရားဝင် အလုပ်လုပ်ကိုင်ခွင့် လက်မှတ် ကိုင်ဆောင်ထားသူများဖြစ်သည်ဟု ဒေသခံများကပြောကြောင်း၊ အခင်းဖြစ်သည့်ညက ထိုင်းနိုင်ငံသားလေးဦးခန့် အဆိုပါခြံအတွင်းသို့ ဝင်ရောက်သွားခဲ့သည်ကို မြန်မာအလုပ်သမားများမှ တွေ့မြင်လိုက်ကြောင်း၊ ဒေသစံတော်ချိန် ည ၉ နာရီဝန်းကျင်ခန့်တွင် အခင်းဖြစ်ပွားခဲ့သည့် ခြံအနီးရှိ မြန်မာအလုပ်သမားများမှ သေနတ်သံ ၁၅ ချက်ခန့်ကြားခဲ့ရသည့်အတွက် ခြံပိုင်ရှင်များအား အကြောင်းကြားခဲ့ကြောင်း၊ ဒေသစံတော်ချိန် ည ၁၀ နာရီကျော်ခန့်၌ ထိုင်းရဲတပ်ဖွဲ့ဝင်များ၊ ခြံပိုင်ရှင်နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာကြသည်ကို သိရကြောင်း၊ ထိုင်းအာဏာပိုင်များအနေဖြင့် အဆိုပါ အခင်းဖြစ်ပွားရာ နေရာအတွင်းရှိ သက်သေအထောက်အထားများအား မီးရှို့ဖျက်ဆီးခဲ့ကြသည်ဟု မြန်မာနိုင်ငံသားတစ်ဦးက အကြောင်းကြားလာခဲ့ကြောင်း၊ သေဆုံး မြန်မာအလုပ်သမားများ၏ အလုပ်ရှင်ကလည်း လိုအပ်သည့် သတင်းအချက်အလက်များ ပြောကြားရန် ငြင်းဆန်နေကြောင်း၊ ယင်းအတွက်ကြောင့် အခင်းဖြစ်စဉ်အား နှစ်နိုင်ငံဝန်ကြီးဌာနသို့ ဆက်သွယ်ပေးပို့ထားပြီးဖြစ်ကြောင်းဖြင့် ထိုင်းနိုင်ငံ တောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED မှ ဒါရိုက်တာ ဦးထူးချစ်က ဇန်နဝါရီ ၂၆ ရက် နံနက်က ဆက်သွယ်ပြောကြားသည်။

စိုးဝင်း(SP)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများအား အရေးယူ

သာစည် ဇန်နဝါရီ ၂၆

မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းနေသောကြောင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများကို မြို့လယ်လမ်းပေါင်းဆုံ မီးပွိုင့်အနီးတွင် စစ်ဆေးအရေးယူလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။

စည်းကမ်းလိုက်နာမှုမရှိသော ဆိုင်ကယ် စီးနင်းသူများကို တွေ့ရှိနေရ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာနိုင်ရန် ယခုကဲ့သို့ စစ်ဆေးအရေးယူ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

မောင်ကို(သာစည်)

အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်စစ်တမ်းကောက်ယူခြင်းအား ပြည်သူများသို့အသိပေးခြင်း

အလုပ်သမားများ၏ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးကို အထောက်အကူဖြစ်စေရန်အတွက် အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်များ အခြေအနေစစ်တမ်းကို ၂၆-၁-၂၀၁၅ ရက်နေ့မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် ၁၀၈ မြို့နယ်တွင် အိမ်ထောင်စု ၂၂ ဒသမ ၀၃၂ စုအား စစ်တမ်းကောက်ယူမည်ဖြစ်ပါ၍ ပြည်သူအားလုံးမှ ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း လွှတ်တော်သို့တင်သွင်း

နေပြည်တော် ဇန်နဝါရီ ၂၆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ပြည်ထဲရေးဝန်ကြီးဌာနဆိုင်ရာလုပ်ငန်း(၁)ခု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဆိုင်ရာလုပ်ငန်း (၁)ခု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဆိုင်ရာလုပ်ငန်း (၁)ခု၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနဆိုင်ရာလုပ်ငန်း(၁)ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုင်ရာလုပ်ငန်း(၁)ခု၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုင်ရာလုပ်ငန်း (၁)ခု၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဆိုင်ရာ လုပ်ငန်း(၁)ခု၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဆိုင်ရာ လုပ်ငန်း(၂)ခုနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆိုင်ရာလုပ်ငန်း (၃)ခု စုစုပေါင်းလုပ်ငန်း (၁၂)ခုအတွက် ရန်ပုံငွေစုစုပေါင်းကျပ်သန်း (၁၂၀၄၃ ဒသမ ၇၇၈၅) ခွဲဝေသုံးစွဲထားရှိမှုကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ထို့နောက် **၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း**ကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လွှတ်တော်သို့ တင်သွင်းသည်။

ထိုသို့တင်သွင်းရာတွင် **အခွန်အကောက်မူဝါဒ**နှင့် ပတ်သက်၍ အခွန်ရငွေနှင့်ဂျီဒီပီအချိုး တိုးတက်လာစေရန်၊ အခွန်အခြေခံချဲ့ထွင်ရန်၊ အခွန်ကင်းလွတ်ခွင့်နှင့် အခွန်လျှော့ပေါ့သက်သာခွင့်များကို ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျစိစစ်ခွင့်ပြုရန် အခြေအနေများကိုလည်းကောင်း၊ **အသုံးစရိတ်မူဝါဒ**နှင့်ပတ်သက်၍ ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များကို ဆက်လက်မြှင့်တင်သုံးစွဲရန်၊ ပြည်သူလူထုကို ချက်ချင်းလက်ငင်းအကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်၊ ဝန်ထမ်းခန့်အပ်မှုများ စနစ်တကျစိစစ်ခန့်အပ်ရန်၊ စီမံကိန်းများတွင် ဦးစားပေးအဆင့်ခွဲခြား၍ လတ်တလော မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊ ပစ္စည်းဝယ်ယူမှုများအား ခြိုးခြံချွေတာသုံးစွဲရန်၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား သွက်လက်ထက်မြက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများကို သင့်တင့် မျှတစွာ လစာတိုးမြှင့်ပေးရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန် ထည့်သွင်းရေးဆွဲထားမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း**နှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများ၏ သာမန် ရငွေ၊ ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့၏ ယမန်နှစ်ပြုပြင်ပြီးခန့်မှန်းခြေနှင့်နှိုင်းယှဉ်ချက်၊ ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများ၏ စုစုပေါင်းရငွေ၊ စုစုပေါင်းအသုံးစရိတ်၊ လိုငွေတို့၏ ယမန်နှစ် ပြုပြင်ပြီး ခန့်မှန်းခြေနှင့် နှိုင်းယှဉ်ချက်နှင့် ပြည်ပအကူအညီရငွေ၊ ချေးငွေနှင့် သုံးစွဲမည့်အခြေအနေများကိုလည်းကောင်း၊ **နိုင်ငံ့ဝန်ထမ်းများလစာတိုးမြှင့်ရေးကိစ္စ**နှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများ အခမဲ့ဆေးကုသပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၏ အသုံးစရိတ်တွင် ကျပ်(၃၇ ဒသမ ၄၉၂)ဘီလီယံ ထည့်သွင်းလျာထားမှု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာစရိတ်အတွက် စုစုပေါင်းကျပ် (၂၉၀၁ ဒသမ ၇၆၃) ဘီလီယံသုံးစွဲရန် လျာထားမှုအခြေအနေများကိုလည်းကောင်း၊ **၂၀၁၅-၂၀၁၆ နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေ**နှင့် စပ်လျဉ်း၍ နှစ်အလိုက် ဈေးနှုန်းအရ တစ်မျိုးသားလုံး၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး၊ ပုံမှန်ဈေးနှုန်းရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်း၊ ပြည်ပပို့ကုန်တန်ဖိုး၊ ပြည်ပသွင်းကုန်တန်ဖိုး၊ ကုန်သွယ်မှုပမာဏ စုစုပေါင်းတန်ဖိုး၊ ကုန်သွယ်မှုလိုငွေ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း အခြေအနေတို့အားလည်းကောင်း၊ **ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး**နှင့်ပတ်သက်၍ ဘဏ္ဍာရေးဝန်ကြီးဌာန၊ လွှတ်တော်ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံတို့အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တိုင်းပြည်၏ဘဏ္ဍာရေးပိုင်းဆိုင်ရာများ ပွင့်လင်းမြင်သာမှုရှိရေးကို အထောက်အကူဖြစ်စေရန် နိုင်ငံသားများအတွက် (Citizen's Budget) စာစောင်ကို ပြည်သူလူထုထံဖြန့်ဝေနိုင်ရန် ဆောင်ရွက်သွားမည့်အခြေအနေများကို လည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းများတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာများ**နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်၊ နေပြည်တော်ကောင်စီနှင့်နေပြည်တော်စည်ပင်သာယာရေး ကော်မတီတို့မှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေးဆဋ္ဌမနေ့ကို ဇန်နဝါရီ (၂၇) ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

လက်ရှိ စိုက်ပျိုးစရိတ်ချေးငွေစနစ်အစား ပိုမိုကောင်းမွန်သောချေးငွေစနစ်ဖြစ်စေရေး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေပြင်ဆင်နိုင်ရန်တင်ပြထား

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်၏ **"စာပေဗိမာန်အသင်းကို မူလရည်ရွယ်ချက်အတိုင်း ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက နိုင်ငံသားများ၏ အကျိုးကိုဖြစ်ထွန်းစေနိုင်သည့် နိုင်ငံတကာစာအုပ်များကို ဘာသာပြန်စာအုပ်များအဖြစ်လည်းကောင်း၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာဆိုင်ရာ စာအုပ်စာစောင်များကို စာပေဗိမာန်ထုတ်စာအုပ်များအဖြစ်လည်းကောင်း ထုတ်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာပေဗိမာန်၏ မူလရည်ရွယ်ချက်များနည်းတူ မြန်မာ့စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများနှင့် သက်ဆိုင်သည့် မေးခွန်းများအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **"လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇) အား ဘဏ်တစ်ခုခုတွင် ပေါင်နှံခွင့်ရရှိရန် စိုက်ပျိုးစရိတ်ချေးငွေအား နှစ်လတ်၊ နှစ်ရှည်ချေးငှားနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ချေးငွေထုတ်ပေးရာတွင် ပဲခူးတိုင်းဒေသကြီးတစ်ခုတည်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအမံဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)မူရင်းဖြင့် ထုတ်ချေးပေးခဲ့ခြင်း ရှိသော်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ပုံစံ(၇)မူရင်းရယူ၍ ချေးငွေထုတ်ချေးပေးရမည်ဟု ညွှန်ကြားထားခြင်း မရှိပါသဖြင့် ပဲခူးတိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)မိတ္တူဖြင့်သာ ထုတ်ချေးပေးခဲ့ပါကြောင်း။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပုံစံ(၇)မရှိသေးဘဲ အမှန်တကယ်လုပ်ကိုင်လျက်ရှိသော တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ချေးငွေကို သက်ဆိုင်ရာကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်

စာမျက်နှာ ၉ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၆

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် (၁၀) နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၆) မှ ဦးခင်မောင်လတ်က ဘာသာကူးပြောင်းသူများ အခွင့်အရေးမဆုံးရှုံးစေရန်နှင့် ရှုပ်ထွေးမှုများ မဖြစ်ပေါ်လာနိုင်စေရန် ဥပဒေများ ကြိုတင်ပြဋ္ဌာန်းရန်လိုအပ်ကြောင်း၊ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းခြင်းဖြင့် ယုံကြည်မှုဆိုင်ရာပဋိပက္ခများလျော့နည်းလာပြီး အေးချမ်းတည်ငြိမ်မှုနှင့် အမျိုးသားအကျိုးစီးပွားကို အထောက်အကူပြုကာကွယ်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၆)မှ ဦးခင်မောင်လတ် ဆွေးနွေးစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဒေါက်တာဗညားအောင်မိုးက ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းသည် လွတ်လပ်စွာကိုးကွယ်ခြင်း၊ လွတ်လပ်စွာဘာသာကူးပြောင်းခွင့်ကိုလည်း မထိခိုက်ပါကြောင်း၊ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းနိုင်ရန်ဆောင်ရွက်ခြင်းဖြင့် ပဋိပက္ခများကို လျော့နည်းစေပါကြောင်း၊ ဘာသာပေါင်းစုံ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကိုလည်း အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းပုဒ်မ (၃)(စ)တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနကို ထည့်သွင်းဖွဲ့စည်းသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးစဉ်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး စသည်တို့ကြောင့် တစ်ဦး၏ လွတ်လပ်စွာကိုးကွယ်ခွင့်ကို ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေဖြစ်ရမည့်နေရာတွင် ပြဋ္ဌာန်းလိုက်သည့် ဥပဒေကြောင့် ဘာသာကူးပြောင်းစေရန် တွန်းအားပေးရာဖြစ်စေမည့် ဘေးထွက်ဆိုးကျိုး သက်ရောက်စေမှုကိုလည်း အထူးဂရုပြုချင့်ချိန်ရန် လိုအပ်ပါကြောင်း၊ ကိုးကွယ်ရာ

စာမျက်နှာ ၉ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအောင်မြင်ရေး တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလိုအပ်သဖြင့် မိမိတို့ဝိုင်းဝန်းလုပ်ဆောင်ကြရမည်

နေပြည်တော် ဇန်နဝါရီ ၂၆

စည်းရုံးရေးလုပ်ငန်းဆောင်ရွက်ခြင်းသည် အင်အားစုစည်းညီညွတ်အောင် ဆောင်ရွက်ခြင်းဖြစ်၍ တပ်တွင်းစည်းလုံးညီညွတ်ရေး၊ တပ်နှင့်ပြည်သူ စည်းလုံးညီညွတ်ရေးတည်ဆောက်သွားကြရန်၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စွမ်းပကားဖြင့် ဆောင်ရွက်ရာတွင် စစ်ရေးအမြင် တစ်ခုတည်းသာ မဟုတ်ဘဲ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ နိုင်ငံရေးအမြင်တို့ဖြင့်ကြည့်ပြီး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ချမှတ်ထားသည့် လုပ်ငန်းစဉ်များအောင်မြင်ရန်အတွက် စဉ်းစားဆင်ခြင်ပြီး တိုက်တွန်းခြင်း၊ နှိုးဆော်ခြင်းတို့ဖြင့် ဆောင်ရွက်ရန်လိုကြောင်းဖြင့် တပ်မတော်စည်းရုံးရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေး ခန်းမ၌ကျင်းပပြုလုပ်သည့် တပ်မတော်စည်းရုံးရေးဗဟိုဦးစီးကော်မတီ၏(၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးအမှာစကားပြောကြားရာတွင် ထည့်သွင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တပ်မတော်စည်းရုံးရေးဗဟိုဦးစီးကော်မတီဝင်များ၊ တပ်မတော်စည်းရုံးရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် တပ်တွင်းစည်းလုံးညီညွတ်မှုအတွက် လက်တွေ့ပါသည့် စည်းရုံးရေးလုပ်ငန်းများဖြစ်သည့် စစ်သည်၊ မိသားစုများ၏ စားဝတ်နေရေး၊ သွားလာရေးကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ သက်သာချောင်ချိရေးအတွက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထိရောက်စွာလုပ်ဆောင်ပေးခြင်း၊ ကျန်းမာကြံ့ခိုင်၍ ရွှင်လန်းတက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်ရန် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ဆေးရုံတက်လူနာများကို အားပေးမှုများ ပြုလုပ်ခြင်း၊ ကြိုတင်ကာကွယ်ကုသမှု စသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း၊ ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ပညာရည်မြှင့်တင်ရေး ဆောင်ရွက်မှုများ အလေးအနက်ထား လုပ်ဆောင်ပေးရန်လိုကြောင်း၊ ၎င်းအပြင် တပ်မတော်သားပီသစွာ စစ်သည်တော်ကျင့်ဝတ်အပါး ၆၀နှင့်အညီ ပြုမူနေထိုင်ခြင်း၊ စည်းမျဉ်းစည်းကမ်းဥပဒေများအား စနစ်တကျလိုက်နာခြင်းတို့ဖြင့် ရုပ်ပိုင်းဆိုင်ရာမြှင့်တင်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်ပြင်စည်းလုံးညီညွတ်ရေးအတွက် မိမိနယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရပါက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ခြင်း၊ အချို့နယ်မြေဒေသများ၌ ကျန်းမာရေးနှင့် ပတ်သက်၍ အသိပညာနည်းပါးခြင်း၊ ကျန်းမာရေးဝန်ထမ်းပြည့်စုံစွာ မရှိခြင်း၊ ငွေကြေးတတ်နိုင်မှု မရှိခြင်းတို့ကြောင့် တပ်မတော်က လူအား၊ ငွေအား၊ ပစ္စည်းအား၊ ဉာဏအားတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးခြင်းတို့ဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို ကူညီဖြည့်ဆည်းခြင်း၊ ကျေးလက်နေ ပြည်သူများ၏လူနေမှုဘဝမြင့်မားရေး ဝိုင်းဝန်းလုပ်ဆောင်ခြင်းများကို စေတနာထား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအနေဖြင့် ပြင်ပလူနာ ၅၀၇၅၃ ဦး၊ ဆေးရုံတက် ကုသပေးမှု ၅၁၆၀ တို့အား သက်ဆိုင်ရာနယ်မြေများသို့ သွားရောက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တိုင်းပြည်အတွက် အသက်ပေးသွားခဲ့သည့် စစ်မှုထမ်းများ၏မိသားစုများ၊ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ရသည့် စစ်မှုထမ်းများ၊ တာဝန်ကျေပွန်စွာဖြင့် သက်ပြည့်တာဝန်ထမ်းဆောင်ခဲ့သည့် စစ်မှုထမ်းဟောင်းများအတွက်လည်း စစ်မှုထမ်းဟောင်းအိမ်ရာများ စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း တပ်မတော်တစ်ရပ်လုံးရှိ စစ်သည်၊ မိသားစုများ၏ တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများမှ ကြက်ဥ အလုံးရေ ၇၆ ဒသမ ၇ သန်း ထုတ်လုပ်ခဲ့ပြီး ပြင်ပပေါက်ဈေးထက်လျှော့၍ ရောင်းချပေးနိုင်သဖြင့် သက်သာမှု ကျပ် ၂ ဒသမ ၁၇ ဘီလီယံကျော်၊ ဘဲဥ လုံးရေ ၁ ဒသမ ၉ သန်းမှ သက်သာမှု ကျပ်ငွေ ၁၉ သန်း၊ ကြက်သား ပိဿာ ၂ ဒသမ ၅ သန်းမှ သက်သာ ကျပ်ငွေ ၁၄၆၇ သန်း ၊ ဝက်သားပိဿာ ၁ ဒသမ ၇ သန်းမှ သက်သာမှုကျပ်ငွေ ၁၀၂၇ သန်း၊ အမဲသားပိဿာ ၁ ဒသမ ၁ သန်းမှသက်သာမှုကျပ်ငွေ ၂၆၈ သန်း အပါအဝင် ကြက်ဥ၊ ဘဲဥ၊ ကြက်၊ ဝက်၊ အမဲ၊ ဆိတ်၊ ဘဲ၊ ငါး ရောင်းချမှုမှ တပ်မိသားစုများအတွက် တစ်နှစ်ပတ်လုံး သက်သာမှု ကျပ်ငွေ ၅၈၀၉ သန်းကျော်ရှိခဲ့ကြောင်း၊ ယင်းသို့ တပ်မတော်သားမိသားစုဝင်များ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကြောင့် ဈေးကွက်တွင် စားသုံးမှုနှင့် ထုတ်လုပ်မှုမျှခြေရရှိရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြောင်း၊ ပိုလျှံသည့်ထုတ်ကုန်များကို မိမိတို့နှင့် ဆက်စပ် သည့်ဒေသရှိ ပြည်သူများသို့လည်း သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားမဟုတ်သည့် လူမျိုးရေးထိုးဖောက်ဝင်ရောက်သကဲ့သို့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာများတွင် သက်ဆိုင်ရာဌာနများကို ဥပဒေနှင့်အညီ ကူညီပေးရန်၊ တားဆီးပေးရန်လိုကြောင်း၊ မိမိနိုင်ငံတွင် အမျိုးသမီးဦးရေ ၅၀ ရာခိုင်နှုန်းကျော်ရှိ၍ တပ်မတော်တွင် သင့်လျော်သည့် နေရာ၊ ရာထူးများတွင် ခန့်ထားတာဝန်ထမ်းဆောင်စေခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းအားကို ဖော်ထုတ်ပေးနေကြောင်း၊ ယနေ့အချိန်တွင် အမျိုးသမီး ဗိုလ်မှူးကြီးအဆင့် တပ်မှူးကြီးနှစ်ဦးအပါအဝင် ဗိုလ်မှူးကြီး ၁၄ ဦး၊ ဒုတိယဗိုလ်မှူးကြီး ၄၆ ဦးအပါအဝင် အမျိုးသမီးအရာရှိ ၅၀၀ ကျော်ရှိကြောင်း၊ နှစ်စဉ်လည်း အမျိုးသမီး စစ်မှုထမ်းအရာရှိနှင့် စစ်သည်များ ခေါ်ယူခန့်ထား တာဝန်ပေးမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အတိတ်သမိုင်းတွင် အကြောင်းအမျိုးမျိုး ရှိခဲ့သော်လည်း ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား နေရာပေး၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် ခေါ်ဆောင်နေကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအောင်မြင်စေရန်လည်း တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးမှာ မရှိမဖြစ် လိုအပ်သဖြင့် မိမိတို့ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တွဲဖက်စစ်ရေးချုပ်နှင့်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးတို့က ပညာရေးမြှင့်တင်ပေးမှု၊ စစ်သည်၊ မိသားစုများအတွက် သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုနှင့်တိုင်းရင်းသားပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးမှုများအား အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြဝတီ)

အာဆီယံခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအတွက် အာဆီယံ-တရုတ်၊ ဂျပန်၊ ကိုရီးယား ဗဟိုဌာနများ၏ ကူညီထောက်ပံ့မှုများသည် အကျိုးရှိ

နေပြည်တော် ဇန်နဝါရီ ၂၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် နေပြည်တော် Royal Myanmar Golf Club ၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ် ချစ်ကြည်ရေး ဂေါက်ရိုက်ပြိုင်ပွဲသို့ သွားရောက်၍ ပထမနေ့ပြိုင်ပွဲဝင်များအား တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၁၅ ၏ ပဥ္စမမြောက်နေ့အဖြစ် (၁၄) ကြိမ်မြောက် အာဆီယံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။ **(ယာပုံ)**အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Ms. Du Yill တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကျပ်အတည်းများကို ပူးပေါင်းတိုက်ဖျက်မှု၊ အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခဲ့ပါကြောင်း၊ အာဆီယံအနေဖြင့် ခရီးသွားလုပ်ငန်းတာဝန်သစ္စာနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် ကျင်းပလျက်ရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြပွဲများနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံဒေသတွင်း ကျင်းပလျက်ရှိသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ အစည်းအဝေးများ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြပွဲများသို့ အဆိုပါ မိတ်ဖက် သုံးနိုင်ငံမှ ပါဝင်တက်ရောက်နိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ပြင် အာဆီယံခရီးသွားလုပ်ငန်း မြှင့်တင်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အာဆီယံ-တရုတ်ဗဟိုဌာန၊ အာဆီယံ-ဂျပန်ဗဟိုဌာနနှင့်အာဆီယံ-ကိုရီးယားဗဟိုဌာနတို့၏ ကူညီထောက်ပံ့မှုများသည် အာဆီယံဒေသအတွက် လွန်စွာအကျိုးရှိပါကြောင်း၊ ယနေ့အစည်းအဝေးတွင်လည်း အာဆီယံနှင့်မိတ်ဖက် သုံးနိုင်ငံအကြား ခရီးသွားလုပ်ငန်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေးကြမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့၏ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်နေမှုများကို သုံးသပ်ဆွေးနွေးခဲ့ကြပြီး ခရီးသွားလုပ်ငန်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရှာဖွေရေး၊ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေး၊ ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စရပ်များ၊ အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များ၊ အာဆီယံအပေါင်းသုံးနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးများ၏ ပူးတွဲကြေညာစာတမ်း ထုတ်ပြန်ရေးကိစ္စနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းသည်။ ယင်းနောက် အစည်းအဝေးကို တက်ရောက်လာကြသော အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် ကိုယ်စားလှယ်များက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ခင်းကျင်းလျက်ရှိသော ခရီးသွားလုပ်ငန်း ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

◯ *ကျောဖုံးမှ*

အဆိုပါအဖွဲ့သည် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း၌ ညအိပ်ရပ်နားခဲ့သည်။

ယနေ့ နေ့လယ်ပိုင်းတွင် ဗကသမှ အောင်မှိုင်းဆန်း ဦးဆောင်သည့်အဖွဲ့နှင့် ယင်းမြို့နယ်ရှိ အဖွဲ့အစည်းအချို့ ပူးပေါင်းအင်အား ၂၇၅ ဦးသည် မြင်းခြံမြို့တွင်း လှည့်လည် လမ်းလျှောက်ခဲ့ပြီး ရွာစည်ကျေးရွာအနီးရှိ မြင်းခြံဒီဂရီကောလိပ်သို့ ရောက်ရှိခဲ့ရာ မြင်းခြံဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာကိုကိုမြင့်နှင့် ဆရာဆရာမများက ကျောင်းတွင်းမဝင်ရန် တားမြစ်ခဲ့သော်လည်း ပိတ်ထားသော ကျောင်းတံခါးကို အတင်းတွန်းဖွင့်ဝင်ရောက်ခဲ့ကြောင်း၊ ပင်မကျောင်းဆောင်ရှေ့သို့ ရောက်ရှိပြီး ပင်မကျောင်းဆောင်ရှေ့ရှိ လွှင့်ထူထားသော နိုင်ငံတော်အလံအား ဖြုတ်ချကာ ကျောင်းသားသမဂ္ဂအလံကို လွှင့်ထူခဲ့ကြောင်း၊ ထိုသို့လွှင့်ထူစဉ် ကျောင်းစောင့်သုံးဦးက တားမြစ်သော်လည်း ကျောင်းသားများက တွန်းဖယ်ပြီး ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အလံအား ဖြုတ်ချ၍ ကျောင်းသားသမဂ္ဂအလံအား လွှင့်ထူခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ မြင်းခြံမြို့မရဲစခန်းက နိုင်ငံတော်အလံဥပဒေပုဒ်မ ၁၆အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ဝ၄ဝ)

မြန်မာယူ- ၂၀ အီရန်ယူ ၂၂ အသင်းကိုရှုံးနိမ့်

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် တူရကီနိုင်ငံတွင် လေ့ကျင့်နေသည့် မြန်မာယူ -၂၀ အသင်းသည် ဇန်နဝါရီ ၂၅ရက် မြန်မာစံတော်ချိန် ည ၉နာရီခွဲက အီရန်ယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာယူ-၂၀ အသင်းသည် နန္ဒကျော်၊ အောင်သူ၊ ငြိမ်းချမ်းအောင်၊ သီဟထက်အောင် စသည့်အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး တစ်လုံးတည်းသောချေပဂိုးကို ၈၃မိနစ်တွင် မောင်မောင်စိုးက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ အီရန်ယူ-၂၂ အသင်းအတွက် ဂိုးများကို (၇၊၁၉၊၈၉) မိနစ်များတွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ အီရန်အသင်းသည် ၂၀၁၆ ရီယိုဒီဂျနေရိုး အိုလံပစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းလည်း ဖြစ်သည်။ မြန်မာအသင်းသည် တူရကီနိုင်ငံ၌ ခြေစမ်းပွဲများထပ်မံကစားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်မှ

ကြောင်း စိစစ်ထောက်ခံချက်ဖြင့် ထုတ်ချေးပေးလျက် ရှိပါကြောင်း၊ မြေလွတ်၊ မြေလပ်၊မြေရိုင်း၊ သစ်တောမြေနှင့် စားကျက်မြေများတွင် လယ်ယာစိုက်ပျိုးလျက်ရှိသော တောင်သူများကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ စိစစ်ထောက်ခံချက်၊ သက်ဆိုင်ရာဌာန၏ စိုက်ပျိုးခွင့်ပြုကြောင်းထောက်ခံချက်ဖြင့် ထုတ်ချေးပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးစရိတ် ချေးငွေကို တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၏ **“မြေလွတ်၊ မြေလပ်၊ မြေရိုင်း တစ်ပိုင်တစ်နိုင် လုပ်ပိုင်ခွင့်ကို မည့်သည့်ပုံစံဖြင့် မည်သည့်နေရာသို့ လျှောက်ထားရမည်နှင့် လက်ရှိပုံစံပါ စည်းကမ်းချက်များအားလျှော့ပေါ့၍ သီးခြားပုံတစ်ခု ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ၁၀ ဧကအောက် တစ်ပိုင်တစ်နိုင် လုပ်ပိုင်ခွင့်အတွက် ပုံစံ(၁)ဖြင့် နည်းဥပဒေ ၄ (က) အရ တိုင်းဒေသကြီး၊ ပြည်နယ်မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့သို့ လျှောက်ထားရန်ဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးများမှ လျှောက်ထားလာမှုများကို စုစည်းလျက် တိုင်းဒေသကြီး၊ ပြည်နယ်လုပ်ငန်းအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးသွားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်သူများအတွက် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်ပြီး နည်းဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဧက ၅၀ အထက် လျှောက်ထားသူများ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် ငွေကြေး အင်အားရှိ မရှိကိုသာ ရည်ရွယ်စိစစ်ခြင်းဖြစ်ရာ ကျေးလက်နေ တောင်သူလယ်သမားနှင့် မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးလိုသူများအတွက် ငွေကြေးအင်အားရှိ မရှိဆိုသည့် အချက်အား လျှော့ပေါ့ ဆောင်ရွက်ပေးသွားနိုင်ကြောင်းနှင့် သီးခြားပုံစံ(၁)ခုဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက **“တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် လက်ရှိဆောင်ရွက်နေသော စိုက်ပျိုးရေးစရိတ်ချေးငွေ စနစ်အစား သင့်တင့်သောအရင်း အနှီးများရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည် ချေးငွေရရှိနိုင်ရေးကို ကောင်းမွန်သောချေးငွေ စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းခဲ့ရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးအုန်းသန်းက တောင်သူလယ်သမားများသို့ ငွေထုတ်ချေးရန်လိုအပ်သောရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်မှ အတိုးဖြင့် ချေးယူရပါကြောင်း၊ ချေးငွေသည် ကာလအလိုက် တောင်သူများထံမှ ကောက်ခံပြီးလျှင် မြန်မာ့စီးပွားရေးဘဏ်သို့ ပြန်ဆပ်ရသည့် နှစ်ချင်းဆပ် ချေးငွေအမျိုးအစားဖြစ်ပါကြောင်း၊ ယခုအခါတွင် တောင်သူများထံ၌ ကြွေးကျန်ရှိလာခြင်း၊ သမဝါယမ ဝန်ကြီးဌာနကလည်း လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျချေးငွေစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လက်ရှိဆောင်ရွက်နေသော စိုက်ပျိုးစရိတ်ချေးငွေစနစ်အစား သင့်တင့်သော အရင်းအနှီးများရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများ ရရှိနိုင်ရေးကို ပိုမိုကောင်းမွန်သော ချေးငွေစနစ် ဖြစ်စေရေးအတွက် လက်ရှိတည်ဆဲမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေကို ပြင်ဆင်နိုင်ရန် ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုအဆိုကို မှတ်တမ်းတင်ထားရှိသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်မှ

ဘာသာကွဲပြားသည့် တိုင်းရင်းသားများ၏ စိုးရိမ်ပူပန်မှုများကိုလည်း အလေးအနက်ထား ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဂတိတရားကင်းရှင်းပြီး အနှစ်သာရ ပြည့်ဝသည့် ဥပဒေတစ်ရပ်ဖြစ်စေရန် အလျင်စလို ဆောင်ရွက်ခြင်းထက် ကျယ်ပြန့်စွာ ညှိနှိုင်းသုံးသပ် ရေးဆွဲပြီးမှသာ အတည်ပြုသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သိန်းလွင်က ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေသည် လူသားတိုင်းလွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများနှင့် ကိုက်ညီပါကြောင်း၊ ဥပဒေကြမ်းကို အသေးစိတ်လေ့လာမည်ဆိုလျှင် ကိုးကွယ်ရာဘာသာ တစ်ခုမှ တစ်ခုသို့ လွတ်လပ်စွာကူးပြောင်းခွင့်ရှိသည့်အပြင် ကူးပြောင်းမှုအရေးအတွက်ကိုလည်း ကန့်သတ်ထားခြင်းမရှိပါကြောင်း၊ ကိုးကွယ်ရာဘာသာကူးပြောင်းမှုအား ဟန့်တားခြင်း၊ ပိတ်ပင်ခြင်း၊ နှောင့်ယှက်ခြင်းတို့အား တားမြစ်ထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းသည် ဘာသာကူးပြောင်းမှုအတွက် တစ်ခုနှင့်တစ်ခုအကြား အထင်အမြင်လွဲမှားပြီး မလိုလားအပ်သည့် ပြဿနာများ မပေါ်ပေါက်စေရေးအတွက် ကူးပြောင်းမှုကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးသည့် ဥပဒေကြမ်းဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဉာဏ်လင်းက ဥပဒေမူကြမ်းအချို့အား ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း ဆွေးနွေးပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃) မှ ဦးဖုန်းမြင့်အောင်က ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေမူကြမ်းအား ပြုပြင်ပြောင်းလဲရေးဆွဲသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးဂျေယောဝူတို့က ကိုးကွယ်ရာဘာသာကူးပြောင်းခြင်း ဥပဒေမူကြမ်းအား ကန့်ကွက်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်မည့်အစည်းအဝေး သတ္တမနေ့တွင် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❀ ***ကျောဖုံးမှ***

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ မဏိပူရ်ပြည်နယ်မှ မစ္စဟီမိုလာတာဒေဝီ ဦးဆောင်သည့် ယဉ်ကျေးမှုအဖွဲ့ က အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားမှူးများက ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

❖ ***ကျောဖုံးမှ***

ပြိုင်ပွဲဝင်မည့် မြန်မာပိုက်ကျော်ခြင်းအသင်းတွင် ကစားသမားများအဖြစ် အမျိုးသား ဖြိုးဝေဦး၊ ခိုင်မင်းကို၊ နိုင်လင်းအောင်၊ သန့်ဇင်ဦး၊ ထူးအောင်ကျော်၊ အမျိုးသမီး အေးအေးသန်း၊ နန်းယဉ်ယဉ်မြင့်၊ အိသဥ္စာ၊ နွယ်နွယ်ထွေးနှင့် ကေဇင်ထွဋ်တို့ ပါဝင်ကြသည်။ ယခု စူပါစီးရီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို အမျိုးသား ရှစ်သင်း၊ အမျိုးသမီး ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအမျိုးသားအသင်းမှာ အုပ်စု (က)၌ ထိုင်း၊ ဂျပန်၊ တောင်ကိုရီးယား၊ မြန်မာအမျိုးသမီးအသင်းမှာ အုပ်စု(ခ)၌ ထိုင်း၊ ဂျပန်၊ အသင်းတို့နှင့်အတူ ပါဝင်လျက်ရှိသည်။ ယင်းပြိုင်ပွဲကို မလေးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အာရှဖလား တောင်ကိုရီးယားဗိုလ်လုပွဲတက်

သြစတြေးလျနိုင်ငံ၌ ကျင်းပသည့် အာရှဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် တောင်ကိုရီးယားနှင့် အီရတ်တို့ ဇန်နဝါရီ ၂၆ ရက်က ယှဉ်ပြိုင်ကစားကြရာ တောင်ကိုရီးယားက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဒုတိယအကြိုဗိုလ်လုပွဲကို ဇန်နဝါရီ ၂၇ ရက် ညနေ ၃နာရီခွဲတွင် သြစတြေးလျနှင့် ယူအေအီးတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **သီဟ-ရေးသည်**

အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

အာဆီယံ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများ သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ အာဆီယံနိုင်ငံများမှ ခရီးသွား လုပ်ငန်းဆိုင်ရာဝန်ကြီးများ၊ အာဆီယံအပေါင်းသုံးနိုင်ငံများဖြစ်ကြသော တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများမှ ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ကြီး၏ ခရီးသွားလုပ်ငန်းစာရင်းဇယားဆိုင်ရာ လေ့လာမှုများအရ ၂၀၁၃ ခုနှစ်အတွင်း အာဆီယံဒေသသို့ ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှုသည် ၉၉ သန်းကျော်ရှိပြီး ရာခိုင်နှုန်းအားဖြင့် သုံးရာခိုင်နှုန်းတိုးတက်လာခဲ့ပါကြောင်း၊ အာဆီယံဒေသတွင်း ခရီးသွားများအနေဖြင့် ပြင်ဆင်လုပ်ဆောင်နိုင်မည့် လမ်းညွှန်ချက်များကို www.aseantssrc.org တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း၊ ထို့ပြင် အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာဝန်ကြီးများအနေဖြင့် အာဆီယံအပေါင်း သုံးနိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့၏ အာဆီယံ ခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးအတွက် ကူညီထောက်ပံ့မှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံ ခရီးသွားဖိုရမ် (ATF) ၂၀၁၅ ကို ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်း ပြည်ပမီဒီယာများ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

● ***ရှေ့ဖုံးမှ***

တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ကာ စတီးလ်ဘောက်ကိုယ်ထည်ကို ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်ကြောင်းသိရသည်။ တံတားခံနိုင်ဝန် အလေးချိန်သည် ၇၅ တန်ဖြစ်ပြီး ၈ ဒသမ ၅ မီတာ ကျယ်ဝန်းကာ လူသွားလမ်းသည် တစ်ဖက် နှစ်မီတာစီ ကျယ်ဝန်းမည်ဖြစ်သည်။ ရေလမ်းကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမှတ်မှ ၅ ဒသမ ၉၉ မီတာ ရှိကာ ရေလမ်းကင်းလွတ် အကျယ်သည် ၁၀၀ မီတာရှိမည်ဖြစ်ကြောင်း သိရသည်။

“ ဒီတံတားသစ်ကို အရင်တံတားဟောင်းနဲ့အပြိုင် ထပ်မံတည်ဆောက်ဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ ရန်ကုန်မြို့မှာဖြစ်နေတဲ့ ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက် ဖြေလျှော့ပေးနိုင်ဖို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဦးဆောင်ကြီးကြပ်စီစဉ်မှုနဲ့ ကျွန်တော်တို့ကုမ္ပဏီက တာဝန်ယူ တည်ဆောက်တာဖြစ်ပါတယ်။ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကို ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံး နေ့ရောညပါ ဆောင်ရွက်နေပါတယ်။ အခုဆိုရင် ရေလယ်တိုင် ခန်းဖွင့်ကျယ်နှစ်ခန်းအတွက် စတင်ဘိုးပိုင်ရိုက်နေပါပြီ” ဟု ငမိုးရိပ်(သုဝဏ္ဏ) တံတားသစ် စီမံကိန်းပရောဂျက် ဒါရိုက်တာ ဦးသန်းဆွေက ပြောကြားသည်။

အဆိုပါ ငမိုးရိပ်(သုဝဏ္ဏ)တံတားသစ်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မြန်မာငွေကျပ် ၉ ဒသမ ၂ ဘီလီယံအကုန်ကျခံ တည်ဆောက်ခြင်းဖြစ်ပြီး ယခုအခါ ပြည်တွင်းအင်ဂျင်နီယာ ၂၅ ဦးနှင့် လုပ်သား ၂၅၀ ကျော်တို့က တံတားသစ်ကြီးအချိန်မီပြီးစီးရေး နေ့ရောညပါ လုပ်ဆောင်လျက်ရှိသည်။ တံတားသစ်ပြီးစီးပါက ယင်းတံတားကို သာကေတဘက်မှ သယ်န်းကျွန်းသုဝဏ္ဏဘက်သို့သွားမည့် ကားလမ်းအဖြစ်အသုံးပြုမည်ဖြစ်ပြီး ယင်းတံတားနှင့်အပြိုင် ယခင်တံတားဟောင်းကို သုဝဏ္ဏဘက်မှ သာကေတတစ်ဖက်ကမ်းသို့ ဖြတ်သန်းနိုင်မည့် တံတားအဖြစ်သွားလာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

“ နိုင်ငံတော်အနေနဲ့ တံတားသစ်တွေ ထပ်မံတိုးမြှင့်ဆောက်လုပ်ပေးတာကောင်းပါတယ်။ ဒါပေမယ့်လည်း တစ်နေ့ထက်တစ်နေ့ ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုက နေရာအနှံ့ဆိုသလို ဖြစ်နေတာပဲ။ မောင်းတဲ့လူတွေအနေနဲ့ ယာဉ်စည်းကမ်းလိုက်နာမှုအားနည်းလို့လည်း အခုလိုလမ်းကျပ်တည်းမှုတွေ ဖြစ်နေတာပါ။ အခုလိုတံတားသစ်တွေ တိုးချဲ့တည်ဆောက်သလို ရန်ကုန်မြို့တွင်း လမ်းတွေကိုလည်း အသစ်တိုးချဲ့ဖောက်လုပ်ရင် ပိုအဆင်ပြေမယ်လို့မြင်တယ်။ အထူးသဖြင့် အခြားနိုင်ငံတွေလို မိုးပျံလမ်းတွေ၊ တံတားတွေဖောက်နိုင်မှ ဒီယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်မယ်လို့ထင်ပါတယ်” ဟု ရန်ကုန်မြို့တွင်းမှ အငှားယာဉ်မောင်း ကိုသက်နိုင်က ပြောကြားသည်။

ယခုအသုံးပြု ဖြတ်သန်းလျက်ရှိသော ငမိုးရိပ်(သုဝဏ္ဏ) တံတားဟောင်းကို ၁၉၈၅ ခုနှစ်က ဂျပန်နည်းပညာဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ နှစ်ပေါင်း ၃၀ ခန့်ကြာမြင့်ခဲ့ပြီးသော်လည်း နေ့စဉ် ယာဉ်အစီးရေ သုံးသောင်းကျော် ကူးလူးဖြတ်သန်းလျက်ရှိသည်။ အဆိုပါ ငမိုးရိပ်(သုဝဏ္ဏ) တံတားသစ်ကြီး တည်ဆောက်ပြီးစီးပါက သယ်န်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ် ယာဉ်လမ်းကြောများသို့ ဖြတ်သန်းသွားလာသော ယာဉ်များအနေဖြင့် ယာဉ်ကျောကျပ်တည်းမှု ပြဿနာကို အထိုက်အလျောက်ဖြေလျှော့ပေးနိုင်ပြီး အချိန်နှင့်တစ်ပြေးညီ လိုရာခရီးသို့ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဆော်ဒီအာရေဗျနိုင်ငံ၏ ဘုရင်မင်းမြတ်King Abdullah bin Abdulaziz Al Saud ကွယ်လွန်သွားပါသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံရုံး၌ ဝမ်းနည်းခြင်းမှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။
(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

မင်းဘူး(စကု)မြို့နယ် မန်းစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

မကွေး ဇန်နဝါရီ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် မန်းစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို**(အပေါ်ပုံ)** ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီက မန်းစက်တော်ရာအတွင်း ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ တက်ရောက်သည်။

အဆိုပါ မန်းစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး သံဃနာယက ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစ္စသာရ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုဒ္ဒိဗလ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ နယ်မြေခံတပ်နယ်နှင့် မကွေး တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် မင်းဘူးခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေဝါဝင်း ရာဇာဝင်းအဖွဲ့များ၊ ဘုရားပွဲလာ အနယ်နယ် အရပ်ရပ်မှ ပြည်သူများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် မန်းစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲဖွင့်ပွဲ အခမ်းအနားကို မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယက ဥက္ကဋ္ဌ ဆရာတော်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက မန်းရွှေစက်တော် ပါဒစေတီတော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက်လာသော ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇနိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇထံမှ ကိုးပါးသီလ ခံယူဆောက်တည်ခဲ့ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် တော်မူသော မေတ္တသုတ်ပရိတ်တော်ကို နာယူသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်စန်းစန်းမြင့်တို့က ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ကပ်လှူပူဇော်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များက ဆရာတော်များအား လှူဖွယ်ဝတ္ထုအစုစုကို ကပ်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အောင်ဩဘာ စာတမ်း ဖတ်ကြားပူဇော်ကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး တက်ရောက်လာသော ဆရာတော်၊ သံဃာတော်များအား အထက်စက်တော်ရာ ကိုးခန်းကြီးတန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

မန်းစက်တော်ရာပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၄ ရက်၊ ၁၃၇၆ ခု တပို့တွဲလဆန်း ၅ ရက်မှ ဧပြီ ၁၈ ရက် (မြန်မာနှစ်ဆန်း ၁ ရက်၊ ကဆုန်လဆန်း ၁ ရက်)အထိ ၈၄ ရက်တိုင်တိုင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ကျော်ဇေယျ

မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်၏ အကြိမ်(၃၀)မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၊ မော်တော်ယာဉ်လိုင်းများ၊ အခြားအသင်းအဖွဲ့များအပါအဝင် ၂၇ သင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ တပို့တွဲလပြည့်နေ့ နံနက် အရုဏ်တက်ချိန်တွင် စေတီတော်ကြီးအား ပန်း၊ ဆီမီး၊ သစ်သီး၊ ထမနဲဆွမ်းများဖြင့် ကပ်လှူပူဇော်မည်။ ပွဲတော်ရက်များတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများက ဓမ္မရက္ခိတဓမ္မာရုံကြီး၌ သုံးညတိုင်တိုင် ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြီး ချီးမြှင့်တော်မူမည် ဖြစ်သည်။

ဖေဖော်ဝါရီ ၄ ရက် နံနက် ၇ နာရီတွင် မဟာဝိဇယစေတီတော် ရင်ပြင်၌ မြတ်စွာဘုရားအမှူးထား၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တရားဟော ဆရာတော်ကြီးများ၊ ဒဂုံမြို့နယ်နှင့် ဗဟန်းမြို့နယ်အတွင်းရှိ ဆရာတော်ကြီးများအပါအဝင် ဆရာတော်ကြီး ၄၅ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

ကိုချစ်

ဝိသုဒ္ဓိမဂ်အဘိဓမ္မာယဉ်ကျေးမှု စာအောင်ပုဂ္ဂိုလ်များ ဆုချီးမြှင့်ပွဲကျင်းပ

ရွှေကျင် ဇန်နဝါရီ ၂၆

သာသနာရေး ဝန်ကြီးဌာနမှ ကျင်းပသော ဝိသုဒ္ဓိမဂ်ဋီကာကျော်၊ အဘိဓမ္မာနှင့် ယဉ်ကျေးမှုစာမေးပွဲနှင့် ဓမ္မဗျူဟာသာသနမာမက အဖွဲ့ချုပ်မှ ကြီးမှူး၍ အဘိဓမ္မာစာမေးပွဲတွင် ထူးချွန်စွာ ဖြေဆိုအောင်မြင်ခဲ့ကြသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ခြေတော်ရွာကျေးရွာရှိ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ သင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်သည်။ ဆက်လက်၍ ရွှေကျင်မြို့ ကျောင်းဝိုင်းဆရာတော် ဘဒ္ဒန္တမဏ္ဍလသီရိထံမှ ဧည့်သည်တော်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နာယကဆရာတော်အရှင်သူမြတ် ၁၀ ပါးတို့အား ကြွရောက်လာကြသော ဧည့်သည်တော်များနှင့် စာအောင်လူပုဂ္ဂိုလ်များက အာမိသပူဇာဆက်ကပ်လှူဒါန်းကာ ကုသိုလ်ကောင်းမှုအစုစုအား ရေစက်သွန်းချအမျှပေးဝေသည်။ ထို့နောက် ဒွါဒသမအကြိမ်မြောက် စာအောင်ဆုနှင်းပွဲကို ဆက်လက်ကျင်းပရာ အဘိဓမ္မာစာမေးပွဲတွင် တိုင်းအဆင့် ထူးချွန်ဆု နှစ်ဆု၊ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော အဘိဓမ္မာစာမေးပွဲတွင် တစ်နိုင်ငံလုံး ဒုတိယဆုရ တစ်ဆုနှင့် အခြားဆုများ အပါအဝင် ဆုပေါင်း ၁၀၀ ဖြေဆို အောင်မြင်သူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

အကြိမ်(၂၀)မြောက် သာသနနုဂ္ဂဟစာမေးပွဲ ရမည်းသင်းတွင် သံဃာ ၅၀၀ နီးပါး ဖြေဆိုလျက်ရှိ

ရမည်းသင်း ဇန်နဝါရီ ၂၆

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြီးမှူးကျင်းပသည့် အကြိမ်(၂၀)မြောက် သာသနနုဂ္ဂဟစာမေးပွဲကို ရမည်းသင်းမြို့ သာသနာ့ဗိမာန်၌ ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီမှစ၍ ဖြေဆိုလျက်ရှိရာ မြို့နယ်တွင်းမှ ပရိယတ္တိစာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် သီလရှင်စာသင်တိုက်များ အပါအဝင် ၅၀၀ နီးပါးခန့် ဖြေဆိုလျက်ရှိသည်။

ဇန်နဝါရီ ၂၄ ရက်က အဆင့်အသီးသီးမှ ဖြေဆိုကြသည့် သံဃာတော်များနှင့် သီလရှင်များမှာ ပထမကြီးတန်း ၂၄ ပါး၊ ပထမလတ် ၄၅ ပါး၊ ပထမငယ်တန်း ၇၈ ပါး၊ တတိယအဆင့် ၆၆ ပါး၊ ဒုတိယအဆင့် ၁၀၃ ပါးနှင့် ပထမအဆင့်တွင် ၁၆၁ ပါး စုစုပေါင်း ၄၇၇ ပါးတို့ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။ ထိုအထဲတွင် ဒုတိယအဆင့်၌ သီလရှင်ခြောက်ပါးနှင့် ပထမအဆင့်တွင် ကျောင်းသား ကျောင်းသူ ၂၈ ဦး ပါဝင်ကြသည်။

(၀၁၁)

အလားအလာကောင်းများ မြင်တွေ့နေရသည့် မြန်မာ့ခရီးသွားလုပ်ငန်း

တွေ့ဆုံမေးမြန်း-ကျော်သဲအိမ်၊ စိုးသူ

သတင်းဓာတ်ပုံ-ဇင်ဦး

နေပြည်တော် ဇန်နဝါရီ ၂၆

"အာဆီယံ-ငြိမ်းချမ်းဝေစည် တွဲလက်ညီ ခရီးသွားလုပ်ငန်းဖြင့် အရောက်လှမ်းချီ" ဟူသော ဆောင်ပုဒ်ဖြင့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန MICC-2 ၌ ကျင်းပလျက်ရှိရာ နိုင်ငံတကာမှ ရောက်ရှိလာသော ခရီးသွားလုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၏ လက်ရှိ ခရီးသွားလုပ်ငန်းအခြေအနေနှင့် ပတ်သက်၍ မြန်မာ့သတင်းစဉ်(နိုင်ငံခြား)မှ တွေ့ဆုံမေးမြန်းခဲ့သည်။

ထိုင်းနိုင်ငံ Trails of Asia ခရီးသွားလုပ်ငန်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ပတ္တတာနီသီ တရတ်ထာက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအခြေအနေမှာ အထူးကောင်းမွန်ကြောင်း၊ ယခုကျင်းပသော ဖိုရမ်မှတစ်ဆင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်တွေ့ဆုံ ဆွေးနွေးကြခြင်းဖြင့် အကျိုးကျေးဇူးများစွာရနိုင်ကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်နိုင်သည့်အချက်မှာ မြန်မာနိုင်ငံသားများသည် ဖော်ရွေပြီး ပွင့်လင်းမှုရှိကြကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် လက်မှုပညာများစွာရှိကြောင်း၊ ပြည်သူများမှာ ယခင်ကထက်များစွာပြောင်းလဲလာကြောင်း၊ မြန်မာနိုင်ငံတွင် လည်ပတ်စရာနေရာများစွာရှိကြောင်း၊ ယင်းအချက်များကပင် ခရီးသွားလုပ်ငန်း တိုးတက်ကောင်းမွန်လာရေးအတွက် အဓိကသော့ချက်များဖြစ်ကြောင်း ဖြေကြားသည်။

ပတ္တတာနီသီ တရတ်ထာ
(မန်နေဂျင်းဒါရိုက်တာ၊ Trails of Asia ခရီးသွားလုပ်ငန်း ကုမ္ပဏီ)

ရှိုနာပတ်တာဝေး
(မန်နေဂျင်းဒါရိုက်တာ၊ Perfect Destinations ခရီးသွားလုပ်ငန်း)

အေယိုအိုရမ်နီယင်
(စီအီးအို၊ Trade Global Marketing Tours)

ထို့နောက် မြန်မာ့သတင်းစဉ်(နိုင်ငံခြား) အဖွဲ့သည် ထိုင်းနိုင်ငံ Perfect Destinations ခရီးသွားလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ရှိုနာပတ်တာဝေးအား မေးမြန်းခဲ့ရာ ၎င်းက "မြန်မာနိုင်ငံသည် ထုတ်ယူသုံးစွဲနိုင်သော သယံဇာတများစွာရှိပြီး ခရီးသွားလုပ်ငန်းတွင် အခြားတိုင်းပြည်များနှင့် ပြိုင်ဆိုင်နိုင်သော အနေအထားရှိသဖြင့် ပိုမိုတိုးတက်ရန် အလားအလာများစွာရှိကြောင်း၊ ယခုဖိုရမ်သို့ လာရောက်သည့် မိမိတို့သည် ခရီးသွားလုပ်ငန်းမှ ဖြစ်ကြသည့်အတွက် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ Royal Nay Pyi Taw နှင့် Kempenski ဟိုတယ်များ၌ ဝန်ဆောင်မှုအထူးကောင်းမွန်သည်ကို တွေ့ရကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများကို လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်နိုင်သော အခြေအနေတွင်ရှိကြောင်း၊ အဓိကမှာ ဘာသာစကားအခက်အခဲဖြစ်ကြောင်း၊ ယခုဖိုရမ်သို့ အာဆီယံလေကြောင်းလိုင်းများအသင်း၊ အာဆီယံဟိုတယ်နှင့် စားသောက်ဆိုင်များအသင်း၊ အာဆီယံ ခရီးသွားလုပ်ငန်းရှင်များအဖွဲ့ချုပ် စသောစီးပွားရေးအဖွဲ့အစည်းများက လာရောက်တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်ကြောင်း၊ ယခုဖိုရမ်အတွက် ပြင်ဆင်ထားရှိမှုမှာ လိုအပ်ချက်မရှိပါကြောင်း၊ ဟိုတယ်၊ ကွန်ဗင်းရှင်းစင်တာနှင့် သယ်ယူပို့ဆောင်ရေးလည်း ကောင်းမွန်ကြောင်း" ဖြေကြားသည်။

ထို့အတူ နိုင်ဂျီးရီးယားနိုင်ငံ Trade Global Marketing Tours မှ စီအီးအိုဖြစ်သူ အေယိုအိုရမ်နီယင်က နေပြည်တော်မြို့တော်သစ် ပေါ်ပေါက်လာခြင်းနှင့်အတူ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အလားအလာများစွာရှိကြောင်း၊ အခြေခံအဆောက်အအုံအနေဖြင့်လည်း စနစ်တကျစီမံထားရှိသည်ကို တွေ့ရကြောင်း၊ မြို့တော်သစ်ဖြစ်သောကြောင့် နိုင်ငံတကာမှသိရှိအောင် သမားရိုးကျမီဒီယာအပြင် လူမှုရေးဝက်ဘ်ဆိုဒ်မှတစ်ဆင့်လည်း လုပ်ဆောင်ရန်လိုကြောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအနေဖြင့် ရန်ကုန်-နေပြည်တော် ပြည်တွင်းခရီးစဉ်အတွက် လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းရန် လိုအပ်ကြောင်း၊ မိမိအနေဖြင့် နေပြည်တော်သို့ လာရောက်ရာတွင် ရန်ကုန်မှတစ်ဆင့် လာရောက်ရသော်လည်း အခက်အခဲ တစ်စုံတစ်ရာမရှိကြောင်း၊ မြန်မာအစိုးရအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရန်ကုန်မြို့အပြင် နေပြည်တော်၌လည်း လာရောက်ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းသည် မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပြီးနောက်ပိုင်း ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများစွာရှိကြောင်း ဖြေကြားသည်။

ပြည်တွင်းသတင်း

အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် ကျွမ်းကျင်သူစားပွဲဝိုင်းဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးရန်ဖိတ်ကြား

နေပြည်တော် ဇန်နဝါရီ ၂၆

မြေအသုံးချမှုနှင့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာအစီအမံများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)ကို ရေးဆွဲပြုစုလျက်ရှိသည်။

အမျိုးသား မြေအသုံးချမှု မူဝါဒ (မူကြမ်း)ကို အကြံပြုချက်များ အပေါ်မူတည်၍ ထပ်မံပြင်ဆင်ပြုစုရန်နှင့် ဝိုင်းဝန်းဆွေးနွေးသုံးသပ်ရန်အတွက် ကျွမ်းကျင်သူ စားပွဲဝိုင်းဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ပထမအကြိမ်ဆွေးနွေးပွဲကို နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီမှစတင်၍ ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီခွဲအထိ ကျင်းပမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးလိုပါက ဦးတင်မောင်သန်း ဒုတိယညွှန်ကြားရေးမှူး သစ်တောဦးစီးဌာန နေပြည်တော် ဖုန်း-၀၆၇-၄၀၅၄၂၊ ၀၉-၂၆၀၁၁၄၁၅၅၊ Fax -၀၆၇-၄၀၅၄၂၈ နှင့် ၀၆၇-၄၀၅၄၂၇၊ email -Luasc.myanmar gmail. com သို့ ဆက်သွယ်ပေးပို့ပါရန်နှင့် မတက်ရောက်နိုင်ပါကလည်း Internet Website http:// www. fdmoecaf.gov.mm/law တွင် ဖတ်ရှုလေ့လာပြီး အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုချက်များ ပေးပို့နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

(၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၆

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ပထမအကြိမ်မှ (၁၃)ကြိမ်မြောက်အထိ ရန်ကုန်မြို့တွင် လည်းကောင်း၊ (၁၄) ကြိမ်မြောက်မှ (၁၉) ကြိမ်မြောက်အထိ နေပြည်တော်တွင် လည်းကောင်း ကျင်းပနိုင်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် နေပြည်တော်၌ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ ကျင်းပခဲ့ခြင်းနှင့် ၂၀၁၄ ခုနှစ်တွင် နေပြည်တော်တွင် အာဆီယံSummit အတွက် ကျင်းပနေခြင်းတို့ကြောင့် (၂၀)ကြိမ်မြောက်နှင့် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများအား ဗဟိုအဆင့် ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်သာ ကျင်းပနိုင်ခဲ့သည်။

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဗဟိုအဆင့်ပြိုင်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ပညာရှင်များ၊ ဝါသနာရှင်များကလည်း ရိုးရာယဉ်ကျေးမှုကို မြှင့်တင်လိုသော ရည်ရွယ်ချက်ဖြင့် ဗဟိုအဆင့်ကျင်းပခွင့်ရရှိရေးအတွက် အားကိုးမျှော်လင့်လျက်ရှိပြီး နိုင်ငံတော်အဆင့် ချီးမြှင့်မည့် ဆုတံဆိပ်များကိုလည်း အားကိုးမျှော်လင့်လျက်ရှိကြောင်းနှင့် မျိုးဆက်သစ်လူငယ်များအတွက်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်ကို ၂၀၁၅ ခုနှစ် မေလအတွင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြစ်ကြီးနားတက္ကသိုလ် စျေးရောင်းပွဲတော်နှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၂၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားတက္ကသိုလ်၏ ဒုတိယအကြိမ်မြောက် ဘာသာရပ်ပေါင်းစုံ စျေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက အဆိုပါတက္ကသိုလ်နယ်မြေအတွင်း ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစိုးဝင်းက စျေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များက စျေးရောင်းပွဲတော်အတွင်း လှည့်လည် ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ စျေးရောင်းပွဲတွင် ဘာသာရပ် ၁၃ ခုမှ မြန်မာ့ရိုးရာမုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ အကြော်၊ ကောက်ညှင်းပေါင်းနှင့် တိုင်းရင်းသားရိုးရာအစားအစာများ၊ ကိုရီးယားအစားအစာများအား တည်ခင်းရောင်းချခဲ့ပြီး တက္ကသိုလ်ကျောင်းသားကျောင်းသူ ၁၅၀၀ ကျော် တက်ရောက်အားပေးစားသုံးခဲ့ကြသည်။

ထို့နောက် နံနက် ၉ နာရီတွင် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပထမနှစ် ကျောင်းသား ကျောင်းသူများအဖြစ် မြစ်ကြီးနား တက္ကသိုလ်တွင် တက်ရောက်မည့် ကျောင်းသားကျောင်းသူ ၁၂၀၀ အား မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစိုးဝင်းက ဆုံးမဩဝါဒ စကားပြောကြားကာ တက်ရောက်လာသော ပါမောက္ခ(ဌာနမှူး)များ၊ တာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ခဲ့ပြီး ဆုံးမဩဝါဒစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

မိုးယံကျ(မြစ်ကြီးနား)

ကျေးလက်ဒေသ အခြေခံမွေးမြူရေးလုပ်သားသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ယနေ့နံနက် ၉ နာရီက ကျေးလက်ဒေသ အခြေခံမွေးမြူရေး လုပ်သားသင်တန်း (CAHW) ဖွင့်လှစ်သည်။

သင်တန်းတွင် မွေးရေး/ကျေးလက်ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ၊ မွေးမြူရေးဘာသာရပ်၊ တိရစ္ဆာန်ဆေးကုသရေး၊ မျိုးမြှင့်သားစပ်ခြင်း၊ မြက်ခင်းဖော်ပြုလုပ်ခြင်း၊ တိရစ္ဆာန်အာဟာရဗေဒဇီဝလုံခြုံရေး၊ ကူးစက်ရောဂါများထိန်းချုပ်ခြင်းဘာသာရပ်၊ စားကျက်စိုက်ပျိုးခြင်း၊ ပေါင်းစည်းလယ်ယာစနစ်၊ တိရစ္ဆာန်ကျန်းမာဖွံ့ဖြိုးဥပဒေ၊ မွေးမြူရေးဘဏ်စနစ်၊ ကာကွယ်ဆေးများ အသုံးပြုခြင်း ဘာသာရပ်များကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၆ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းကို နေပြည်တော်ကောင်စီနယ်မြေ ရွှေမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများတွင် တစ်ပြိုင်နက်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း နေပြည်တော် မွေး/ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိုးက ပြောကြား၍ သင်တန်းသို့ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မျိုးဇေယျာ (ပျဉ်းမနား)

ဟင်္သာတတက္ကသိုလ် ကာယဗလမောင်၊ ကာယအလှမယ်ပြိုင်ပွဲကျင်းပ

ဟင်္သာတ ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတတက္ကသိုလ်၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကာယဗလမောင်၊ ကာယအလှမယ်နှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက် မွန်းတည့် ၁၂ နာရီက ဟင်္သာတတက္ကသိုလ် အားကစားရုံ၌ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိမ်းစိုး၊ ဟင်္သာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းနှင့် ကာယဗလနှင့် ကာယအလှမယ်ဥက္ကဋ္ဌ ဒေါက်တာမိုးမိုးခိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲကိုကျင်းပရာ အကြိုးတန်း၊ အငယ်တန်းခွဲခြား၍ ကာယဗလမောင်ပြိုင်ပွဲတွင် ငါးဦး၊ ကာယအလှမယ် ပြိုင်ပွဲတွင် ၁၃ ဦး၊ ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲတွင် ရှစ်ဦး ပြိုင်ပွဲဝင်ကြသည်။ ဆုရရှိကြသူများအား ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ (ခရိုင် ပြန်/ဆက်)

ဇန်နဝါရီ ၂၁ ရက်က မော်ဘီမြို့နယ် သန္နေပင်ကျေးရွာ (မြောက်ပိုင်း) ခရေလမ်းတွင် TT-6.6/0.4 KV, 200 KVA ထရန်စဖော်မာ တစ်လုံး ဓာတ်အားလွှတ်ခြင်း လုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရာဇာတို့ ဦးဆောင်၍ လိုင်းဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်စဉ်။ (ယခုနှစ်အတွင်း မြောက်ပိုင်းခရိုင်အနေဖြင့် ၁၁၁လုံးမြောက် ထရန်စဖော်မာ တိုးချဲ့တပ်ဆင် ပြီးစီးခြင်းဖြစ်ကြောင်း သိရသည်။) မြင့်လွင်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး(နေပြည်တော်)တွင် အလုပ်လျှောက်ထားလာသူ M.A (Eng) ဘွဲ့ရများအတွက် အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (နေပြည်တော်) တွင်အလုပ်ခန့်ထားရန်အတွက် အလုပ်လျှောက်ထားလာသော M.A (Eng) ဘွဲ့ရများအား အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	ဖြေဆိုမည့် ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
(က)	English	၂၈-၂-၂၀၁၅ (စနေနေ့)	နံနက် ၉ နာရီမှ ၁၂ နာရီထိ	အထက်မြန်မာပြည်တွင် အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့်စာစစ်ဌာန မန္တလေးနည်းပညာတက္ကသိုလ် နှင့် အောက်မြန်မာပြည်တွင် အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့် စာစစ်ဌာန ရန်ကုန်နည်းပညာတက္ကသိုလ်
(ခ)	လူတွေ့စစ်ဆေးခြင်း			ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခံရမည့် သူများစာရင်းအား သက်ဆိုင်ရာစာစစ်ဌာန များတွင် ထပ်မံကြေညာပါမည်။

၂။ ဖြေဆိုမည့်သူများသည် ၂၅-၂-၂၀၁၅ ရက်နေ့ထက် နောက်မကျစေဘဲ သက်ဆိုင်ရာစာစစ်ဌာနများသို့ သတင်းပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ် ၀၂- ၅၇၃၆၃ နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်းနံပါတ် ၀၁- ၅၂၉၆၆၀၊ ၀၆၇-၄၀၄၀၁၇ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်တွင်းသတင်း

နိုင်ငံတော်၏အခြေအနေနှင့် အသင့်လျော်ဆုံးသော ဥပဒေများ အစားထိုးပြင်ဆင်ပြဋ္ဌာန်းခြင်းက အသင့်မြတ်ဆုံးဖြစ်ကြောင်း ပါဝင်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ရှေ့နေချုပ် The Honourable Mr.YuvanJana Wijayatilake, President Counsel ၏ ဖိတ်ကြားချက်အရ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိကျင်းပခဲ့သည့် သီရိလင်္ကာနိုင်ငံ ရှေ့နေချုပ်ရုံး၏ နှစ် (၁၃၀)မြောက် နှစ်ပတ်လည် အခမ်းအနားနှင့် တောင်အာရှ၊ အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ရှေ့နေချုပ်များညီလာခံသို့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံသို့ သီရိလင်္ကာနိုင်ငံသမ္မတ H.E. President Mr. Maithripala Sirisena၊ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် The Honourable Mr.Ranil Wickramasinghe၊ သီရိလင်္ကာနိုင်ငံရှေ့နေချုပ် The Honourable Mr.YuvanJana Wijayatilake, President Counsel အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ရှေ့နေချုပ်များ၊ နိုင်ငံတကာမှ ဥပဒေပညာရှင်များ၊ တက္ကသိုလ်ပါမောက္ခများ၊ သီရိလင်္ကာနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ သံအမတ်ကြီးများ၊ ပညာရေးနှင့် လူမှုအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် အဆိုပါ ရှေ့နေချုပ်များ ညီလာခံသို့ တက်ရောက်နေစဉ်အတွင်း သီရိလင်္ကာနိုင်ငံသမ္မတ H.E. President Mr. Maithripala Sirisena နှင့်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ ရှေ့နေချုပ် The Honourable Mr.YuvanJana Wijayatilake, President Counsel နှင့် လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးပြီးနောက် တောင်အာရှ၊ အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ရှေ့နေချုပ်များနှင့် ဥပဒေပညာရှင်များ ဆွေးနွေးပွဲများသို့လည်း တက်ရောက်ခဲ့ကြသည်။ ပြည်ထောင်စု ရှေ့နေချုပ်သည် တရားဥပဒေ စိုးမိုးရေးနှင့် ပတ်သက်၍ ကမ္ဘာ့ဥပဒေပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ တရားဥပဒေစိုးမိုးရေးဟုခေါ်သော (Rule of Law) သည် တရားမျှတရေး၊ သာတူညီမျှရှိရေး၊ မျှတမှုရှိရေးတို့နှင့် သက်ဆိုင်ပါကြောင်း၊ တရား ဥပဒေစိုးမိုးရေးသည် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးတို့နှင့် စပ်လျဉ်းသော အခန်းကဏ္ဍများ၌လည်း အရေးကြီးပါကြောင်း၊ ကုန်စည် ကူးသန်းရောင်းဝယ်ရာ၌ အသုံးပြုလျက်ရှိသော ကမ္ဘာ့လေကြောင်းနှင့် အာကာသဥပဒေ၊ နိုင်ငံတကာ သင်္ဘောများသွားလာရေး ဥပဒေတို့နှင့်လည်း အကျုံးဝင်ပါကြောင်း၊ တရားဥပဒေစိုးမိုးရာတွင် အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် ပတ်သက်သော အငြင်းပွားမှုများရှိလာပါက နိုင်ငံတကာစီးပွားရေးလောကတွင် လက်ခံကျင့်သုံးလျက်ရှိနေသော United Nations Commission on International Trade Law (UNCITRAL) Rules နှင့် ကုလသမဂ္ဂ၏ အနုညာတစီရင်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်သည့် The United Nations Convention on The Recognition and Enforcement of Foreign Arbitration Award , (New York Convention, 1958)တို့ ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာသည်နှင့်အညီ အနုညာတစီရင်ဆုံးဖြတ်ခြင်း၏ အကောင်းဆုံးသော ယန္တရားများကို လေ့လာရာ၌ New York Convention, 1958 ကို တွေ့ရပါကြောင်း၊ ယခုအခါတွင် နိုင်ငံတော်မှ UNCITRAL နှင့် New York Convention ကို လက်ခံထားပါကြောင်း၊ ဥပဒေအသစ်များပြဋ္ဌာန်းရာတွင် နိုင်ငံတော်၏အခြေအနေနှင့် အသင့်လျော်ဆုံးသော ဥပဒေများကို ပြဋ္ဌာန်းပြင်ဆင်အစားထိုးခြင်းက အသင့်မြတ်ဆုံးဖြစ်ပါကြောင်းဖြင့် ဥပဒေကြောင်းအရ ကျယ်ပြန့်စွာ ပါဝင်ဆွေးနွေးခဲ့သည်။

ထို့အတူ ပြည်ထောင်စု ရှေ့နေချုပ်သည် သီရိလင်္ကာနိုင်ငံ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်တို့နှင့်လည်း သီးခြားတွေ့ဆုံ၍ နိုင်ငံတကာအဆင့်ရှိ အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ နိုင်ငံတကာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ ပြစ်မှုဆိုင်ရာနှင့် တရားမဥပဒေများကို ဖလှယ်ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စု ရှေ့နေချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထမင်းပေါင်းအိုးတည်ရာမှ မီးလောင်မှုဖြစ်

မော်လမြိုင် ဇန်နဝါရီ ၂၆

ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ကျွဲခြံကုန်းရပ်ကွက်အတွင်း မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ဦးဝင်းနိုင် (ယာဉ်နောက်လိုက်) သည် နေအိမ်တွင် လူစောင့်မရှိဘဲ ထမင်းပေါင်းအိုးတည်ထားခဲ့ရာ ပလပ်ခေါင်းမှ တစ်ဆင့် အပူလွန်ကဲပြီး နံရံသို့ မီးကူးစက် လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ မော်လမြိုင် မီးသတ်စခန်းမှ မီးသတ်ယာဉ် ငါးစီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ ရေသယ်ယာဉ် တစ်စီးဖြင့် သန္ဓေနှင့် အရန်မီးသတ်တို့က အချိန်တိုအတွင်း မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်စဉ်ကြောင့် ဦးဝင်းနိုင်၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နေအိမ်တစ်လုံး ဆုံးရှုံးမှု ဖြစ်ပွားခဲ့ပြီး မီးလောင်မှုဖြစ်စဉ်ကို တာဝန်ရှိသူများက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်း-မြတ်မွန်ထွေး**

ဓာတ်ပုံ-ကိုဆက်(မော်လမြိုင်)

မိခင်နေအိမ်ကို မီးရှို့သည့်သား သက်ဆိုင်ရာမှအရေးယူ

မင်းလှ ဇန်နဝါရီ ၂၆

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဆင်မတောင်ကျေးရွာတွင် ဇန်နဝါရီ ၂၅ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ ဖြစ်စဉ်မှာ အဆိုပါနေ့ည ၇ နာရီက ဆင်မတောင်ကျေးရွာနေ ခိုင်စိုး(ခေါ်)ဝင်းအောင်(၂၈ နှစ်)သည် အိမ်ထောင်ရေးအဆင်မပြေသဖြင့် အရက်သေစာသောက်စားမူးယစ်ပြီး ၎င်း၏မိခင်ဖြစ်သူ ဒေါ်ပိုက်တင်၏ သုံးပင် သက်ငယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း နေအိမ်ကို မီးဖြင့်ရှို့ခဲ့သဖြင့် ကျေးရွာသူ ကျေးရွာသားများ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရကြောင်း၊ အဆိုပါ မီးလောင်မှုကြောင့် တန်ဖိုးငွေကျပ် ၂၀၀၀၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အဆိုပါမီးရှို့မှုနှင့် ပတ်သက်၍ ခိုင်စိုး(ခေါ်)ဝင်းအောင်ကို အရေးယူပေးရန် ထိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြိုင်က တိုင်တန်းခဲ့သဖြင့် မင်းလှမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ

သန့်ရှင်းရေးနှင့်ကျောင်းရှင်းများ ...
JAN - 2/9/16/23/30

PGDMA
ENGLISH 4 Skills

7stars
PGDMA (16)
09.421052736, 09.49282366, 09.799860155

BUSINESS ENGLISH & MANAGEMENT
ဆရာ Solomon
(09-541-7781)
for International Jobs, Scholarships
IELTS
Korean
At Song Language School, 365, 3rd Fl,
Your Target Achievement guaranteed!

Ph:09-43136177,
09-253444698,09-798188069

တစ်ချက်တည်းကျင်းဝင်

(ကော့သောင်းဂေါက်ကလပ် ၇ မိုင်၊ ကော့သောင်းမြို့)

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ကော့သောင်းဂေါက်ကလပ် ၇ မိုင် ကော့သောင်း၌ ဦးမင်းလွင်သည် ၎င်း၏ ကစားဖော်များဖြစ်ကြသော ဒု-ဗိုလ်မှူးကြီး ဦးသန်းထိုက်၊ ဦးကျော်အောင်၊ ဦးမြတ်လင်းအောင်၊ ဦးဂေါ်လီတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄)၌ ၁၅၀ကိုက်အကွာမှ Tileist No-4 ဘောလုံးကို Talarmade Iron No.6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း e-Government အတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ e-Government လုပ်ငန်းအတွက်လိုအပ်သည့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်း(၁၃)မျိုးကို ပြည်တွင်းသုံးမြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	7 KVA Voltage Regulator	2 Nos
၂	Modem	10 Nos
၃	24 Port Switch	4 Nos
၄	Cat 6 Cable	2 Nos
၅	Air-con 2HP	9 Nos
၆	Air-con 1.5 HP	7 Nos
၇	Printer	8 Nos
၈	Scanner	13 Nos
၉	Client PC with UPS	17 Nos
၁၀	650W UPS	15 Nos
၁၁	ဖုန်စုပ်စက်	2 Nos
၁၂	Rack	2 Nos
၁၃	ကွန်ပျူတာစားပွဲနှင့်ခုံ	၁၇ စုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၁-၂၀၁၅ရက်မှ ၄-၂-၂၀၁၅ရက်အထိနေ့စဉ် နံနက်၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၄-၂-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၂၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊
၀၆၇-၄၁၂၃၂၇

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုတ်ခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ဆောင်းပါး

သတိပြုဖွယ် လျှပ်စစ်အန္တရာယ်(၁၀)

ဝေယံ

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဟောပြောပွဲကျင်းပစဉ်။

အများပြည်သူ လျှပ်စစ်အန္တရာယ်သတိပြုနိုင်စေရန် အတွက် သတိပြုဖွယ်လျှပ်စစ်အန္တရာယ်(၂)တွင် ဖော်ပြထားသော ဓာတ်လိုက်မှုဖြစ်စဉ် အမျိုးအစားရှစ်မျိုးအနက်မှ အများဆုံးဖြစ်ပွားသော ဖြစ်စဉ်ငါးမျိုးကို လက်တွေ့ဖြစ်စဉ် အချို့ကောက်နုတ်ကာ ဖော်ပြပေးပြီးဖြစ်ပါသည်။ ကျန်ဖြစ်စဉ်သုံးခုကို ဖော်ပြရပါက-

(က) မဟာဓာတ်အားလိုင်းနှင့် ဗို့အားမြင့်ဓာတ်အားလိုင်းများ၏ တိုင်ပေါ်သို့တက်ခြင်း၊ ဓာတ်ကြိုးများကို စမ်းသပ်သည့်သဘောဖြင့် ထိခြင်းတို့ကြောင့် ဓာတ်လိုက်ခြင်း။ (ဆဌမအများဆုံး)

(ခ) ဓာတ်ရုံအတွင်း လျှပ်စစ်ပြုပြင်ရာမှ လျှပ်ပန်းခံရခြင်း။(သတ္တမအများဆုံး)

(ဂ) မြေအောက်ဓာတ်ကြိုးများ၊ ဓာတ်အားလိုင်းများနှင့်ပေါက်မိ၊ ထိမိ၍ Flash Over ဖြစ်ရာမှ ဓာတ်လိုက်ခြင်း(အဋ္ဌမအများဆုံး)တို့ ဖြစ်ပါသည်။

ဓာတ်အားလိုင်းတိုင်များပေါ်သို့ တက်ရောက်ခြင်း၊ ဓာတ်အားခွဲရုံဝင်းအတွင်းသို့ ဝင်ရောက်ခြင်းများကြောင့် ဓာတ်လိုက်မှုဖြစ်စဉ်များသည် ကလေးသူငယ်များနှင့် စိတ်မနှံ့သူများတွင် ဖြစ်ပွားလေ့ရှိပါသည်-

- ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့၊ ဇောင်းတန်းရပ်ကွက်ရှိ စိတ်မမှန်သူ ဦးဇော်ထွေးသည် ၂၀၀ ကေဗွီအေဓာတ်အားခွဲရုံဝင်းအတွင်းသို့ ဝင်ရောက်ပြီး ထရန်စဖော်မာ၏ ၄၀၀ ဗို့ အထွက်ဓာတ်အားလိုင်းအား သွပ်နန်းကြိုးဖြင့်ချိတ်၍ ကိုင်လိုက်စဉ် ဓာတ်လိုက်မှုဖြစ်၍ သေဆုံးခဲ့ပါသည်။
- ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့က ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာနေ မောင်ဟူဆောင်းနှင့် မောင်ဟာဆောင်း ညီအစ်ကိုနှစ်ဦးသည် လယ်ကွင်းအတွင်း စပါးသီးနှံကောက်နေစဉ် ညီဖြစ်သူမောင်ဟူဆောင်းသည် ၆၆ ကေဗွီ ဓာတ်အားလိုင်းတိုင်ပေါ်သို့ တက်ရောက်ဆော့ကစားသဖြင့် အစ်ကိုဖြစ်သူက တိုင်ပေါ်မတက်ရန်အတွက် ခဲဖြင့်ပစ်ပေါက်၍လည်းကောင်း၊ အော်ဟစ်ပြောဆို၍လည်းကောင်း တားမြစ်ခဲ့သည်။ ညီဖြစ်သူက စိတ်ဆိုးပြီး တိုင်ပေါ်မှ ဆင်းလာကာ အစ်ကိုဖြစ်သူကိုထိုးနှက်ခဲ့ပြီး ဓာတ်အားလိုင်းတိုင်ပေါ်သို့ ဒုတိယအကြိမ် ပြန်လည်တက်ရောက်ရာ ဓာတ်အားလိုင်းကြိုးအနားအရောက်တွင် ဓာတ်လိုက်မှုဖြစ်၍တိုင်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့ရသည်။

မြေအောက်ဓာတ်အားလိုင်း၊ ဓာတ်အားလိုင်းကြိုးများ ပေါက်မိ၊ ထိမိဖြစ်ရာမှ လျှပ်ပန်းခံရမှု (Flash Over) ကြောင့် ဓာတ်လိုက်မှုဖြစ်စဉ်များသည် လျှပ်စစ်ဝန်ထမ်းများတွင် ဖြစ်ပေါ်လေ့ရှိပါသည်။ လုပ်ငန်းခွင်ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန် အချက်များ လိုက်နာမှုလျော့နည်းခြင်း၊ သတိကင်းလွတ်ခြင်းများကြောင့် အသက်ဆုံးရှုံးမှုများပင် ဖြစ်ပေါ်ခဲ့ပါသည် -

- ၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ရွှေပေါက်ကံမြို့နယ်၊ ပုဂံလမ်းနှင့် ညောင်ရမ်းလမ်းထောင့် ၁၁ ကေဗွီ ရွှေပေါက်ကံဓာတ်အားခွဲရုံတွင် မြေအောက်ကြိုးနှင့် ဓာတ်အားလိုင်းအား ဆက်သွယ်သည့် လိုင်းဖြတ်ခလုတ် (D/S)တပ်ဆင်ခြင်းလုပ်ငန်းကို ပညာသည်အထွေထွေတာဝန် ဦးခင်မောင်က ဆောင်ရွက်နေပါသည်။ ၎င်းအချိန်တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ လျှပ်ပန်းမှုဖြစ်ပေါ်ပြီး ဓာတ်လိုက်မှုဖြစ်၍ ဦးခင်မောင်သေဆုံးခဲ့ပါသည်။

လျှပ်စစ်အန္တရာယ် ဖြစ်ပွားမှုဖြစ်စဉ်များကို လေ့လာသုံးသပ်ရပါက လူတိုင်းလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အဓိကအချက်နှစ်ချက်ကို ဂရုပြုရမည်ဖြစ်ပါသည်။ ပထမအချက်သည် **"လျှပ်စစ်အသိ"** ရှိရေးပင်ဖြစ်ပါသည်။ လျှပ်စစ်အန္တရာယ်ဖြစ်စေသော အချက်များကို ကလေး၊ လူကြီးမကျန်၊ တောရော . . . မြို့ပါမကျန် လူတိုင်းသိထားရန် လိုအပ်ပါသည်။ ဒုတိယအချက်သည် **"လျှပ်စစ်သတိ"** ရှိရန် လိုအပ်ပါသည်။ **"သတိမမူ ဂူမမြင်"** ဆိုသည့်စကားအတိုင်း လျှပ်စစ်အသိရှိထားပြီးဖြစ်သည့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများပင်လျှင် **"သတိ ကင်းလွတ်မှု"** ကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်စဉ်များ ကြုံတွေ့နေရသည်။ လျှပ်စစ်အသိ၊ လျှပ်စစ်သတိရှိရန်လိုပါသည်။

"သတိမမူ ဂူမမြင်" ဆိုသည့်စကားအတိုင်း လျှပ်စစ်အသိရှိထားပြီးဖြစ်သည့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများပင်လျှင် "သတိကင်းလွတ်မှုကြောင့်" လျှပ်စစ်အန္တရာယ်ဖြစ်စဉ်များ ကြုံတွေ့နေရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များကို ကျေးရွာ၊ ရပ်ကွက်များ၊ ကျောင်းများ၊ ဈေးများတွင်ဖြန့်ဝေခြင်း၊ နံရံကပ်ပိုစတာများကပ်ခြင်း၊ လူစည်ကားသော လမ်းဆုံလမ်းခွများ၊ ရုံးများတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ကျောင်း၊ ရုံး၊ ရပ်ကွက်၊ ကျေးရွာများအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲများ ပြုလုပ်ခြင်းများအပြင် အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးကြေညာခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ လူတိုင်းသိရှိလိုက်နာအောင် ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် **"ပြည်သူပါဝင်သော လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး"** ဖြင့်သာ အမြန်ဆုံးဆောင်ရွက်သွားနိုင်မည်ဖြစ်ရာ **လျှပ်စစ်အသိရှိသူများအနေဖြင့်** မိမိအိမ်၊ မိမိပတ်ဝန်းကျင်တို့တွင် အသိပညာပေးဖြန့်ဖြူးပေးခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါရန် ဖော်ပြအပ်ပါသည်။

- **မြွေကိုက်လျှင် ဆေးရှိသည်၊ ဓာတ်လိုက်လျှင် ဆေးမရှိ။**
- **လျှပ်စစ်အသိ၊ လျှပ်စစ်သတိ လုံးဝအန္တရာယ်မရှိ။**
- **ဓာတ်အားလိုင်းကြိုးများနှင့် အိမ်တွင်းဝိုင်ယာကြိုးများတွင် ဓာတ်အားရှိသည်ဟု အမြဲမှတ်ယူပါ။**

နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ



ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ၌ မူးယစ်ဆေးပြားများ ဖမ်းဆီးရမိ

ကသာ ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့မရဲစခန်း အရှေ့တောင်ဘက် ရှစ်မိုင်ခန့် မောင်းကုန်းကျေးရွာအနီးတွင် မူးယစ်ဆေးပြား ၂၀၀၉ ပြားနှင့် ဆက်စပ်ပစ္စည်းများကို ပြစ်မှုကျူးလွန်သူနှင့်အတူ ဇန်နဝါရီ ၂၄ ရက်က တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဦးစီး(၁)ဖမ်းဆီးရေး အဖွဲ့ခေါင်းဆောင် ရဲအုပ်မျိုးခိုင် ကြီးကြပ်မှုဖြင့် ဦးစီး(၁)ဖမ်းဆီးရေးအဖွဲ့မှ ဒုရဲအုပ်သူရိန်ဝင်းနှင့်အဖွဲ့ ကသာ မှူ/နှိမ် ဒုရဲအုပ်ဝေဖြိုး၊ ထီးချိုင့်ရဲစခန်း မှ ခေတ္တနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ရဲလင်းအောင်တို့နှင့် သက်သေနှစ်ဦးနှင့်အတူ သတင်းအရ မောင်းကုန်းကျေးရွာနေ ကျော်မင်းထွန်းနေအိမ်ကို ဝင်ရောက်ရှာဖွေရာ မီးဖိုချောင် ကြောင်အိမ်အောက်တွင် မူးယစ်ဆေးပြားဟု ယူဆရသည့် ဆေးပြား ၂၀၀၉ ပြား တစ်ပြားလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ငွေကျပ် ၁၀၀၄၅၀၀၀ ကို တွေ့ရှိခဲ့သည်။

စစ်ဆေးချက်အရ ကျော်မင်းထွန်းက လွှန်ခဲ့သော သုံးရက်က ဆေးပြား ၂၀၀ ပါ တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ် မနားကျေးရွာနေ မအေးချိုဆိုသူထံမှ ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

သို့ဖြစ်၍ ပြန်လည်ရောင်းချ သုံးစွဲသူ ကျော်မင်းထွန်း မောင်းကုန်းရွာနေသူကို ဒုရဲအုပ်သူရိန်ဝင်းက တရားလိုပြု တိုင်တန်းထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူ မအေးချို မနားကျေးရွာ မဘိမ်းမြို့နယ် ရှမ်းပြည်နယ် (မြောက်ပိုင်း) နေသူကို ဆက်လက် စုံစမ်းရှာဖွေသွားမည် ဖြစ်ကြောင်း သိရသည်။

ငွေအိုး(ကသာ)

ပြည်တွင်းသတင်း

တရားမဝင် အမိုနီယမ်နိုက်ထရိတ်နှင့် အခြားပစ္စည်းများ သယ်ယူသည့် အရာရှိ၊ စစ်သည်အား အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၆

နောင်ချိုအေးရှားဝေါလ်ဂိတ်တွင် ဇန်နဝါရီ ၂၃ ရက် ည ၉ နာရီခန့်က Mobile Team အဖွဲ့နှင့် လုံခြုံရေး ပူးပေါင်းအဖွဲ့တို့က သတင်းအရ မူဆယ်မှ လားရှိုးဘက်သို့ ထွက်ခွာလာသောယာဉ်များကို ရှောင်တခင် စစ်ဆေးခဲ့ရာ ဗိုလ်ကြီးဟိန်းသီဟဇော်နှင့် တပ်ကြပ်ကြီးသူရအောင်တို့နှစ်ဦး လိုက်ပါလာသည့် ၂၂ ဘီးနောက်တွဲယာဉ် ၁၄ စီးနှင့် ၁၂ ဘီးယာဉ် သုံးစီး စုစုပေါင်း ၁၇ စီးပါ ယာဉ်တန်းအား တရားမဝင် သယ်ဆောင်လာသော အမိုနီယမ်နိုက်ထရိတ်နှင့် အခြား

တရားမဝင်သယ်ဆောင်သည့် အမိုနီယမ်နိုက်ထရိတ်နှင့် အခြားပစ္စည်းများကို တွေ့ရစဉ်။

ဗိုလ်ကြီးဟိန်းသီဟဇော်

တပ်ကြပ်ကြီးသူရအောင်

ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်တွင် ဗိုလ်ကြီးဟိန်းသီဟဇော်နှင့် တပ်ကြပ်ကြီးသူရအောင်တို့သည် ၎င်းတို့အား တာဝန်ပေးစေခိုင်းထားခြင်းမပြုသော တပ်မတော်စက်မှုကုန်ကြမ်း (Optical Glass) တင်သွင်းသယ်ယူခွင့် MI Form အား မူဆယ်နယ်စပ်ဒေသ အောက်ခြေတွင် မသမာသော နည်းလမ်းအသုံးပြု၍ လုပ်ငန်းနှင့် ပတ်သက်မှုမရှိသော အမိုနီယမ်နိုက်ထရိတ် ၉၈၈၁ အိတ်နှင့် အခြားပစ္စည်းများအား တရားမဝင် သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပဏာမဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့နှစ်ဦးအား စစ်စည်းကမ်းနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

မဂ္ဂဇင်းကြော်ငြာများကိုလည်း လျှော့ချဝန်ဆောင်မှုပေးမည်

မြန်မာ့အလင်းသတင်းစာတွင် သုတ၊ ရသဆိုင်ရာ စာအုပ်ကြော်ငြာ (ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများမပါ) တစ်လက်မ×တစ်ကော်လံလျှင် ရောင်စုံကျပ် ၆၀၀၀ နှင့် အဖြူ/အမည်း ကျပ် ၄၅၀၀ နှုန်းဖြင့် ၁-၁၂-၂၀၁၄ ရက်မှစတင်၍ ထက်ဝက်လျှော့ချ ဝန်ဆောင်မှုပေးလျက် ရှိပါသည်။

ယခုအခါ မဂ္ဂဇင်းထုတ်ဝေသူများ၏ဆန္ဒအရ သုတ၊ ရသ စာအုပ်များနှင့်အတူ မဂ္ဂဇင်းစာအုပ်ကြော်ငြာများကိုလည်း အထက်ပါနှုန်းထားအတိုင်း ထက်ဝက်လျှော့ချ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။ **(မြန်မာ့အလင်း)**

အငှားယာဉ်ခိုးယူမောင်းပြေး

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်း စီးပွားရေးတက္ကသိုလ်ရှေ့တွင် ယာဉ်မောင်းဖြစ်သူ အပေါ့ဆင်းသွားစဉ် ခရီးသည်က ကားကို ခိုးယူမောင်းနှင်သော ဖြစ်စဉ်တစ်ခု ဇန်နဝါရီ ၂၂ ရက် ည ၉ နာရီကျော်တွင် ဖြစ်ပွားခဲ့သည်။

ယင်းအမှုဖြစ်စဉ်မှာ ယာဉ်မောင်း ဦးဌေးဝင်း မောင်းနှင်သော ယာဉ်အမှတ် EE/---- စီးတီးအငှားယာဉ်ကို ဆန်စံသိန်း(ခ)ဖိုးပြည့်(ခ)အောင်နိုင်ထွန်းနှင့် ဇနီး ပပဝင်းတို့က (၁၄၀)ရပ်ကွက်သို့ ငှားရမ်းသဖြင့် လိုက်ပါပို့ဆောင်ပေးရာ စီးပွားရေးတက္ကသိုလ်ရှေ့အရောက်တွင် ယာဉ်မောင်းက အပေါ့ဆင်းသွားနေစဉ် ယာဉ်ကို ငှားရမ်းစီးနင်းသူတို့က ခိုးယူမောင်းနှင်ထွက်ပြေးခဲ့သည်။ ကားခိုးယူမောင်းနှင်ထွက်ပြေးသူ ဇနီးမောင်နှံကို ဒဂုံမြို့သစ်(တောင်ပိုင်း) ရဲစခန်းမှ ဒုရဲအုပ်ရဲထွန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စန်းမောင်

ကျိုက်ဝိုင်းဘုရားလမ်း မီးပွိုင့်လမ်းဆုံ၌ ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်း လမ်းဆုံမီးပွိုင့်၌ ယနေ့ နံနက် ၂ နာရီ ၁၅ မိနစ်က မော်တော်ယာဉ်နှစ်စီး တိုက်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောက်ဥက္ကလာပမြို့နယ်နေ မောင်ထိန်လင်း အဝေးပြေးသို့ ပြေးဆွဲနေသော (မ. ထ. သ) လိုင်း(၄၃)ခရီးသည်တင်(CANTER) ကင်တာ 4A/ ...ယာဉ်ကို ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းနှင်လာစဉ် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ မောင်စိုးကိုကိုဝင်း (FORLAND) ဖောလန် 7F/---- မြေသယ်ယာဉ်ကို မင်းဓမ္မလမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာရာ မီးပွိုင့်အလယ်အရောက် တိုက်မိခြင်းဖြစ်သည်။

တိုက်မိသည့် အရှိန်ကြောင့် KANTER ယာဉ်မှာ ပြန်လည်သန်စွမ်းရေးဆေးရုံ ခြံစည်းရိုး အုတ်နံရံကိုတိုက်မိပြီး FORLAND ယာဉ်မှာ ဆေးရုံခြံစည်းရိုး အုတ်နံရံ ဘေးကပ်လျက် ရပ်တန့်သွားသည်။ ကင်တာယာဉ်ငယ်ပေါ်ပါ ခရီးသည်များအနက် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးအနည်းငယ် ဒဏ်ရာရရှိကာ ယာဉ်မောင်း မောင်ထိန်လင်းမှာ ပြင်းထန်သောဒဏ်ရာ (မစိုးရိမ်ရ) ရရှိသဖြင့် ဆေးရုံကြီးသို့ ပို့ခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ အမှုဖွင့် အရေးယူလျက်ရှိကြောင်း သိရသည်။ **(၀၁၅)**

လူပျောက်ကြော်ငြာ

မောင်မြသန်း အသက်(၃၄)နှစ် စိတ်ရောဂါသည် သည် ၅-၁-၂၀၁၅ရက် နံနက်ပိုင်း၌ နေအိမ်မှထွက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **အောင်ကျော်မြင့်**

ဖုန်း-၀၉-၂၅၀၆၃၈၂၈၅၊ ၀၉-၇၉၈၄၆၅၅၄၈

အမည်မှန်

လားရှိုးမြို့၊ အလက(၈)၊ပဥ္စမတန်း(ခ)မှ စိုင်းဆိုင်နွံဖ၏ အမည်မှန်မှာ စိုင်းဆိုင်နွံဖ (ခ)စိုင်းဟန်လှိုင်း (ကဝ-၁၃၀၉၇)ဖြစ်ပြီး မိဘအမည်မှန်မှာ ဦးလှရွှေနှင့် ဒေါ်နန်းလောဝ်ခမ်း ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စန္ဒာမြင့် ၁၂/ရကန(နိုင်) ၀၁၄၃၇၇ နိုင်ငံကူးလက်မှတ် MA ၅၅၅၄၉၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

Ph-0931332055

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက် အကျဉ်းထောင်/အလုပ်စခန်းများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သည့် ရိက္ခာဆန်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းမည့်သူအနေဖြင့် တင်ဒါတင်သွင်းသည့်ရက်တွင် စပေါ်ငွေ ၁၀၀၀၀၀၀၀/- (ကျပ်သိန်းတစ်ရာတိတိ)အား မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းထားသည့်ငွေရပြေစာ(သို့)ချလန်အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

၃။ တင်ဒါယှဉ်ပြိုင်သည့်ရက်၌ မိမိတင်သွင်းမည့် ရိက္ခာဆန်နမူနာများအား (၁) ပေါင်အိတ် (၃)အိတ်ဖြင့် ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့တင်ပြ၍ တင်ဒါစာအိတ်များကို ချိပ်ပိတ်ပြီး တင်သွင်းရမည်။

၄။ တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင်(၁၀၀၀၀/-)နှုန်းဖြင့် အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊ မြစ်ကြီးနားမြို့တွင် ရောင်းချသွားမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၇၄-၂၀၆၇၄၊ ၀၇၄-၂၁၄၀၁၊ ၀၉-၆၄၀၀၃၂၆ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	၂၄-၁-၂၀၁၅ ရက်၊ ၀၉:၀၀ နာရီ
တင်ဒါပုံစံအရောင်းပိတ်ရက်	-	၃-၂-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်	-	၄-၂-၂၀၁၅ ရက်၊ ၁၀:၀၀ နာရီ

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
ကချင်ပြည်နယ်၊ အကျဉ်းဦးစီးဌာန

အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ နမ့်ဆီးကျေးရွာအုပ်စု၊ (၆)မိုင်ရွာ၊ ရွှေတြိဂံနှင်းဆီခြံနေ ဒေါ်နှင်းအိအိသော်အား ဒေါ်မေသက်ထားခင် ၁၃/တကန(နိုင်)၁၄၆၂၃၇ ဟု ပြောင်းလဲခေါ်ပါရန်။ **ဒေါ်မေသက်ထားခင်**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အမှတ် ၃၀၊ ၃၉လမ်း၊ ၈၀×၈၁ လမ်းကြားနေ ဦးမြင့်ဆန်း-ဒေါ်ထွေးငယ်တို့၏သား မောင်နေမျိုးလွင် ၁/မကန(နိုင်)၀၃၈၅၄၆ သည် မိဘတို့၏ဆိုဆုံးမမှုအားမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးမြင့်ဆန်း ၉/သပက(နိုင်)၀၁၀၀၇၇
ဒေါ်ထွေးငယ် ၉/သပက(နိုင်)၀၇၄၇၆၆

ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ကြီး၏
ဦးစီးပဓာန မဟာနာယက
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု
နိုင်ငံတော်သြဝါဒါစရိယ
သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၆)ဝါ
သက်တော်ရှည်ဆရာတော်ကြီး
ဘဒ္ဒန္တသောဘဏမဟာထေရ်၏
လလည်အကြို အထူးတရားပွဲ

ဗဟန်း၊ ပါဠိတက္ကသိုလ်ညောင်တုန်းတိုက်၊ အဘိဓဇဆွမ်းစားကျောင်းတော်ကြီး၌ ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ၂၇-၁-၂၀၁၅ ရက် (အင်္ဂါနေ့) ည ၇:၃၀ နာရီတွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသမှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူပါမည်။ တရားနာလာရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
သာသနပါလအသင်း

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်အား ၂၀၁၅ခုနှစ် ဇန်နဝါရီ(၄)ရက် မြန်မာ့လွတ်လပ်ရေးနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ **ဇေယျာစိမ်ထူးချွန်ဆု(ဒုတိယအဆင့်)**ချီးမြှင့်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူ့အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နာယကကြီးများနှင့်အမှုဆောင်အဖွဲ့
တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)

ပျောက်ဆုံးကြောင်း

ကျွန်တော် ဇာနည်မျိုးညွှန့် ၁၂/တမန (နိုင်)၀၂၀၅၃၀ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၀၃၄၀၀

SIM CARD
ဝယ်ယူမည့်ဈေးနှုန်းများ

73**-90000
49**-150000
86**-100000
Ph:09-252181818, 09-73000119

ပြင်ဦးလွင်ဒေစီပန်းများပျောက်ကွယ်လုနီးပါးဖြစ်ရာမှ ဈေးကွက်အတွင်းပြန်လည်ဝင်ရောက်လာ

အင်္ဂလိပ်တို့သည် ပြင်ဦးလွင်မြို့ကို တောင်ပေါ် အပန်းဖြေစခန်းမြို့အဖြစ် စတင်တည်ဆောက်နေချိန်ကပင် အင်္ဂလန်နှင့် အသွင်ပုံသဏ္ဍာန် ထပ်တူထပ်မျှ တူညီစေရန်အတွက် အဆောက်အအုံနှင့် လမ်းနာမည်များမှအစ အင်္ဂလန်ရှိအမည်များ နှင့် ဆင်တူစွာ ခေါ်ဝေါ်သုံးစွဲအမည်ပေးခဲ့ကြသည်။

ထို့အတူပင် အင်္ဂလန်ရှိသစ်ပင်၊ ပန်းမန်တို့ကိုလည်း တကူးတက ခက်ခဲစွာသယ်ဆောင်လာကြပြီး ပြင်ဦးလွင်၌ စိုက်ပျိုးခဲ့ကြသည်။ ထိုအထဲတွင် ရောင်စုံဒေစီပန်းလေးများလည်း ပါဝင်ခဲ့ကြသည်။ ဒေစီပန်း၏သဘောသဘာဝမှာ မျိုးပွားမှုနှုန်းမြင့်မားသည်။ မိုးဦးကျချိန်အပင်တစ်ပင် စိုက်ပျိုးထားလိုက်လျှင် မိုးဥတုကုန်ဆုံးချိန်၌ ကြီးမားသောအပင်အုံကြီးအဖြစ်သို့ ရောက်ရှိလာတော့သည်။ ဒေစီပန်းများသည် ဆောင်းဥတုအထိ ဆက်လက်ပွင့်ဖူးကြပြီး နွေရာသီတွင် အပင်များ ခြောက်သွေ့သွားတတ်ကြသည်။

သို့သော်လည်း နောက်တစ်နှစ် မိုးဦးကျချိန်တွင် ပြန်လည်စိုက်ပျိုးရန်မလိုဘဲ အမြစ်များမှ ပြန်လည်၍ အပင်များ ပေါက်ပွားလာကြသည်။ ထိုအခါ စိုက်ပျိုးထားသောခြံဝင်းအတွင်း၌ များပြားလှသော ဒေစီပန်းပင်များကို တွေ့မြင်ရမည်ဖြစ်သည်။ ဒေစီပန်း၏ မျိုးပွားမှုမြန်ဆန်ပြီး အပင်ပေါက်ရောက်မှု အားကောင်းသောကြောင့် မကြာမီနှစ်အနည်းငယ်အတွင်း စိုက်ပျိုးထားသောခြံထဲတွင် ဒေစီပန်းပင်များ ပြည့်နှက်လာတော့သည်။

ဤကဲ့သို့ ခြံဝင်းအတွင်း ဒေစီပန်းပင်များပြားမှုကြောင့် ခုတ်ထွင်ရှင်းလင်းကြရင်းဖြင့် ပြင်ဦးလွင်၌ တစ်စတစ်စ ဒေစီပန်းပင်များမျိုးတုန်းရှားပါးလာခဲ့ကြရသည်။ ဒေစီပန်းသည် ချယ်ရီပန်းကဲ့သို့ ထူးခြားစွာမွှေးရနံ့ကင်းမဲ့လျက်ရှိပြီး မြို့သူမြို့သားအများစုမှာ ဘုရားတင်ခြင်း၊ ခေါင်းတွင် ပန်ဆင်ခြင်းတို့ကို ပြုလုပ်လေ့မရှိကြပေ။ ခြံအတွင်း အလှစိုက်ပျိုးခြင်းနှင့် အလှပန်းအိုးထိုးခြင်းမျိုးသာ ပြုလုပ်ခဲ့ကြသည်။

ဒေစီပန်းသည် မွှေးရနံ့မရှိသော်လည်း စိုက်ခင်းအတွင်းရောင်စုံလှပစွာဖြင့် ဝေဝေဆာဆာဖူးပွင့်ကြသည်မှာ စွဲမက်နှစ်သက်ဖွယ်ကောင်းလှသည်။ ယခုအခါ ပြင်ဦးလွင်၌ ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ရသော ဒေစီပန်းကို သေသေချာချာတယုတယ ပြန်လည်စိုက်ပျိုး၍ ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်လာသည်ကိုတွေ့မြင်ရသည်မှာ အံ့သြဝမ်းသာစရာကောင်းလှသည်။ ယခင်က ဘုရားမလှူ ခေါင်းတွင် မပန်ခဲ့ကြသော ဒေစီပန်းများမှာ ယခုအခါ ရောင်စုံဆယ်ပွင့်လျှင်ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ အထိ ပန်းဆိုင်တိုင်းတွင် ဝယ်ယူ၍ပင်မရနိုင်ဘဲ ထူးထူးခြားခြား ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ မည်သို့ပင်ဖြစ်စေ ယခင်ကပြင်ဦးလွင်ရှိ အိမ်တိုင်း၊ ခြံတိုင်းတွင် ပန်းရိုင်းတမျှသာရှိနေခဲ့ရရှာသော ဒေစီပန်းလေးများသည် ယခုအခါ လှလှပပ ဝေဝေဆာဆာနှင့် မြို့၏အလှကို တစ်တပ်တစ်အား ပါဝင်ပံ့ပိုးဖော်ပေးလျက်ရှိနေပေတော့သည်။

သက်နိုင်-ပြင်ဦးလွင်

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေပေးအပ်

တောင်ကြီး ဇန်နဝါရီ ၂၆

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တောင်ကြီးမြို့နယ်အတွင်း လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ရပ်ကွက်/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီသို့ ရန်ပုံငွေပေးအပ်ခြင်းကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၁ နာရီက တောင်ကြီးမြို့နယ် နောင်ဟိုင်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် တောင်ကြီးမြို့နယ် အထောက်အကူပြုကော်မတီ ဦးမောင်မောင်မြင့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီသို့ တောင်ကြီးမြို့နယ်အထောက်အကူပြုအဖွဲ့ဝင် ဦးထွန်းအေးလေးမှ နောင်ဟိုင်းကြီးကျေးရွာအတွက် ရန်ပုံငွေကျပ်သိန်း၂၀ ပေးအပ်ရာ နောင်ဟိုင်းကြီးကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးနှင့် အထောက်အကူပြုကော်မတီတို့က လက်ခံယူကြသည်။

ထို့နောက် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်နှင့်တာဝန်ရှိသူတို့သည် နောင်ခဲကျေးရွာအုပ်စု ခေလူးကျေးရွာသို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ခေလူးကျေးရွာသို့ ငွေကျပ် ၂၅ သိန်း၊ နောင်ပစ်ကျေးရွာအုပ်စု ဝင်းယကျေးရွာသို့ငွေကျပ် ၁၅ သိန်း၊ နောင်ကားကျေးရွာအုပ်စု၊ ကျောက်တိုင်ကျေးရွာသို့ ငွေကျပ်သိန်း ၂၀၊ နောင်ပစ်မြောက်ရွာသို့ ငွေကျပ်သိန်း၂၀၊ ပုန်းတန်းအသုံးတော်ကျေးရွာအုပ်စုသို့ ငွေကျပ်သိန်း ၂၀ တို့ကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်နှင့် တာဝန်ရှိသူတို့က ပေးအပ်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုကော်မတီတို့က လက်ခံရယူကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

ပြည်တွင်းသတင်း

ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၁၀၀၀ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၆

သန်လျင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၁၀၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၄ ရက်က သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးလွင်ဦးက အမှာစကားပြောကြားပြီး အဖွဲ့ဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက် (၁၀) ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၀) အုပ်စုရှိ လမ်း (၂၆) လမ်းနှင့် စာကြည့်တိုက်တစ်ခုပြုပြင်ခြင်းအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၁၀၀၀ ကို ခွဲဝေလွှဲပြောင်းပေးခဲ့ကြောင်းသိရသည်။

သန်းဝင်း(သန်လျင်)

ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ် အဌမအကြိမ်အားကစားပွဲတော်ကျင်းပ

တမူး ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော အဌမအကြိမ်မြောက် အားကစားပွဲတော်တွင် ဘောလုံးပြိုင်ပွဲနှင့်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက်က တမူးမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအားကစားပွဲတော်တွင် ပိုက်ကျော်ခြင်း၊ မိနီမာရသွန်၊ ထုပ်ဆီးတိုးပြိုင်ပွဲများကို ဇန်နဝါရီ ၁၁ရက်မှ ၂၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။ **ချင်းတွင်းသား (iprd)**

ဇန်နဝါရီ ၂၄ ရက်က သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ရဲသူရိန်ခင်မောင်မြင့်၊ မြို့နယ်အရန်မီးသတ်ဒုတပ်ရင်းမှူး ခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ င/က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ကော်မတီဝင်များ၊ ရပ်မိ ရပ်ဖများ ပူးပေါင်းပါဝင်၍ င/က ရပ်ကွက် လူနေအိမ်များနှင့် စားသောက်ဆိုင်၊ ဈေးဆိုင်များကို မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိ မရှိနှင့် မီးအသုံးပြုရာတွင် မီးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုရေးတို့ကို ကွင်းဆင်းစစ်ဆေးစဉ်။ (ဝ၂၅)

ကျေးဇူးတင်ဝမ်းမြောက်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ မင်းကျီ အထက(ခွဲ)၌ ၃-၁-၂၀၁၅ရက်တွင် အလှူ့ဒါယကာ ဦးသန့်ဇင်၊ အလှူ့ဒါယိကာမ ဒေါ်ကြည်ကြည်ခိုင် (အောင်စုမွန်ပန်းကန်ရောင်းဝယ်ရေး) မိသားစုတို့မှ အောင်စုမွန်ကျောင်းဆောင်သစ် ဆရာ ဆရာမများ နားနေဆောင်၊ စာကြည့်တိုက်နှင့် စာအုပ်မျိုးစုံ၊ စက်ရေတွင်း၊ ရေကန်၊ ရေသန့်စက်တို့အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပါသဖြင့် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ မင်းကျီ အထက(ခွဲ)ပညာရေး မိသားစုမှ လှိုက်လှဲစွာကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် အလှူ့ရှင်များ ကျန်းမာချမ်းသာစွာဖြင့် ယခုထက်ပို၍ ကြီးပွားတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ
အထက (ခွဲ) မင်းကျီ

ကျေးဇူးတင်ဝမ်းမြောက်လွှာ

မင်းကျီကျေးရွာ ဖွံ့ဖြိုးရေးမတည်ငွေအဖြစ် ကတ္တရာလမ်း၊ တိုက်နယ်ဆေးရုံ၊ လျှပ်စစ်မီးလင်းရေး၊ အောင်စုမွန်ကျောင်းဆောင်သစ်ပေးအပ်ခြင်းအတွက် အလှူ့ဒါယကာဦးသန့်ဇင်၊ အလှူ့ဒါယိကာမ ဒေါ်ကြည်ကြည်ခိုင်(အောင်စုမွန် ပန်းကန်ရောင်းဝယ်ရေး) မိသားစု၊ မန္တလေးတို့အား မင်းကျီကျေးရွာသူ ကျေးရွာသားများက လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အလှူ့ရှင်များ ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆေးရုံ၊ လမ်း၊ လျှပ်စစ်မီးလင်းရေးကော်မတီ
မင်းကျီကျေးရွာ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေကွက်အမှတ်(ပ-၂၀၂၅၇-B)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးတင်ဝင်း အမည်ပေါက် နှစ်(၃၀)အငှားဂရန်မြေကွက်အား နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၀၇/၂၀၁၄(၂-၁၂-၂၀၁၄)ဖြင့် ဦးတင်ဝင်းမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဦးမြင့်သိန်း ၁၂/သကတ(နိုင်)၁၁၂၅၅၅(ဘ)ဦးသိန်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂/မြောက်၊မြေကွက်အမှတ် ၁၁၈၆/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁၈၆/ခ၊ တိုးချဲ့၂လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးဘလှ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေမည်ပေါက် ဦးဘလှ(ခင်ပွန်း)(၁၇-၉-၂၀၁၃)ရက်တွင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်စိန် ၁၂/သကတ(နိုင်)၁၀၅၃၀၃ မှ သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက် မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ် ၅၆၅½၊ မြေကွက်တည်နေရာအမှတ် ၅၆၅½၊ နှယ်သာကီ ၄လမ်း၊ (ဒေါ်ဖာတမာဘီ ၁၂/ဥကမ(နိုင်)၁၁၇၂၆၂) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်မိခင် ဒေါ်ဖာတမာဘီ၊ ဖခင်ဦးအဗ်ဒူလာ ကွယ်လွန်သဖြင့် ဦးဘစိန် ၁၂/ဥကမ(နိုင်)၀၀၇၉၂၀က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၆၈၅၉ XIN YUAN XY 250 ZH သုံးဘီးဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးကျော်လင်းဌေး ၁၀/မလမ(နိုင်)၁၆၄၉၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၃၉၁၆၆ Honda Wave NF-100 MR ယာဉ် လက်ဝယ်ရှိသူ ဒေါ်သီသီထွန်း ၁၀/ကမရ(နိုင်)၁၅၁၇၈၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၃၄၁၅၇ Feiling 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်လှိုင် ၁၄/မအန(နိုင်) ၀၀၀၈၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (နေပြည်တော်)**

ဆောင်းပါး

တပို့တွဲလနှင့် ရခိုင်ရိုးရာရထားဆွဲပွဲ

လေးဝတီထွန်းစောခိုင်

မြန်မာ့ဆယ့်နှစ်လရာသီတွင် တပို့တွဲလသည် ကောဒသမတစ်ဆယ့်တစ်လမြောက်ဖြစ်သည်။ တစ်ဆယ့်တစ်သည် "မ"ဂဏန်းဖြစ်၍ ဤတပို့တွဲလတွင်လည်း ရက်မစုံ ၂၉ ရက်သာရှိသည်။ စန်းယှဉ်နက္ခတ်မှာ မာဃနက္ခတ်ဖြစ်ပြီး ရာသီရုပ်မှာ မြူတာအိုးထမ်းသောရုပ်၊ တစ်နည်းအားဖြင့် ရေထမ်းသမားရုပ်ဖြစ်သည်။ ရာသီပန်းမှာ ပေါက်ပန်းဖြစ်သည်။ ရှေးအခါက တစ်ရက်တွင် နာရီ ၆၀ သတ်မှတ်ရာ ဤတပို့တွဲလတွင် နေ့နာရီ ၂၆၊ ညနာရီ ၃၄ ရှိပြီး မွန်းတည့်ဖဝါးမှာ ၅ ဖဝါးရှိသည်။ ရာသီအားဖြင့် "ကုံရာသီ" ဖြစ်သည်။ ဤတပို့တွဲလသည် ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်၍ အအေးဆုံးလလည်းဖြစ်သည်။ သို့ဖြစ်၍ ရှေးစာဆိုတို့က "ကျွဲချိုဖျားအေး၊ တပို့တွဲ" ဟုစာဖွဲ့ရေးစပ်ခဲ့ကြသည်။ ဝန်းကျင်တစ်ခွင်မြူနှင်းဇာပဝါလွှမ်းခြုံထားကာ ရှုတိုင်းသာယာသော အချိန်အခါလည်းဖြစ်သည်။ ပေါက်ပွင့်၊ လဲပွင့်၊ လက်ပံပွင့်တို့ စုံညီစွာနီတျာတျာပွင့်နေကြပြီး ကျေးငှက်သာရကာတို့ဘာသာဘာဝပျော်မြူးကြသော ရာသီလည်းဖြစ်သည်။ ရာသီသဘာဝသာယာလှပြီး ဖော်ကွာဝေးသူများအဖို့ မျက်ရည်စို့ရလောက်အောင် လွမ်းမောဖွယ်ဆောင်သောကာလဖြစ်သည်။ ရှေးစာဆိုတစ်ဦးက "စုံမြိုင်ခွင်တွင်၊ ပျော်ရွှင်ကျေးသား၊ လူးလားကြက်တော၊ ဥဩဖိုမ၊ ကြွေးကြော်ကြသား၊ မာသခေါ်မြဲ၊ တပို့တွဲသည်. . ." ဟု ဖွဲ့ဆိုထားခဲ့ကြောင်း တွေ့ရသည်။ ဤရာသီတွင် မြန်မာနိုင်ငံတစ်ဝန်း၌ ထမနဲထိုးပွဲကိုကျင်းပကြကြောင်း သိရသည်။

တပို့တွဲလအကြောင်းနှင့်ပတ်သက်၍ မြန်မာတို့နှင့် ရခိုင်တို့၏ ကွဲလွဲချက်တစ်ခုမှာ ရာသီရုပ်ကိုမြန်မာတို့က ရေထမ်းသမားရုပ်ပုံဟုမှတ်ယူပြီး ရခိုင်တို့ကမူ ချိန်ခွင်ပုံ ဟုမှတ်ယူကြသည်။ ကျန်အချက်များသည်ကားအတူတူဖြစ်ကြောင်း လေ့လာသိရှိရသည်။

ရခိုင်ရိုးရာရထားဆွဲပွဲ

ဆယ့်နှစ်လရာသီပွဲတော်များအနက် တပို့တွဲလ၌ ကျင်းပသော ရခိုင်ရိုးရာ ရာသီပွဲတစ်ခုမှာ ရထားဆွဲပွဲဖြစ်သည်။ ရထားဆွဲပွဲကို တတိယဓညဝတီခေတ် (ဘီစီ ၅၈၀ မှ အေဒီ ၃၂၆ ထိ)တွင် စန္ဒာသူရိယမင်းကြီးလက်ထက် ဘီစီခြောက်ရာစုကစတင်ခဲ့ကြောင်း စာပေကျမ်းဂန်အထောက်အထားများအရ သိရှိရသည်။ ထိုခေတ်မှသည် ဝေသာလီကျောက်လှေကားခေတ် (အေဒီ ၃၂၇ မှ ၈၁၈ ထိ) တွင်လည်းကောင်း၊ လေးမြို့ခေတ် (အေဒီ ၈၁၈ မှ ၁၄၃၀ ထိ)တွင်လည်းကောင်း၊ မြောက်ဦးခေတ် (အေဒီ ၁၄၃၀ မှ ၁၇၈၄ ထိ)တွင်လည်းကောင်း ခေတ်အဆက်ဆက်ကျင်းပလာခဲ့ကြောင်း လေ့လာသိရှိရသည်။

ရခိုင်တို့သည် ရထားဆွဲပွဲကို သာမန်ပျော်ပွဲ၊ ရွှင်ပွဲသက်သက်အနေအားဖြင့် ကျင်းပခဲ့ခြင်းမဟုတ်ပေ။ ရှေးရခိုင်နက္ခတ္တဗေဒပညာရှင်တို့က ရခိုင်တို့၏ဇာတာနှင့် နေ၊ လ၊ နက္ခတ်တာရာလမ်းကြောင်း(မဂ္ဂ)၊ နက္ခတ် ၂၇ လုံး၊ အတွင်းတာရာကြီးကိုးလုံး၊ အပြင်တာရာကြီး ၂၈လုံး၊ အလွတ်တာရာ ၉၄ လုံးတို့နှင့်ဆက်စပ်ကာ အချိန်ညှိပြီး ရထားဆွဲပွဲကို ကျင်းပခဲ့ကြောင်း စာပေအထောက်အထားများက ညွှန်ပြနေပေသည်။

ရှေးခေတ်ရခိုင်တို့သည် ရထားဆွဲပွဲကိုကျင်းပခြင်းဖြင့် လယ်ယာသီးနှံများ အထွက်တိုးခြင်း၊ ကောက်ပဲသီးနှံဆန်ရေစပါးပေါများခြင်း၊ တိုင်းပြည်နိုင်ငံအေးချမ်းသာယာခြင်း၊ မင်းနှင့်ပြည်သူတို့ကြည်ဖြူလက်တွဲကာအရာရာကို အောင်မြင်နိုင်ခြင်းစသော ကောင်းခြင်းအင်္ဂါရပ်များ ပြည့်စုံစေသည်ဟု ယုံကြည်ချက်များဖြင့် ရထားဆွဲပွဲကို ကျင်းပခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ မြောက်ဦးခေတ်စာဆိုအကျော်အမော်တစ်ဦးဖြစ်သည့် ဥက္ကာပျံရေးစပ်သောဆယ့်နှစ်လရာသီဖွဲ့(အေဒီ ၁၅၉၅) တွင် "ကုံရာသီလွဲ၊ တပို့တွဲသည်၊ လွမ်းဖွယ်အင်မြူး၊ ရွှင်မှုအသွယ်သွယ်၊ ရထားသဘင်၊ နှစ်တိုင်းဆင်ကေ. . ."ဟု တပို့တွဲလ၌ ရထားပွဲကျင်းပပုံကို ရေးစပ်ထားကြောင်း မှတ်သားဖွယ်တွေ့ရှိရသည်။

ရခိုင်ရိုးရာရထားဆွဲပွဲကို တပို့တွဲလတွင် ကျင်းပသော်လည်း လဆန်းရက်(အတက်ရက်)များတွင်သာ ကျင်းပရပြီး လဆုတ်ရက်(ဆုတ်ပက္ခရက်)များတွင်မကျင်းပပေ။လဆုတ်ရက်များတွင် ကျင်းပပါက ဆိုးကျိုးများကို ဖြစ်စေသည်ဟု ရခိုင်စာပေများက ညွှန်းဆိုထားသည်။ ရထားဆွဲပွဲကို မိမိတို့ဒေသအလိုက် ရက်အကန့်အသတ်မရှိကျင်းပနိုင်ပြီး လပြည့်နေ့ကို နောက်ဆုံးထားကျင်းပရသည်။ ရှေးအခါက ရထားပြုလုပ်ရာတွင် သစ်သားတန်းများကို ဒိုးနွယ်(ဂုံညင်းဒိုးပင်၏အနွယ်)ဖြင့် ချည်နှောင်ပြုလုပ်ရကြောင်း၊ စက်သီး(ဘီး)လေးလုံးတပ်ရကြောင်း၊ ရထားအညွှန့်ကို ဝါးပင်၏အညွှန့်ဖြင့်ပြုလုပ်ရကြောင်း သိရသည်။ သို့သော် ယခုအခါတွင် ဒိုးနွယ်များရှားပါးလာသဖြင့် သစ်သားတန်းများကို မူလီများဖြင့်အစားထိုးအသုံးပြုလာကြသော်လည်း ပြုလုပ်နည်းများမှာ ရှေးကအတိုင်းသာဖြစ်သည်။ ဆွဲသောရထားကို တပို့တွဲလပြည့်ည သန်းခေါင်မကျော်မီရထားပြုလုပ်သူကိုယ်တိုင် မီးရှို့ဖျက်ဆီးပစ်ရကြောင်း သိရသည်။ ရထားဆွဲရာတွင်လည်း တစ်ဦးတစ်ယောက်တည်းဆွဲ၍မရပေ။ ဒေသအလိုက်၊ ကျေးရွာ/ရပ်ကွက်အလိုက်၊ အဖွဲ့အစည်းအလိုက် ဆွဲရသည်။ နှစ်ကြိမ်ဆွဲရပြီး နှစ်ကြိမ်စလုံးနိုင်သောအဖွဲ့က အနိုင်ရသည်။ အကယ်၍ တစ်ဖက်တစ်ခေါက်အနိုင်ရပါက နောက်တစ်ကြိမ်ထပ်ဆွဲရပြီး အနိုင်ရသောအဖွဲ့ကို နိုင်သည်ဟုသတ်မှတ်သည်။ ရှေးက အနိုင်ရသောအဖွဲ့က သံချပ်ထိုးရသည်။ သံချပ်ထိုးရာတွင် မိမိတို့တိုင်းပြည်၊ နိုင်ငံ၊ ဒေသများအကြောင်း၏ ဂုဏ်ကို ထင်ဟပ်ပေါ်လွင်အောင် ထိုးရသည်။ ယခုခေတ်သစ်ပြိုင်ပွဲများတွင်ကား အနိုင်ရသောအဖွဲ့ကို ဆုချီးမြှင့်ပြီး သံချပ်ပြိုင်ပွဲကိုလည်း သီးခြားပြိုင်ပွဲတစ်ရပ်အဖြစ် ကျင်းပလာကြောင်း တွေ့ရသည်။ သံတွဲမြို့ အောင်မြည်သာစည်ဆရာတော် ဒွါရာဝတီအရှင်ကုသလ (ငွေသဇင်) ရေးစပ်သော တပို့တွဲလဘွဲ့တွင် "ငွေနှင်းရည်ကြဲချကာ၊ ကြယ်မာဃ ထိန်ထိန်သာ၊ ထွန်းပသော်တာ၊ ထူးလှတဲ့ ချိန်တာရာ၊ စိန်ပမာမခြား၊ ပေါက်လဲရယ်ငုံစီစီနဲ့၊ ကုမ်ရာသီတပို့တွဲမှာ၊ နွဲ့ကြရထား----"ဟု ဖွဲ့ဆိုထားကြောင်း တွေ့ရသည်။

ရထားဆွဲရာတွင် ရထားကိုကြိုးတပ်ဆင်ပြီး သူ့ဘက်ကိုယ့်ဘက်ဆွဲရသည်။ မတိမ်းမစောင်းရအောင်ဘေးမှ ထိန်းပေးကြသူများရှိပြီး ထိုသူများကို ရထားထိန်းဟုခေါ်သည်။ တစ်ဖက်နှင့်တစ်ဖက် "ဆွဲ-လေး-လေး-ယီးဆွဲ-ယီးဆွဲ"ဟု ညာသံပေးကာဆွဲကြသည်။ ပွဲကြည့်နေသူများကလည်း လက်ခုပ်သံများတီး၍လည်းကောင်း၊ "ဆွဲထား---တင်းထား၊ တောင့်ထား"ဟူသော အားပေးသံများအော်ဟစ်၍လည်းကောင်း အားပေးကြပုံများမှာ ရထားဆွဲနေသူများကို မဆိုထားနှင့် မြင်ရသူများပင် စိတ်ဓာတ်တက်ကြွစေသည်။ ဤအချိန်တွင် ရခိုင်စည်တော်အဖွဲ့ကလည်း "ဗြိန်းစောင်းစောင်း- ဗြိန်းစောင်းစောင်း-ဗြိန်း စောင်း"ဟူသော စည်တော်သံကို သံပြိုင်တီးခတ်ကာ အားပေးကြရာ ကြက်သီးမွေးညင်းထရလောက်အောင် စိတ်ဓာတ်တက်ကြွခြင်းများကို ဖြစ်ပေါ်စေသည်။ ရထားဆွဲသူများမှာ ဇွဲမာန်အပြည့်အဝဖြင့်ရှိသမျှအားကို သုံးကာဆွဲကြရာ တပို့တွဲလ၏ အအေးဓာတ်များ ပျောက်သွားပြီး ချွေးဒီးဒီးပင်ကျသွားရကြောင်း သိရှိရသည်။

တစ်နှစ်တွင်တစ်လတည်း၊ တစ်လတွင်လည်း တပို့တွဲလဆန်းရက်များတွင်သာ ကျင်းပရသော ရခိုင်ရိုးရာရထားဆွဲပွဲသည် အစဉ်အလာကြီးမားသည့် ရိုးရာယဉ်ကျေးမှုပွဲတစ်မျိုးဖြစ်သည်။ ရထားဆွဲခြင်းဖြင့် စည်းလုံးညီညွတ်မှု၊ တက်ကြွနိုးကြားမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ ချစ်ကြည်ရင်းနှီးမှုများစသော ကောင်းကျိုးများကို ရရှိစေသည်။ သို့ဖြစ်၍လည်း ရှေးရခိုင်ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် စဉ်ဆက်မပြတ် ကျင်းပလာခဲ့ကြောင်း လေ့လာသိရှိရသည်။ ထို့နောက် အကြောင်းအမျိုးမျိုးကြောင့် ရထားဆွဲပွဲမှာ ပျောက်လိုက်ပေါ်လိုက်ဖြစ်ခဲ့ရသည်။ ယခုခေတ်သစ်အချိန်တွင် ပြည်သူအများ အသိနိုးကြားလာပြီး ပွင့်လင်းမြင်သာမှုရှိလာကာ ပြန်လည်ကျင်းပလာကြောင်း တွေ့ရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရခိုင်ရိုးရာရထားဆွဲပွဲကို ၂၀၀၇ ခုနှစ်ကစ၍ မြို့လုံးကျွတ်ပါဝင်ကျင်းပလာခဲ့ရာ ယခု ၂၀၁၅ ခုတွင် နဝမအကြိမ်မြောက်ထိရောက်ရှိနေပေပြီ။ ဤပွဲသည် စစ်တွေမြို့တွင်ကျင်းပပြီး ရခိုင်ပြည်နယ် အဆင့်ဖြစ်၍ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်သော ပွဲတစ်ပွဲဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှလူများနှင့် ကမ္ဘာလှည့်ခရီးသည်များလည်း တက်ရောက်နွှဲပျော်ကြကြောင်း တွေ့ရှိရသည်။ ယခုနှစ်တွင်လည်း မြို့နယ်လုံးကျွတ်ရခိုင်ရိုးရာရထားဆွဲပွဲကို စစ်တွေမြို့ ကျက်သရေဆောင်ဝက်ပါကွင်းကြီးတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်ထိ ခြိမ့်ခြိမ့်သဲသဲကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုရာသီပွဲတစ်ခုဖြစ်သော တပို့တွဲလရခိုင်ရိုးရာရထားဆွဲပွဲအကြောင်းကို ပြည်သူအများ သိရှိကြစေရန် စုစည်းတင်ပြရေးသားလိုက်ရပေသည်။ ။

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ထေရုပ္ပတ္တိစာအုပ်ထွက်ရှိခြင်း

တိပိဋကဓမ္မဥသျှောင်မင်းကွန်းထေရှင် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ဘဝဖြစ်စဉ် ထေရုပ္ပတ္တိတော်အား တိပိဋကနိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့၏ သမိုင်းမော်ကွန်း ပြုစုရေးအဖွဲ့က ရေးသားပြုစုခဲ့ပါသည်။

တစ်ခေတ်တစ်ခါမှ ပေါ်ထွန်းခဲ့သော မဟာတိပိဋကဆရာတော်ကြီး၏ ဘဝဖြစ်စဉ်ကို လေ့လာဖတ်ရှုလိုသူများ အောက်ပါဌာနတွင် တစ်အုပ်လျှင် ၇၀၀၀/- (ကျပ်ခုနစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

ဝယ်ယူနိုင်သည့်ဌာန-တိပိဋကကျောင်းတော်
အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်

နှစ်သစ်မင်္ဂလာဆုတောင်းမေတ္တာပို့သခြင်း

လားရှိုးမြို့နယ်၊ ဘာသာမရွေး နာရေးကူညီမှုအသင်း၏ လူမှုရေးလုပ်ငန်းများအတွက် စေတနာထက်သန်စွာဖြင့် လစဉ်အလှူငွေများလှူဒါန်းပေးကြသောစေတနာရှင်များ၊အခမဲ့ဆေးခန်းနှင့် သွားဆေးခန်းတွင် စေတနာဖြင့်စမ်းသပ်ကုသပေးသောလားရှိုးမြို့နယ်ဆရာဝန်များအသင်းမှ ဆရာဝန်များ၊ သွားဆရာဝန်များအသင်းမှ ဆရာဝန်များနှင့် လားရှိုးမြို့ရှိ တိုင်းရင်းသားပြည်သူအပေါင်းသည် နှစ်သစ်ကူးအခါသမယအချိန်မှစ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

နာယကအဖွဲ့နှင့်အသင်းကော်မတီများ
ဘာသာမရွေးနာရေးကူညီမှုအသင်း
လားရှိုးမြို့

ဗုဒ္ဓပူဇနိယပွဲတော်

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့ရွာ ကျက်သရေဆောင်
ဇိနမာရ်အောင် မြတ်စွာဘုရားကြီး၏ နှစ်တစ်ရာပြည့် ဗုဒ္ဓပူဇနိယပွဲတော်တွင်-
၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၃ရက် ည
သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)နာယက
အကျိုးတော်ဆောင်ချုပ်ဆရာတော်
၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၄ရက် ည
ဘဒ္ဒန္တပညာစက္ကာဘိဝံသ သာသနဇဓမ္မာစရိယ
ကျိုက္ကစံရွှေကျောင်းတိုက်သစ်၊ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး
၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၅ရက် ည
ဘဒ္ဒန္တနန္ဒသာရ သာသနဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ အသောကာရုံ
ရွှေကျောင်းစာသင်တိုက်
အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတို့မှ တရားတော်များဟောကြား
ပူဇော်မည်ဖြစ်ပါသည်။
၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၅ရက်တွင်
သံဃာတော်အပါး (၁၀၀)တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်ခြင်း၊ စာရေးတံမဲနှင့်
ဆွမ်းဆန်တော်လောင်းလှူခြင်းတို့ကို ပြုလုပ်ပူဇော်မည်ဖြစ်ပါသောကြောင့် ဘုရားတပည့်
ဥပါသကာ၊ ဥပါသိကာမအပေါင်းတို့အား အတူတကွပူဇော်နိုင်ကြရန်
အသိပေးနှိုးဆော်အပ်ပါသည်။

ဖြစ်မြောက်ရေးအဖွဲ့
အုန်းနဲ့ရွာ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၇၁၈၄၆၊ JLM 110 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလေး ၇/သဝတ(နိုင်)၀၆၃၀၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သာယာဝတီ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၇၀၈၁ Super Mandalar လိုက်ထရပ်၊ ပစ်ကပ် (၄×၂)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောမေ ၁၃/သနန(နိုင်)၀၁၃၇၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (လားရှိုး)

အမည်ပြောင်း

ဦးကျော်စွာထွန်း၏သား အလက ဇန်းမောက်မြို့ ပထမတန်းမှ မောင်ထွန်းမြင့်အောင်အား မောင်နိုင်လင်းကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်နိုင်လင်းကို

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ မြို့ပတ် ၁ လမ်း၊ ချောင်းကူးငယ်ရပ်ကွက်နေ ဦးညဏ်စိန်-ဒေါ်မြအေးတို့၏သမီး မစောမြတ်နွယ်သည် မိဘအားအကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ကျေးဇူးမသိတတ်သောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးညဏ်စိန်-ဒေါ်မြအေး

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း(အောက်)၊ အမှတ် ၁၀၂၊ ရှစ်လွှာနေ ဒေါ်ခင်ဥမ္မာ၏သားဖြစ်သူ မောင်အောင်ခန့်ဇင် ၁၂/ဥကတ(နိုင်)၁၉၀၈၇၃သည် မိဘဆိုဆုံးမစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။(နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်မယူပါ။)စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

အုပ်ထိန်းသူ
ဒေါ်ခင်ဥမ္မာ ၁၂/ဥကတ(နိုင်)၀၆၃၇၇၈

(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်

တပ်ကုန်း ဇန်နဝါရီ ၂၆

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရွှေမြို့ အုပ်စု ရွှေမြို့ကျေးရွာရှိ(၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ကျန်းမာရေး ဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ ရေးနှစ် ခွင့်ပြုငွေဖြင့် ဒိုင်းမွန်းစီးတီး ကုမ္ပဏီက တာဝန်ယူပြီး အသစ် ပြန်လည် တည်ဆောက်လျက်ရှိ ကြောင်း သိရသည်။

အဆိုပါ တိုက်နယ်ဆေးရုံပင်မ ဆောင်သစ်နှင့် ဝန်ထမ်းအိမ်ရာ သစ်တည်ဆောက်နေမှုကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက ကျန်းမာရေး ဦးစီးဌာန(ရုံးချုပ်) စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူး ဒေါက်တာ သာထွန်းကျော်၊ နေပြည်တော် ကျန်းမာရေးဦးစီးဌာန ညွှန်ကြား ရေးမှူး ဒေါက်တာလှလှကြည်နှင့် ဒေါက်တာဇာလီဝင်းနှင့်အဖွဲ့ တည် ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှု ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းတိုက်နယ်ဆေးရုံအသစ် မှာ အလျား ၁၉၄ ပေနှင့် အနံ ၁၁၇ ပေရှိ ဆေးရုံ ပင်မဆောင်၊ အလျား ၄၄ ပေနှင့် အနံ ၃၆ ပေရှိ ဆေးရုံအုပ်နေအိမ်၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ နှစ်ဆောင်၊ သုံး ခန်း တွဲဝန်ထမ်းအိမ်ရာ တစ်ဆောင်၊ ရင်ခွဲရုံတစ်ဆောင်၊ ရေဂါလန် ၃၂၀၀ ဆံ့ မြေအောက်ရေကန်၊ ရေစက်အိမ်များ ပါဝင်ကြောင်း သိရ သည်။ **မောင်လွင်(တပ်ကုန်း)**

LED လမ်းမီးများကောင်းမွန်စေရေး ဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၂၆

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ လျှပ်စစ်ဝန်ထမ်းများသည် မန္တလေးမြို့အတွင်း အဓိကလမ်းမ ကြီးများဖြစ်သည့် ၇၈ လမ်းတစ်လျှောက် သိပ္ပံလမ်းမှ ၂၆ လမ်းအထိ၊ ၃၅လမ်း တစ်လျှောက် မြို့ပတ်ကမ်းနားလမ်းမှ အောင်ပင်လယ်အထိ၊ လမ်း ၃၀ တစ်လျှောက် ၇၈ လမ်းမှ ၅၈ လမ်းအထိ၊ ၇၃ လမ်းတစ်လျှောက် တက္ကသိုလ် အပေါက်မှ ၂၆ လမ်းအထိ လမ်းဘေးဝဲယာရှိ LED လမ်းမီးများ ကောင်းမွန် စေရေးအတွက် ဇန်နဝါရီ ၂၃ ရက်ကစတင်၍ ညစဉ် LED လမ်းမီးများ ပြုပြင်လဲလှယ်ခြင်း ၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်။

ထို့အပြင် ကျန်မြို့နယ်များရှိ အဓိကလမ်းမကြီးများ၏ LED လမ်းမီး များကိုလည်း တစ်ဆက်တည်း ဆက်လက်ပြင်ဆင်သွားရန် စီမံချက်ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **တင်မောင်(မန္တလေး)**

စစ်ကိုင်းမြို့နယ်အတွင်း ပိုင်ရှင်မဲ့ တရားမဝင်သစ် တမလန်းဓားရှေတုံးများ သိမ်းဆည်းရမိ

စစ်ကိုင်း ဇန်နဝါရီ ၂၆

စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေး၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးညွန့်လှိုင်အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် ညက တရားမဝင်သစ်ရှာဖွေဖမ်းဆီးခြင်းလုပ်ငန်းကို စစ်ကိုင်း-ရွှေဘို- မုံရွာကားလမ်းတစ်လျှောက် စစ်ကြောင်းအသွင်ဖြင့် ဆောင်ရွက်စဉ် စစ်ကိုင်း-မုံရွာသွားကားလမ်း မိုင်တိုင်အမှတ် (၂၆/၆ နှင့် ၂၆/၇) အကြား မြောက်ဘက်တစ်မိုင်ခန့်အကွာ အုန်းတောကျေးရွာ မဟာဆယ်သန်းဘုန်းကြီးကျောင်း အနီး (GV-927365) တွင် စုပုံထားရှိသော တရားမဝင်သစ် တမလန်းဓားရှေ ၇၅ တုံးကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသော တရားမဝင်သစ် တမလန်းဓားရှေ ၇၅ တုံးကို စစ်ဆေးရာ ၇ ဒသမ ၆၆၁ တန်ဖြစ်ကြောင်း သိရှိရ၍ တရားမဝင်သစ်များကို ပိုးတန်းရပ်ကွက် မြို့နယ်သစ်တောရုံးဝင်းအတွင်း၌ သိမ်းဆည်းထားပြီး ပိုင်ရှင်ကို ဖမ်းဆီးနိုင်ရန် စုံစမ်းလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်း(စစ်ကိုင်း)**

ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ ကိစ္စရပ်များညှိနှိုင်းဆွေးနွေး

နတ်တလင်း ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာ ဝတီခရိုင် နတ်တလင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင် ထွန်း၊ အတွင်းရေးမှူး ဦးဆန်းနု၊ ဦးစီးအရာရှိ မြို့နယ် ထွေ/အုပ် နှင့် အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက် ၍ လုပ်ငန်းညှိနှိုင်း ဆောင်ရွက် ရာတွင် မြို့နယ် ထွေ/အုပ် အစည်း အဝေးခန်းမ၌ ဇန်နဝါရီ ၂၄ ရက် က ရပ်ကွက်/ကျေးရွာ အုပ်စု ၈၂ အုပ်စုမှ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးကြ သည်။ **ဝင်းမြင့်(နတ်တလင်း)**

အရန်သားဖွားဆရာမများ လေ့ကျင့်ပျိုးထောင်ရေး စီမံချက်ရှင်းလင်း

သထုံ ဇန်နဝါရီ ၂၆

ကျေးလက်ဒေသရှိ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုများ အင်အား ကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော စောင့်ရှောက်မှုများ ရရှိလာစေရန်အတွက် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက မြို့နယ်ကျန်းမာ ရေးဦးစီးဌာနနှင့် ပူးပေါင်းကာ သထုံမြို့နယ်တွင် လေ့ကျင့်သင်ကြားပေးမည့် အရန်သားဖွား ဆရာဆရာမများ လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်း အသိပေး ရှင်းလင်းပွဲကို ဇန်နဝါရီ ၂၃ ရက်က သထုံခရိုင် ပြည်သူ့ဆေးရုံအစည်း အဝေးခန်းမ၌ကျင်းပသည်။ အဆိုပါသင်တန်းကို မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့တွင်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး သထုံမြို့တွင်းမှ စိတ်ပါဝင်စားသူ သားဖွားဆရာမများကို စိစစ်ကာ စာတွေ့လက်တွေ့ သုံးလသင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

မြို့နယ်အဆင့် လုပ်ငန်းပြန်လည်သုံးသပ် ဆွေးနွေး

မိုးမောက် ဇန်နဝါရီ ၂၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်း အဝေးခန်းမတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် မိသားစုဝင်များ ဝင်ငွေတိုးပွားစေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်း ကျေးရွာများ၏ တွေ့ကြုံရသော အခက်အခဲများ၊ အကြံပြုချက်များကို ဖော်ထုတ်နိုင်ရန် ကော်မတီဝင်များ၊ အုပ်ချုပ်ရေး အဖွဲ့များ၊ သက်ဆိုင်သူများအားလုံးပါဝင်သည့် မြို့နယ်အဆင့် လုပ်ငန်းပြန်လည်သုံးသပ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲက ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးတွင် e-Government လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် Local Area Network ချိတ်ဆက်ခြင်း၊ Dynamic Website ရေးဆွဲခြင်း၊ Server နှင့်ဆက်စပ်ပစ္စည်းများ၊ Conference System အတွက် လိုအပ်သောပစ္စည်းများ၊ အစည်းအဝေးခန်းမသုံးစားပွဲများနှင့် Call Room ပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် လုပ်ငန်းအပ်နှံမည့်/ ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်စာရင်းကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၊ အုပ်စု(၁)၊ အဆောင်(၁၀)သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၈၁၀၃၃၇၀ သို့ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၂၉-၁-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၂-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၅:၃၀ နာရီ

ပစ္စည်းဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကြီးကြပ်မှုကော်မတီ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း(မြိတ်)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဆရာသုံးစားပွဲ (L3' x W 2.5' x H 2.5')	- ၅ လုံး
၂။	ဆရာသုံးထိုင်ခုံ (L 1.5' x W 1.2' x H 1.5')	- ၅ လုံး
၃။	ရုံးသုံးကုလားထိုင် [590(W) x 530(D) x 910(H)mm]	- ၅ လုံး
၄။	ရုံးသုံးဗီရို(သံ) [914(W) x 470(D) x 1817(H)mm]	- ၂ လုံး
၅။	ဖိုင်တင်စင် [914(W) x 316(D) x 986(H)mm]	- ၄ လုံး
၆။	အလူမီနီယမ် White Board (10' x 4')	- ၁ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၅-၂-၂၀၁၅ရက် ၁၆:၀၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်) ဖုန်း-၀၉-၈၇၆၂၂၃၀နှင့် ၀၉-၄၅၀၉၉၂၉၀၉တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ)
ပရိဘောဂပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ဆရာသုံးစားပွဲ (၃) လုံး
(ခ) ဆရာသုံးထိုင်ခုံ (၃) လုံး
(ဂ) ရုံးသုံးဗီရို(သံ) (၂) လုံး
(ဃ) ဖိုင်တင်စင် (၂) ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျိုင်းတုံ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၉-၂-၂၀၁၅ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ) ဖုန်း-၀၉-၃၆၁၆၉၃၆၄၊ ၀၉-၄၂၈၂၁၃၈၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)
ပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ကျောင်းသားသုံးစားပွဲ ၁၀ လုံး
(ခ) ကျောင်းသားသုံးထိုင်ခုံ ၁၀ လုံး
(ဂ) ရုံးသုံးကုလားထိုင် ၆ လုံး
(ဃ) ဖိုင်တင်စင် ၂ ခု
(င) ကုလားထိုင်(ဘွဲ့နှင်းသဘင်) ၁၁ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်းနည်းပညာတက္ကသိုလ်(ကျိုင်းတုံ)တွင်လာရောက်ဝယ်ယူနိုင်ပြီး ၉-၂-၂၀၁၅ ရက် ၁၆:၀၀နာရီနောက်ဆုံး ထား၍တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)ဖုန်း-၀၉-၃၆၁၆၉၁၆၉၊ ၀၉-၅၂၅၁၅၅၁ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနအတွက် Intercom ဖုန်း(၃၆)လိုင်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၂၇-၁-၂၀၁၅ရက်၊ (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၂-၂၀၁၅ရက်၊ (သောကြာနေ့) မွန်းတည့် ၁၂:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် (၅၃)နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၃၁၆ တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

ပြင်ဆင် ဖတ်ရှုပါရန်

၄-၁၂-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၆)ကန့်ကွက်ကြော်ငြာအမှတ်စဉ် (၂၀) ဦးထိန်လင်းအောင်၏ ဂရန်သစ်တွင် မြေအမည်ပေါက် ဒေါ်ကျင်ကျင်သန်းအစား ဒေါ်ကျင်ကျင်သိန်းဟု ဖတ်ရှုပါရန်။

ပြည်တွင်းသတင်း

တောင်သူများအတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်၊ ပြုပြင်သင်တန်းဖွင့်

ရေကြည် ဇန်နဝါရီ ၂၆

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် လယ်ယာသုံးစက်ကိရိယာများအသုံးပြုမှု တိုးတက်များပြားလာလျက်ရှိရာ လယ်ယာသုံးစက်ကိရိယာများကို တောင်သူများကိုယ်တိုင် ကျွမ်းကျင်စွာ မောင်းနှင်၊ ပြုပြင်နိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး မောင်းနှင်၊ ပြုပြင်မှုဆိုင်ရာသင်တန်းကို ပထမဆုံးအကြိမ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်၌ ဇန်နဝါရီ ၁၉ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ် သင်ကြားလျက်ရှိကြောင်း သိရသည်။

သင်တန်းကို ရေကြည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၇) စက်မှုလယ်ယာစခန်းက ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းတွင် စပါးရိတ်သိမ်းခြွေလှေ့စက်များအပါအဝင် လယ်ယာသုံးစက်ကိရိယာများကို မောင်းနှင်၊ ပြုပြင်ခြင်းဆိုင်ရာ အခြေခံသင်တန်းများအား စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိသည်။ သင်တန်းသို့ ရေကြည်မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၁ အုပ်စုမှ ဒေသခံတောင်သူ ၃၀ တက်ရောက်ကြောင်း သိရသည်။

လယ်ယာသုံးစက်ကိရိယာများကို တောင်သူများကိုယ်တိုင် လက်တွေ့အသုံးပြုရာတွင် ကျွမ်းကျင်စေရန်နှင့် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်စေရန် ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း၊ စက်ကိရိယာများကို တောင်သူများ ကျွမ်းကျင်စွာ အသုံးပြုနိုင်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အလျင်အမြန် ကူးပြောင်းနိုင်မည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးစေရေးအတွက် စက်မှုလယ်ယာမှ ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရေကြည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၇) စက်မှုလယ်ယာစခန်း ဦးစီးမှူး ဦးငွေးအောင်က ပြောကြားသည်။ အမှတ်(၁၇) စက်မှုလယ်ယာဦးစီးဌာနသည် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်၊ ပြုပြင်သင်တန်းဖွင့်လှစ်ခြင်းအပြင် လယ်ယာလုပ်ငန်းခွင်များအတွက် စက်ကိရိယာများ ငှားရမ်းခြင်းကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **မင်းဇော်ဦး(ရေကြည်)**

လူမှုဝန်ထမ်းဦးစီးဌာနကသံဖြူဇရပ်မြို့ မူလတန်းကြိုကျောင်း၌ ရင်သွေးငယ်ကလေးများ၏ ကာယစွမ်းရည်အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပစဉ်။(အေရိုးဗစ်၊ အပြေးပြိုင်ပွဲ၊ အရောင်းရွေး+ ကြိုးသီ၊ ခေါင်းအုံးရွက်၊ အာလူးကောက်၊ ဘောလုံးစသည့် အားကစားနည်း ၁၀ မျိုးတွင် မူကြိုကလေးငယ် ၂၆၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။) **ကျော်ဝင်း(iprd)**

ကလေး အထက(၄)၌ ကျောင်းဆောင်သစ်တည်ဆောက်မှု လာမည့်ပညာသင်နှစ်အမီ ပြီးစီးမည်

ကလေး ဇန်နဝါရီ ၂၆

ကလေးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ အလျားပေ ၁၄၀၊ အနံပေ ၃၀၊ အမြင့် ၃၄ ပေရှိ အာရ်စီသုံးထပ်ကျောင်းဆောင်သစ်မှာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ရာ လာမည့်ပညာသင်နှစ်အမီ တည်ဆောက်မှုများ ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ကို နှစ်ထပ်အဖြစ်ဆောက်လုပ်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ မူလခွင့်ပြုရန်ပုံငွေကျပ် ၁၁၃၄ သိန်း ချထားပေးခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အရ သုံးထပ်ကျောင်းဆောင်သစ်အဖြစ် ပြောင်းလဲတည်ဆောက်ခြင်းဖြစ်ပြီး သုံးထပ်ကျောင်းဆောင်သစ်အတွက် ကုန်ကျငွေမှာ ငွေကျပ် ၂၂၇၃ သိန်းဖြစ်ကြောင်း သိရသည်။ ကျောင်းဆောင်သစ်ဆောက်လုပ်မှုလုပ်ငန်းများ အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က ဘိလပ်မြေ အိတ် ၅၀၀ နှင့် စာရေးခုံများပြုလုပ်ရန် ငွေကျပ်သိန်း ၃၀ ထောက်ပံ့ပြီး ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဘိလပ်မြေအိတ် ၁၀၀ နှင့် လိုအပ်သောခွဲကျောက်များကို ပံ့ပိုးခဲ့သည်။ **ဂျူနိုင်း**

အင်းတော်မြို့နယ်၌ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

မော်လူး ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ စီးမော်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသော ဒေသခံပြည်သူများအား အင်းတော်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရာတွင် အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများ၊ အသစ်လဲလှယ်သူများ၊ ပျောက်ဆုံးသူများအား မိတ္တူထုတ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီးမော်ကျေးရွာအုပ်စုမှ လူဦးရေ ၁၇၀ ခန့်ကို နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခြင်းကို အင်းတော်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သူ၊ ဒုဦးစီးမှူး ဦးတင့်ဆွေဦးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ စီးမော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာများမှ ရာအိမ်မှူးများက လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန
မွန်ပြည်နယ်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အကျဉ်းသား၊ အချုပ်သားများ စားသုံးရန်လိုအပ်သော ရိက္ခာဆန်များဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းမည့်သူအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်ငွေအဖြစ် ငွေကျပ်သိန်းတစ်ရာတိတိအား မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းထားသည့်ငွေရပြေစာ (သို့မဟုတ်) ချလန်အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၇-၁-၂၀၁၅ ရက်မှ ၃-၂-၂၀၁၅ ရက်ထိ
တင်ဒါဖွင့်မည့်ရက် - ၄-၂-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ - မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မော်လမြိုင်မြို့

၃။ တင်ဒါပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် အကျဉ်းဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၉-၈၇၀၀၇၁၄၊ ၀၅၇-၂၆၉၈၁ အကျဉ်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၉-၅၀၉၆၁၀၂၊ ၀၅၇-၂၄၇၃၉၊ ၀၅၇-၂၄၇၃၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန
မွန်ပြည်နယ်

3D MYANMAR မှ ပညာသင်ဝန်ထမ်းများအလိုရှိသည်

Rhino Gold အားအသုံးပြုပြီး လက်ဝတ်ရတနာဒီဇိုင်းများရေးဆွဲနိုင်ရန် သင်ကြားပေးမည်။ ပညာသင်အစမ်းခန့်ကာလအတွင်း ထိုက်တန်သော လစာပေးမည်။ 3D ဒီဇိုင်းရေးဆွဲခြင်းအား အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ပြီး တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားရမည်။ Auto CAD နှင့် Computer အခြေခံရှိသူဦးစားပေးမည်။ (၂၀၁)၊သီဟသူရလမ်း၊ ၁၁ ရပ်ကွက်၊တ/ဥ၊ ရန်ကုန်။
ဖုန်း- 01-570798, 09-420096000, 09-420754739 info@Lifeandchallenge.com

အစိုးရစက်မှုလက်မှုသိပ္ပံ (ကန့်ဘလူ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကန့်ဘလူ)၏ ရုံးခန်း(၄)ခန်းအား သံပန်း၊ သံတံခါးတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ပြတင်းပေါက်များ	၅၅ ချပ်
၂။	တံခါးများ	၁၂ ချပ်
၃။	သံဘာဂျာတံခါး	၂ ခု
၄။	Fanlight	၁၆၁ ချပ်
၅။	မှန်ပြင်	၂ ချပ်

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၂၉-၁-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၂-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀ နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစိုးရစက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ)
ကန့်ဘလူမြို့
ဖုန်း-၀၇၅-၂၇၀၀၃

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇ယ/၆၄၇၅၇ Honda Dream 11 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသက်လွင် MWI-008194 က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြဝတီမြို့)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ယ/၅၄၉၆၇ Honda Dream 11 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၁၂/လမန(နိုင်)၁၀၄၂၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြဝတီမြို့)

မြေကွက်များလေလံတင်ရောင်းချမည်ဖြစ်ကြောင်း
အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနလက်အောက်ရှိ ဒဂုံ-ဇရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းမှ (ပေ၄၀×ပေ၆၀) ပွဲရုံမြေကွက်များ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ မြေကွက်များအား ၁၃-၂-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၁၀း၀၀နာရီတွင် မြို့တော်ခန်းမ၌ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို အင်ဂျင်နီယာဌာနတွင်(အဆောက်အအုံ)(ဆယ်ထပ်ရုံး)ရှိ ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၁၂-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၀၀နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ဖြစ်စေ၊ ဖုန်း ၀၁-၂၄၉၅၂၅၊ ၀၁-၃၇၄၀၇၇၊ ၀၁-၃၈၂၅၁၈ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ပျောက်ဆုံးကြောင်း

ကျွန်မ မနေဇာလင်း ၅/အတန(နိုင်)၀၅၂၈၉၅၏ နိုင်ငံကူးလက်မှတ်(၉၉၂၇၇၈)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

မနေဇာလင်း ဖုန်း-၀၈၂-၂၆၂၉၆

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၇)ပါ ဦးအောင်ကျော်မိုး ၇/နတလ(နိုင်)၀၀၀၁၀၀ သိစေရန်ကြော်ငြာတွင် လွှဲအပ်ညွှန်ကြားသူ ဒေါ်ဝင်းမင်းသောင်းအစား ဒေါ်ဝင်းမင်းကောင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

ကော့သောင်း ဇန်နဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်နှင့် ခမောက်ကြီးမြို့နယ်ရှိ အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများအား နိုင်ငံတော်သမ္မတက ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ်နှစ်သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက ဇန်နဝါရီ ၂၄ ရက်တွင် ဘိုးဘွားများထံ အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်မှ အသက် ၁၀၉ နှစ်ရှိ အဘွားတစ်ဦး၊ ခမောက်ကြီးမြို့မှ အသက် ၁၀၂ နှစ်နှင့် ၁၀၅ နှစ်ရှိ အဘွားနှစ်ဦး၊ အသက် ၁၀၄ နှစ်ရှိ အဘိုးတစ်ဦးတို့အား နိုင်ငံတော်သမ္မတကြီးက ထောက်ပံ့သည့် ငွေကျပ်နှစ်သိန်းစီ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ပစ္စည်းများကို ဘိုးဘွားများထံ အိမ်တိုင်ယာရောက် သွားရောက်ပေးအပ်ပြီး ဘိုးဘွားများအား ကန်တော့ခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

မြင်းခြံမြို့မဈေးကြီး ဈေးသူဈေးသားများ မီးငြှိမ်းသတ်နည်း လက်တွေ့လေ့ကျင့်

မြင်းခြံ ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြို့မဈေးကြီးတွင် ဈေးသူဈေးသားများနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေးသရုပ်ပြလေ့ကျင့်ခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်မှုသရုပ်ပြခြင်းများကို ဇန်နဝါရီ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

မီးငြှိမ်းသတ်မှု လက်တွေ့သရုပ်ပြရာတွင် မီးသတ်ဦးစီးဌာနမှူး ဦးကျော်သူရနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများက မီးသတ်ယာဉ်များ၊ မိုဘိုင်းမီးသတ်စက်ငယ်များ၊ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြှိမ်းသတ်မှုကို သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

မီးဘေးအန္တရာယ်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ စည်ပင်သာယာရေး ဦးစီးဌာနမှူး မြို့မဈေးကြီးတာဝန်ခံနှင့် ဈေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ဇော်မင်းနိုင်(မြင်းခြံ)

မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

တာချီလိတ် ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်က တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည်။

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိကြောင်း၊ ကျေးလက်နေလူဦးရေ၏ ၂၉ ဒသမ ၂ ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးသူများဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရည်မှန်းချက်ဖြစ်သည့် လက်ရှိဆင်းရဲနွမ်းပါးမှုနှုန်း ၃၂ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေးရည်မှန်းချက်ကို ယခုမြစိမ်းရောင်စီမံကိန်းက အထောက်အကူဖြစ်စေကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ဆွေးနွေးပွဲတွင် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက မြစိမ်းရောင်စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကရည်မှန်းချက်မှာ စီမံကိန်းကျေးရွာများရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျှော့ချရန်၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊ ကျေးလက်အခြေခံအဆောက်အအုံများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်၊ မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များကျရောက်လာပါက တုံ့ပြန်ဆောင်ရွက်မှုအားကောင်းသော လူမှုရေးအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်က မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းထားရှိမှု၊ စီမံကိန်းကျေးရွာများ၏ ရန်ပုံငွေကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ကျေးလက်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအဖွဲ့ဝင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

> ဆင်းရဲနွမ်းပါးမှုနှုန်း ၃၂ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေးရည်မှန်းချက်ကို မြစိမ်းရောင်စီမံကိန်းက အထောက်အကူဖြစ်စေနိုင်. . .

ထို့နောက် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သော ဝမ်ကော့၊ စပါယ်-ဆန်နား၊ နာတာကျို ၊ မောတွီ၊ ပါတောင်း၊ ဟိုနား(အာခါ)၊ ပါသားနှင့် ပန်နယ်ကျေးရွာများမှ လုပ်ငန်းကော်မတီဝင်များက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စပါယ်-ဆန်နား မြစိမ်းရောင်ကျေးရွာအတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း(iprd)

ကလေးမြို့၏ မြောက်ဘက်အဝင် ကျီကုန်း–ကလေးလမ်းမပေါ်၌ မြန်မာ့ပန်းပုလက်ရာများ၊ ပုဂံခေတ်အနုပညာလက်ရာများဖြင့် အလှဆင်တည်ဆောက်လျက်ရှိသော အကျယ် ၃၅ ပေ၊ အမြင့် ၂၉ ပေ ၃ လက်မ၊ ကားအဝင်ကင်းလွတ်အမြင့် ၁၈ ပေရှိ မြို့ဝင်မုခ်ဦးကြီး တည်ဆောက်ပြီးစီးမှုကို ဇန်နဝါရီ ၂၄ ရက်က တွေ့ရစဉ်။

ဂျူနိုင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ကမာရွတ်မြို့နယ်၊ ကျန်းမာရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကမာရွတ်မြို့နယ်၊ ကျန်းမာရေးဦးစီးဌာန၏ ပင်မဆောင်နှင့် Extension ပြင်ဆင်မွမ်းမံခြင်းအတွက် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၇-၁-၂၀၁၅ ရက် (အင်္ဂါနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၁၀-၂-၂၀၁၅ ရက် (အင်္ဂါနေ့)

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကမာရွတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။ **ကမာရွတ်မြို့နယ်ကျန်းမာရေးဦးစီးဌာန**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၁၄၀၉၊ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ အလျားပေ ၄၀×အနံပေ ၆၀ အကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးမောင်မောင်သန်း ၁၂/လမတ(ဧည့်)၀၀၀၅၃၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)
(စဉ်-၆၇၀၂)
အမှတ် ၅၆၁/M.A.C Tower အခန်း ၁၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ ညစာစားပွဲ ဖိတ်ကြားခြင်း

O.T.S(31)

ဗိုလ်သင်တန်းအမှတ်စဉ်(၃၁)၏ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ ညစာစားပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများ ဇနီးနှင့်အတူ တက်ရောက်ပါရန်နှင့် ကွယ်လွန်ပြီးသော သူငယ်ချင်းများ၏ ဇနီးများပါ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် - ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (သောကြာနေ့)
ကျင်းပမည့်အချိန် - ညနေ ၁၈း၀၀ နာရီ
ကျင်းပမည့်နေရာ - Royal Garden Restaurant
နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ ဗဟန်းမြို့နယ်

အလုပ်အမှုဆောင်ကော်မတီ
ဖုန်း-၆၁၀၁၄၇၊ ၆၁၃၆၀၅၊ ၀၉-၅၀၀၄၆၉၂

ကျေးဇူးဆပ်ပါမည်

မော်လမြိုင်မြို့၊ မောင်ငံရပ်၊ မြင်းစီးလမ်း၊ အမှတ် ၈ နေ ဦးတင်ဝင်း၏သား ဦးကျော်ကျော်ဝင်း ၁၀/ရမန(နိုင်)၁၈၅၉၁၇ သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထုတ်ပေးသည့် GSM အမျိုးအစား ဖုန်းအမှတ် ၀၉-၄၀၀၉၈၈၈၈ ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါဖုန်းသည် ၂၀၁၄ခုနှစ် အောက်တိုဘာလအတွင်း ပျောက်ဆုံးသွား၍ မုပွန် နယ်မြေရဲစခန်းတွင် တိုင်ကြား၍ ထောက်ခံချက်ဖြင့် ပြန်လည်လျှောက်ထားရာ ၂၀၁၄ခုနှစ် ဒီဇင်ဘာလတွင် Sim Card ရရှိသော်လည်း မူရင်းစာချုပ်မှာ ပျောက်ဆုံးသွားပါသည်။ သို့ဖြစ်ပါ၍ ဖုန်း၏မူရင်းစာချုပ်အား ရရှိထားသူများမှ အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပါက ကျေးဇူးဆပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်ကျော်ဝင်း

မိတ်ဆုံညစာစားပွဲဖိတ်ကြားခြင်း

ဒုတိယရဲအုပ်လောင်းအရာရှိသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်းသူငယ်ချင်းများ၏ (၃၂)နှစ်မြောက် မိတ်ဆုံစားပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်

နေ့ရက် - ၁-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
အချိန် - ညနေ ၆း၀၀ နာရီ
နေရာ - ရွှေရှမ်းကန်စားသောက်ဆိုင်၊ အင်းလျားလမ်း၊ ရန်ကုန်မြို့
မှတ်ချက်- တက္ကသိုလ်များ လေ့လော့အသင်းဝင်ပေါက်မှဝင်ရန်။

ဒုတိယရဲအုပ်လောင်းအရာရှိသင်တန်း အမှတ်စဉ် (၁၅)၊
လူမှုရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၇၂၁) အမည်ပေါက် ဦးညွှန့်လှိုင်၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ညွှန့်ညွှန့်လှိုင် ၁၄/ဖပန(နိုင်)၀၆၇၆၇၄ မှ မြေကွက်စလစ်(မူရင်း)၊ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၁၇၂၀) အမည်ပေါက် ဦးတင်ဝင်း၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ဖြိုးအိဇင် ၁၂/တမန(နိုင်)၁၁၇၇၄၆ မှ မြေကွက်စလစ်(မူရင်း)၊ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အောင်လံမြို့နယ်တွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ် နှစ်ခုဖွင့်

အောင်လံ ဇန်နဝါရီ ၂၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်ရှိ ကျောက်ပန်းတောင်းကျေးရွာနှင့် ရွှေပန်းတောကျေးရွာတို့တွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်များကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့သည်။

ကျောက်ပန်းတောင်း ကျေးရွာဆေးရုံသစ်ကို မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံထွန်း၊ နန်းထိုက်ဝင်း ဆောက်လုပ်ရေးကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဆေးရုံသစ်ဆိုင်းဘုတ်ကို မကွေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဘဏ္ဍာရေးဝန်ကြီးနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးတို့က အမှာစကားပြောကြားပြီး (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဆောက်လုပ်သည့် နန်းထိုက်ဝင်း ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်သူက အဆောက်အအုံဆိုင်ရာ အချက်အလက်များကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် အလှူရှင်များက တိုက်နယ်ဆေးရုံပဒေသာပင်အတွက် ငွေကျပ် ၄၉ သိန်းကျော် ပေးအပ်လှူဒါန်းကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုများ စတင်ဆောင်ရွက်ပေးနေပြီဖြစ်သော ကျောက်ပန်းတောင်းကျေးရွာ တိုက်နယ်ဆေးရုံ။

ဆက်လက်၍ ရွှေပန်းတောကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို မကွေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးဆလိုင်းလှထွန်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွန်း၊ မြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံထွန်းနှင့် သူရလင်း ဆောက်လုပ်ရေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဆေးရုံသစ်ဆိုင်းဘုတ်ကို တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အလှူရှင်များက ရွှေပန်းတော (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင်လှူဒါန်းငွေကျပ် ၆၃ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ကျောက်ပန်းတောင်း ကျေးရွာ တိုက်နယ်ဆေးရုံသစ်နှင့် ရွှေပန်းတောကျေးရွာ တိုက်နယ်ဆေးရုံသစ်များကို နိုင်ငံတော်က ငွေကျပ် ၅၇၅၀ သိန်းစီ အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး အောင်လံမြို့နယ်အတွင်း ယခုကဲ့သို့ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံများ ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဒေသခံကျေးရွာများမှ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်စွာ ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၁၁၉)

သတင်းတို

ရွှေဘို – မြစ်ကြီးနားလမ်းမကြီးကြားရှိတံတားများပြုပြင်ထိန်းသိမ်း

ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခု ဖြစ်သော ပင်ဝဲ-မော်လူး-နန့်စီးအောင်လမ်းပိုင်းရှိ တံတားများအား လမ်းစီမံကိန်းအထူးအဖွဲ့(၁)မှ အဖွဲ့နှစ်ဖွဲ့ခွဲကာ ဆောင်ရွက်လျက်ရှိရာ မော်လူး-နန့်စီးအောင်ကြားရှိ အရှည် ၅ ပေနှင့် ၁၀ ပေရှိ ကျိုးပဲ့နေသည့် သစ်သားတံတားများကို မော်တော်ယာဉ်များ အဆင်ပြေ ချောမွေ့စွာသွားလာနိုင်ရန် ပထမအဆင့်အဖြစ် ပြုပြင်ထိန်းသိမ်းမှုများကို ဇန်နဝါရီ ၂၄ ရက်က ဆောင်ရွက်လျက်ရှိသည်။

ခင်မောင်ဆွေ(မော်လူး)

တိုင်ထောင်ခရမ်းချဉ်စိုက်ခင်းများ အောင်မြင်လျက်ရှိ

ဆားလင်းကြီး ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ရေမိန်တောင်ရွာ၌ ရေသွင်းစိုက်ပျိုးသည့် တိုင်ထောင်ခရမ်းချဉ်စိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်က ခရမ်းချဉ်မျိုးကို အပင်တစ်ထောင် စမ်းသပ်စိုက်ပျိုးကြည့်တာ အကျိုးဖြစ်ထွန်းတယ်။ အပင်ရေတစ်ထောင်အတွက် စိုက်ပျိုးစရိတ်၊ လုပ်အားစရိတ်၊ ဆေးဖိုး၊ မြေဆီဖိုး၊ အားလုံးကုန်ကျငွေ တစ်သိန်းကုန်ပါတယ်။ အခုဆိုရင် ခရမ်းချဉ်ဈေးကကောင်းတော့ ရှစ်သိန်းဖိုးလောက်ရထားပြီး ဖြစ်ပါတယ်။ နောက်ထပ်လည်း နှစ်သိန်းဖိုးလောက်တော့ ထပ်ရလိမ့်မယ်လို့ခန့်မှန်းထားပါတယ်။ ခရမ်းချဉ်ကအထွက်နှုန်းကောင်းပါတယ်”ဟု ရေမိန်တောင်ရွာမှ တိုင်ထောင်ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ပြောသည်။ ခရမ်းချဉ်စိုက်တောင်သူများသည် (၁၁၁)အမျိုးအစားနှင့် (၉၀၉)အမျိုးအစား ခရမ်းချဉ်များကို အဓိကစိုက်ပျိုးကြပြီး (၁၁၁)အမျိုးအစားက အထွက်နှုန်းအနည်းငယ်လျော့ကာ တစ်ပိဿာ ငွေကျပ် ၇၀၀ ခန့်ရကြောင်း၊ (၉၀၉) အမျိုးအစားက အထွက်နှုန်းပိုကောင်းသော်လည်း တစ်ပိဿာဈေးမှာ (၁၁၁)ထက်လျော့နည်းကြောင်း၊ မည်သည့်အမျိုးအစားကို စိုက်သည်ဖြစ်စေ အမြတ်ရရှိမှုအရ တန်းတူခန့်ရှိကြောင်း၊ ယခင်နှစ်များတွင် တိုင်ထောင်ခရမ်းချဉ် ဈေးမကောင်းသဖြင့် တောင်သူများအနေဖြင့် အရင်းရရုံသာရှိသော်လည်း ယခုနှစ်တွင် ခရမ်းချဉ်ဈေးကောင်းနေသဖြင့် တောင်သူများအဆင်ပြေလျက်ရှိကြောင်း တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

ဦးငယ်(ဆားလင်းကြီး)

တောင်ကြီးတက္ကသိုလ်၌ ရှေးဦးသူနာပြုသင်တန်းဆင်းပွဲ ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ် တောင်ကြီးခရိုင် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်တွင် ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်း(၁ /၂၀၁၅) ၏ သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲ၌ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာမူမူမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ကြက်ခြေနီနည်းပြချုပ် ဒေါ်မြမြစိန်က သင်တန်းအတွေ့အကြုံများကိုပြောကြားသည်။ ထို့နောက် တောင်ကြီးတက္ကသိုလ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးစိုးနွယ်က တက္ကသိုလ်မောင်မယ်များအား ရှေးဦးသူနာပြုစုခြင်းအခြေခံကို သင်ကြားပေးပြီးဖြစ်၍ ဆက်လက်လေ့လာသင်ကြားကြရန်နှင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ကြက်ခြေနီအသင်းဦးစီးပထမတန်း ဦးအေးချမ်းက တောင်ကြီးတက္ကသိုလ်ကြက်ခြေနီအသင်းသို့ ထောက်ပံ့ပစ္စည်းများနှင့် သင်တန်းဆင်းကတ်ပြားများကို ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာမောင်မောင်လွင်စောအား ပေးအပ်သည်။

အဆိုပါ ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်း(၁/၂၀၁၅) သို့ တောင်ကြီးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၈၀ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

မြေကွက်ရောင်းရန်ရှိသည်

ပန်းလှိုင်ဂေါက်ကွင်း၊ အိမ်ရာအတွင်း မြေအကျယ်စတုရန်းပေ ၂၆၀၀၀ ကျော်၊ ရေကန်နှင့် ဂေါက်ကွင်း View ပါဝင်ပါသည်။ ဂရန်ပေါက်ပြီး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၂၈၆၀၀၈၆၊ ၀၉-၇၉၅၂၈၁၃၄၄

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)မြောက်၊ မြေကွက်အမှတ် ၄၁၄(ခ)၊ မြေကွက်တည်နေရာအမှတ် ၄၁၄/ခ၊ အနော်မာ(၂၀)လမ်းအနောက်၊ (၂)မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးပါအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဦးနိုင်မောင်မောင်မှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၁၆၅ဖြင့် ဦးပါအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ် ၁၂၉ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘိလစ်ဒေါ်အေးအေးမြင့် ၁၂/သကတ(နိုင်)၀၀၅၄၆၀မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉(ခ)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၆၄၅)ဟုခေါ်တွင်သည့် အကျယ်အဝန်း(ပေ၄၀× ပေ ၆၀)ရှိသော ပါမစ်မြေအမည်ပေါက် ဦးဝင်းတင်ထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရှိရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်တင်တင်ဝင်း ၁၂/သဃက(နိုင်)၀၂၁၂၃၉က အဆိုပြုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကေရီ LL.B	**ဒေါ်ခင်မိုးရွှေ LL.B,LLM**
အထက်တန်းရှေ့နေ-၄၁၀၇၇	**တရားလွှတ်တော်ရှေ့နေ-၇၉၀၃**

တိုက်အမှတ် ၉၊ အခန်းအမှတ် ၁၀၃/AB၊ ပထမထပ်(ဝဲဘက်ခန်း)၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၉၄၄၅၇

၁၈-၁-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ
ဦးမြင့်ကိုကို ၁၂/ဒလန(နိုင်)၀၃၃၅၀၉ က ဒေါ်ဥမ္မာလှိုင် ၁၂/ဒလန(နိုင်)၀၀၀၁၁၉
သိစေရန်ကြေညာချက်သည် မဟုတ်မမှန်ကြောင်း

ပြန်လည်ရှင်းလင်းကြေညာချက်

ဦးမြင့်ကိုကိုသည် ပေါင်းသင်းနေထိုင်သည့်ကာလအတွင်း လင့်ဝတ္တရားကျေပွန်ကျွေးမွေးစောင့်ရှောက်ခဲ့ခြင်းမရှိသည့်အပြင် အခြားသောမိန်းမများနှင့် ဖောက်ပြန်ပြီး ကျွေးမွေးထောက်ပံ့ခြင်းပြုလုပ်သဖြင့် အကြိမ်ကြိမ်စကားများရန်ဖြစ်၍ နှိပ်စက်ခံခဲ့ရပါသည်။ ခြိမ်းခြောက်နှင်ချသဖြင့် အကြိမ်ကြိမ် နေအိမ်မှဆင်းခဲ့ရသော်လည်း ၎င်းအနေနှင့် ပြန်လာရန်တစ်ကြိမ်မှ ပြောဆိုခဲ့ခြင်းမရှိပါ။ မိဘများ၏ဖြောင်းဖျပြောဆိုမှုကြောင့် နေအိမ်သို့ မိဘများပြန်ပို့ခဲ့သော်လည်း နည်းမျိုးစုံဖြင့် နေအိမ်တွင်မနေနိုင်အောင် ညှဉ်းပန်းနှိပ်စက်၍ နေအိမ်မှ အကြိမ်ကြိမ်နှင်ချခြင်းခံရသောကြောင့် နေစရာမရှိသည့်အတွက် မိဘအိမ်တွင် ခိုကပ်နေခဲ့ရပါသည်။ နှိပ်စက်သည့်ဒဏ်ကို ဆက်လက်၍မခံနိုင်တော့သဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၉/၂၀၁၅ ဖြင့် ကွာရှင်းပြတ်စဲ၊ ပစ္စည်းခွဲဝေပေးစေလိုမှု တရားစွဲဆိုထားကြောင်း သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ	**လွှဲအပ်ညွှန်ကြားသူ-**
ဒေါ်ဥမ္မာဝင်း LL.B	**ဒေါ်ဥမ္မာလှိုင်**
အထက်တန်းရှေ့နေ စဉ်-၄၁၉၁၈	**၁၂/ဒလန(နိုင်)၀၀၀၁၁၉**
အမှတ် ၁၇၀၊ ဦးရင်မောင်လမ်း၊	**အမှတ် ၄၇၊ ဒလတွံတေးကားလမ်းမ၊**
ဖိန်းပါတ်ရပ်ကွက်၊ ဒလမြို့(အိမ်)	**တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့**
(ရုံး)အမှတ် (၅၈)တတိယအလွှာ၊	
ရန်ကုန်ရှေ့နေအသင်း၏အရှေ့၊ မဟာဗန္ဓုလပန်းခြံလမ်း၊	
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ မြေကွက်အမှတ်(၁၄၄)၊ မြေကွက်တည်နေရာအမှတ်(၁၄၄)၊ မိဂသီ(၂၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးချစ်တင်၊ ဦးတင်မောင်၊ ဦးအောင်ကြိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချစ်တင်နှင့် ဇနီး ဒေါ်သိန်းလှ ကွယ်လွန်သဖြင့် ၎င်းအစုကိုသားသမီးများဖြစ်ကြသည့် ဒေါ်ခင်သိန်း ၁၂/ဥကတ(နိုင်)၁၈၉၁၄၄၊ ဒေါ်စန်းစန်းအေး ၁၂/ဥကတ(နိုင်)၁၁၆၇၀၀၊ ဒေါ်သီတာအေး ၁၂/ဥကတ(နိုင်)၁၁၆၇၀၂၊ ဒေါ်ထားထားခင် ၁၂/ဥကတ(နိုင်)၁၆၃၇၂၃ တို့ကလည်းကောင်း အမည်ပေါက် ဦးတင်မောင် ကွယ်လွန်သဖြင့် ၎င်းအစုကို ဇနီးဖြစ်သူ ဒေါ်ကြိုင် ၁၂/ဥကတ(နိုင်)၁၁၆၄၅၃ က လည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအောင်ကြိုင် ကွယ်လွန်သဖြင့် ၎င်းအစုကို ဇနီးဖြစ်သူ ဒေါ်မြညွန့် ၁၂/သဃက(နိုင်)၀၂၂၂၇၉ ကလည်းကောင်း၊ သမီးများနှင့် ဇနီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာများ၊ သေစာရင်းများတင်ပြ၍ ၎င်းတို့အားလုံးကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၅၅၆(၁၀-၁၀-၁၃)ဖြင့် ရရှိသူ ဒေါ်စန်းစန်းလွင်(ခ) Lin Yee Sin ၁၂/အလန(နိုင်)၀၀၂၁၁၅ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၂၉၈(၂၅-၁၀-၁၃)ကို တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန်၊ စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဇ)၊ မြေကွက်အမှတ် ၁၆၊ မြေကွက်တည်နေရာအမှတ် ၁၆၊ ခေမာသီလမ်းမ ဒေါ်ခင်သန်း ၁၂/ဥကမ(နိုင်)၁၂၂၂၆၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် အစ်မ ဒေါ်ခင်သန်း(အပျိုကြီး) ကွယ်လွန်သဖြင့် ဦးစိုးမြင့် ၁၂/ဥကမ(နိုင်)၁၂၃၂၃၀က တစ်ဦးတည်းသောမောင်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၈၁)၊ မြေကွက်တည်နေရာအမှတ်(၈၁)၊ ဗိုလ်လရောင်လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးမောင်ကြိုင် ၁၂/ဒပန(နိုင်)၀၃၄၁၉၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်ကြိုင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မြရီ ၁၂/ဒပန(နိုင်)၀၀၇၂၇၄ မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် တင်ပြမှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အာဆင်နယ် နောက်တန်းခံစစ်ကို အားဖြည့်မယ့် ပေါ်လစ္စတာ

ဗီလာရီးရဲ နောက်တန်းကစားသမား ဂေါ်ဘရီ ပေါ်လစ္စတာဟာ အာဆင်နယ်သို့ ရောက်ရှိလာတော့မှာပါ။ သူဟာ အာဆင်နယ်ကစားသမားအဖြစ် သွားရောက်ကစားလိမ့်မယ်လို့ စပိန်ကလပ်ဗီလာရီးရဲက ပြောဆိုလိုက်ပါတယ်။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ ပေါ်လစ္စတာကို ပေါင် ၁၅သန်းနဲ့ ခေါ်ယူဖို့မူဘောင်သဘောအရ သဘောတူလိုက်ပြီလို့ ဆိုပါတယ်။ ဘရာဇီးဗဟိုခံစစ်မှူး ပေါ်လစ္စတာကို အပြီးသတ်စာချုပ်ခြင်းမပြီးမီ အလုပ်ပါမစ်ရဖို့ဆောင်ရွက်ပေးသွားမယ်လို့ အာဆင်နယ်တာဝန်ရှိသူများက ဆိုပါတယ်။ ၂၀၁၃ ခုနှစ်က ဘရာဇီးဗစ်တိုးရီးယားကလပ်မှ ဗီလာရီးရဲသို့ရောက်ရှိလာခဲ့တဲ့ ပေါ်လစ္စတာကိုခေါ်ယူဖို့ ဆွေးနွေးနေတယ်လို့နည်းပြအာစင်ဝင်းဂါးက အတည်ပြုပြောဆိုလိုက်ပါတယ်။

ပေါ်လစ္စတာ အာဆင်နယ်ကစားသမားဖြစ်ဖို့ ၅၀ ရာခိုင်နှုန်းစီရှိနေတယ်လို့ဆိုပါတယ်။ အာဆင်နယ်အနေဖြင့် လိုအပ်နေတဲ့ နောက်တန်းကစားသမားတစ်ဦးကို အမြန်ဆုံးရှာဖွေဖို့ ကြိုးစားနေတာကြာပါပြီ။

ယခုတော့ နည်းပြဝင်းဂါး အကြိုက်ဖြစ်လာမယ့် ဗဟိုခံစစ်မှူး ပေါ်လစ္စတာဟာ မကြာမီမှာ အာဆင်နယ်အတွက် ကစားပေးနိုင်တော့မယ်လို့ မျှော်လင့်ရပါသည်။

နိုင်ငံတကာအားကစား

ချယ်လ်ဆီးနှင့် လီဗာပူးဗိုလ်လုပွဲဘယ်သူတက်မလဲ

မိုးမြင့်လင်းလက်

ကတ်ပီတယ်ဝမ်းဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ ပွဲစဉ်တွေကို ဇန်နဝါရီ ၂၈ ရက်နဲ့ ၂၉ ရက် နံနက်ပိုင်းတွေမှာ ဆက်လက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ပြတ်သားတဲ့ ရလဒ်ကို အပြိုင်ပုံဖော်ကြမယ့် လီဗာပူးနဲ့ ချယ်လ်ဆီးတို့ရဲ့ အားပြိုင်မှုနဲ့ စပါးနဲ့ ရှက်ဖ်ဖီးယူနိုက်တက်အသင်းတို့မှာ ဘယ်အသင်းတွေ နောက်ဆုံးဗိုလ်လုပွဲတက်ရောက်မသွားမလဲဆိုတာ ရင်ခုန်စရာကောင်းနေပါတယ်။

ချယ်လ်ဆီးနှင့် လီဗာပူး

ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ အခုပွဲစဉ်ဟာ အကြိတ်အနယ်ရှိမယ့် ပွဲစဉ်ဖြစ်နေပါတယ်။ နှစ်သင်းစလုံးဟာ ကတ်ပီတယ်ဝမ်းဖလားရရှိဖို့အတွက် အခုပွဲစဉ်ဟာ အရေးကြီးနေပြီး ခြေကုန်ထုတ်ကြရမယ့်ပွဲဖြစ်ပါတယ်။ ပထမအကျော့ လီဗာပူးကွင်းမှာ ကစားခဲ့မှုကိုကြည့်ရင် နည်းပြ ရော်ဂျာရဲ့ အခင်းအကျင်းနဲ့ နည်းဗျူဟာအောက်မှာ နည်းပြမော်ရင်ဟိုရဲ့ အဖွဲ့သားတွေ စိတ်တိုင်းကျ လှုပ်ရှားခွင့်မရခဲ့တာတော့အမှန်ပါပဲ။ တစ်ဂိုးစီသရေရလဒ်ကို ခြေကုန်လက်ပန်းကျအောင် ရုန်းကန်အားထုတ်ခဲ့ရတဲ့ ချယ်လ်ဆီးအတွက် ဒီပွဲမှာတော့ တစ်သင်းလုံး ဖိဖိစီးစီးကစားမှာ သေချာပါတယ်။ နှစ်သင်းစလုံး အကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်ကြဖို့ရှိနေပြီး အများအယွင်းနည်းအောင် ယှဉ်ပြိုင်ကြမှာမို့ နည်းပြမော်ရင်ဟိုဟာ ပထမပွဲကို သင်ခန်းစာအဖြစ် မှတ်ယူပြီး သေသေချာချာပြင်ဆင်မှာ ဖြစ်ပါတယ်။ လီဗာပူးဟာ တိုက်စစ်မှာ စတာလင်းနဲ့ ကော်တင်ဟိုတို့ကိုထုတ်ပြီး ဂျာရတ်ကို တိုက်စစ်မှာ လိုက်ပါကစားစေဖို့ စီစဉ်ပါလိမ့်မယ်။ ချယ်လ်ဆီးကတော့ တိုက်စစ်မှာ ဒီယေဂိုကော်စတာကို တင်ကစားပြီး ဝီလီယံ၊ ဖာဘရီဂတ်တို့ကို ကွင်းလယ်တိုက်စစ်တွေမှာ ထားကာ ခင်းကျင်းဖို့တော့များနေပါတယ်။ ကတ်ပီတယ်ဝမ်းဖလားရယူဖို့ လက်တစ်ကမ်းအလိုမှာတော့ ချယ်လ်ဆီးဟာ အိမ်ကွင်းမှာ ပြတ်သားတဲ့ ရလဒ်ကို ပုံဖော်ပြီး ဖြတ်ကျော်ဖို့ အခွင့်ရေးကို ရယူမှာဖြစ်ပါတယ်။

စပါးနှင့် ရှက်ဖ်ဖီး

ပထမအကျော့ အကြိုဗိုလ်လုပွဲမှာ စပါးတို့ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့ပေမယ့် ကံကြမ္မာရဲ့ ဖေးမမှုကြောင့် ဖြစ်တာမို့ အခုပွဲအိမ်ကွင်းမှာ သတိထားကစားရမှာဖြစ်ပါတယ်။ ပထမအကျော့ပွဲစဉ်မှာ အဒီဘာယော၊ အဲရစ်ဆင်တောင်ဆန်တို့က ခြေစွမ်းမပြနိုင်ခဲ့သလို ရှက်ဖ်ဖီးကိုလည်း စပါးတို့ဖိအားပေးမကစားနိုင်ခဲ့ပါဘူး။ ရှက်ဖ်ဖီးတို့ကတော့ နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ဖို့အတွက် ဒီပွဲကိုတော့ ခြေကုန်ထုတ်ပြီး မာမာတင်းတင်း ရင်ဆိုင်မှာဖြစ်ပါတယ်။ စပါးတို့ကတော့ အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာ အနိုင်ရလဒ်ကို ပဲဦးတည်ပြီး ရှက်ဖ်ဖီးကို ညှော့်ခံမှာဖြစ်ပါတယ်။ အိမ်ရှင်စပါးတို့အခုပွဲမှာ အနိုင်ဆိုတာကို ဖော်ထုတ်ပြသပါလိမ့်မယ်။

အသင်းကြီးတွေ အရှက်ရစေခဲ့တဲ့ အက်ဖ်အေဖလားပြိုင်ပွဲ

ကောင်းမြတ်သူ
စုစည်းသည်

ပရီမီယာလိဂ် ထိပ်သီးအသင်းကြီးတွေဖြစ်တဲ့ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ဟာ အက်ဖ်အေဖလားစတုတ္ထဆင့်တက်ခွင့်မရဘဲ အရှုံးနဲ့ရင်ဆိုင်ရကာ ပြိုင်ပွဲမှထွက်ခဲ့ရပါတယ်။ နည်းပြမော်ရင်ဟိုရဲ့ ချယ်လ်ဆီးအသင်းဟာ ဘရက်ဖို့စီးတီးအသင်းကို နှစ်ဂိုး-လေးဂိုးနဲ့ရှုံးပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရလို့ နည်းပြမော်ရင်ဟိုအတွက် အရှက်ရစရာဖြစ်ခဲ့ရပါတယ်။ အသင်းငယ်လေးကိုရှုံးတာ သိပ်ရှက်မိတယ်လို့ အသက် ၅၁ နှစ်အရွယ် ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက ဆိုပါတယ်။ ကျွန်တော်နဲ့ ကစားသမားတွေအတွက်တော့ ဒီပွဲကရှက်စရာပါပဲလို့လည်း မော်ရင်ဟိုက ဆိုပါတယ်။

ထို့အတူ မန်စီးတီးကလည်း ချန်ပီယံရှစ်ကလပ် မစ်ဒယ်ဘရော့ကို နှစ်ဂိုးပြတ်နဲ့ရှုံးပြီး အက်ဖ်အေဖလားကထွက်ခဲ့ရပါတယ်။ ဒီပွဲမှာ ချယ်လ်ဆီးတို့ ရှုံးနိမ့်ခဲ့တဲ့အတွက် မော်ရင်ဟိုရဲ့ ဖလားလေးလုံးအိပ်မက်ထဲက တစ်လုံးပျောက်ကွယ်သွားပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ရှာရာပိုဗာရဲ့ သြစတြေးလျဖလားအိပ်မက်

သြစတြေးလျဖလား တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ကစားနေတဲ့ ကမ္ဘာကျော်တင်းနစ်မယ် ရှာရာပိုဗာဟာ ၂၀၁၅ ခုနှစ်ရဲ့ သြစတြေးလျအိုးပင်းဖလားကို မျှော်မှန်းနိုင်တဲ့သူဖြစ်လာပါပြီ။ ၎င်းဟာ ရှုအိုင်ပင်းကို ၆-၃၊ ၆-၀ နဲ့နိုင်ပြီး ကွာတားဖိုင်နယ်ကိုတက်လာခဲ့ပါတယ်။ ကွာတားဖိုင်နယ်မှာတော့ ကနေဒါတင်းနစ်မယ် ဘိုချတ်နဲ့ ကစားရမှာ ဖြစ်ပါတယ်။ ကနေဒါတင်းနစ်မယ် ဘိုချတ်ကလည်း ပြီးခဲ့တဲ့ ၂၀၁၄ ထဲမှ အစွမ်းပြလာတဲ့ ဆယ်ကျော်သက်တင်းနစ်မယ်တစ်ဦးပါ။ ရှာရာပိုဗာအနေနဲ့ကတော့ ကနေဒါတင်းနစ်မယ်ကို အနိုင်ရဖို့ အတော်လေး ကြိုးစားရမယ့်အနေအထားပါ။ ရှာရာပိုဗာနဲ့ဘိုချတ်တို့ဟာလေးကြိမ်မြောက် ဆုံတွေ့မှုဖြစ်ပါတယ်။

ယခင်သုံးကြိမ်မှာတော့ ရှာရာပိုဗာက ဘိုချတ်ကို အနိုင်ကစားနိုင်ခဲ့ပါတယ်။ ရှာရာပိုဗာအနေနဲ့ ကွာတားမှာ အနိုင်ကစားနိုင်မယ်ဆိုရင်တော့ မျှော်မှန်းထားတဲ့အတိုင်း သူမရဲ့ ၂၀၁၅ သြစတြေးလျ အိုးပင်းဖလားဆွတ်ခူးနိုင်ဖို့ လက်တစ်ကမ်းအလိုသို့ ရောက်ရှိလာမှာ ဖြစ်ပါတယ်။

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၇၇
ကွယ်လွန်သူ ဦးမြင့်စိုး၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်တင်တင်မြင့်(ခ)နန်းတင်တင်မြင့် ၁၃/သပန(နိုင်)၀၃၂၀၄၄ **လျှောက်သူ**

ဗိုလ်ချုပ်လမ်း၊ အမှတ် (၄)ရပ်ကွက်၊ မိုင်းကိုင်မြို့နယ်နေ ဒေါ်တင်တင်မြင့်(ခ)နန်းတင်တင်မြင့်က ကွယ်လွန်သူ ဦး မြင့်စိုး၏တစ်ဦးတည်းသောဇနီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးမြင့်စိုးမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးမြင့်စိုးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၉ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်တင်တင်မြင့်(ခ)နန်းတင်တင်မြင့်၏ လျှောက်ချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မြ)
ခရိုင်တရားသူကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 3C၊ မြေကွက်အမှတ် ၈၈၊ ပဉ္စမတန်းစား(ဂရန်မြေ) မြေကွက်နှင့် ရန်ကုန်မြို့၊ အမှတ်(၈)၊ ၁၄၉ လမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ တာမွေမြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံတို့၏ အမည်ပေါက်ပိုင်ရှင်မှာ ဦးမျိုးလွင်နှင့် ဒေါ်ကင်ကျို့ ဖြစ်ပါသည်။

ဦးမျိုးလွင်နှင့် ဒေါ်ကင်ကျို့တို့ ကွယ်လွန်ခဲ့ပြီးဖြစ်သောကြောင့် ဖော်ပြပါပစ္စည်းသည် အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ ဒေါ်ဖူးမေ၏ခင်ပွန်း ဦးဝင်းလွင်(ခ)ရေခဲသည်လည်း အမွေဆိုင်သားသမီးတစ်ဦးဖြစ်ပါသည်။ ဦးဝင်းလွင်(ခ)ရေခဲသည်လည်း ၁၇-၂-၂၀၁၂ ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်သောကြောင့် ၎င်း၏ဇနီးမယား ဒေါ်ဖူးမေမှ ခင်ပွန်း၏အမွေကို ဆက်ခံခွင့်ရှိပါသည်။

မည်သူမဆို အမွေဆက်ခံခွင့်ရှိသူ ကျွန်တော်၏မိတ်ဆွေ ဒေါ်ဖူးမေ၏ သဘောတူညီမှုမရှိဘဲ ဖော်ပြပါအမွေပစ္စည်းကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပေါက်လျှောက်ထားခြင်း၊ ပစ္စည်းကိုဖြိုဖျက်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းများ ဆောင်ရွက်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဖူးမေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှိုင်ဘွား (တရားလွှတ်တော်ရှေ့နေ)
အမှတ် (၄၇၅)၊ ပထမထပ်၊ သုမနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၅၅၂၂၀၄

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ် ၃၆၆

ဦးလှမြင့်	နှင့်	ဦးမျိုးဇော်
ဒီကရီရသူ		**တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၃၅ တွင် ရရှိခဲ့သော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းစာရင်းကို ၂၀၁၅ ခုနှစ် မတ်လ ၁၃ ရက် (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံတင်ဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကတရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၄၈-က၁၁အေ၊ (တရားရှုံးဦးမျိုးဇော်အမည်ပေါက်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ ၉ရပ်ကွက်၊ မြစပါယ်လမ်း၊ အမှတ် ၄၈-က၁၁အေ ဟု ခေါ်တွင်သော အဆောက်အအုံ (ရောင်းချမည့်ပစ္စည်းကို ဒေါ်နန်းချောကလျာက တရားရှုံးထံမှ မှတ်ပုံတင်စာချုပ်ဖြင့်ဝယ်ယူပြီး ဧည့်စာရင်းတိုင်၍ နေထိုင်လျက်ရှိကြောင်း တရားနိုင်၏တင်ပြချက်အရ သိရှိရပါသည်။)

ကြမ်းခင်းဈေးနှုန်းကျပ်သိန်း ၂၄၀၀ (ကျပ်သိန်းနှစ်ထောင့်လေးရာ)
ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုအတွက် တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချသည့် ပစ္စည်းအတွက်လေလံဆွဲဝယ်ယူသူက ၁၀၀လျှင် ၂၅/ လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တဖန်ပြန်၍ လေလံရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ ကျန်ငွေများကို လေလံရောင်းချသည့်ရက်ကို ပယ်၍၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင် ပေးရမည်။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးမြင့်အေး)
တွဲဖက်ခရိုင်တရားသူကြီး (၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၄ နှင့်ဆက်နွှယ်သည့်
၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁

ဦးသန်းထိုက်	နှင့်	၁။ ဦးထွန်းထွန်းအောင် ၂။ ဒေါ်ဝင်းထွေးဦး ၃။ ဒေါက်တာထွန်းညွန့် ၄။ ဒေါက်တာခင်မိမိသိန်း
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၉)ရပ်ကွက်၊ အမှတ် ၁၀၀၆ နေ (၁)တရားရှုံး ဦးထွန်းထွန်းအောင် (ယခုနေရပ်လိပ်စာမသိသူ)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ နဝရတ်(၄)လမ်း၊ အမှတ် (၁၁၆၀)နေ (၂)တရားရှုံး ဒေါ်ဝင်းထွေးဦး (ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ အမှတ်(၄၃)နေ (၃)(၄) တရားရှုံးများဖြစ်ကြသည့် ဒေါက်တာထွန်းညွန့်၊ ဒေါက်တာခင်မိမိသိန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၅၄တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသန်းထိုက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၅ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့သို့လာရောက်စေ။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ထွန်းနိုင်ဝင်း
ဒုတိယမြို့နယ်တရားသူကြီး(၁)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ကြည့်မြင်တိုင်အရှေ့တိုက်နယ်၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၉၊ မြေနုလမ်းရှိ မြေတိုင်းရပ်ကွက်အမှတ် (၂၉ဘီ-၁)၊ မြေကွက်အမှတ် ၆၆/၁၀၊ ဧရိယာ အလျား ၃၅/၄၇ပေ ×အနံ ၆၀/၆၂ပေမြေပိုင်မြေကွက်နှင့် မြေကွက်အမှတ် ၆၆/၁၁၊ ဧရိယာ အလျား ၂၅½/၄၁ ပေ × အနံ ၆၂ ပေ မြေပိုင်မြေကွက် အရောင်းအဝယ်ကိစ္စအပေါ်

တားမြစ်ကန့်ကွက်ခြင်း

ကွယ်လွန်သူမိဘများ ကျန်ရစ်သော အထက်ပါမြေနှစ်ကွက်သည် သားသမီးများဖြစ်သည့် ဒေါ်တင်တင်သန်း၊ (၂) ဦးခင်မောင်တင်၊ (၃)ဒေါ်မြင့်မြင့်သင်း၊ (၄) ဦးတင်မောင်သန်းနှင့် (၅) ကျွန်ုပ်မိတ်ဆွေမဒေါ်လီတို့ အမွေဆက်ခံပိုင်ဆိုင်ခွင့် ရရှိခဲ့ပါသည်။ ယင်းမြေကွက်နှစ်ကွက်အား အစဉ် (၁)၊ (၂)နှင့် (၃)၏သမီး ဒေါ်စန္ဒာတို့က ကျန်အမွေဆိုင်မောင်နှမနှစ်ဦးအား ကြိုတင်အသိပေးညှိနှိုင်းပြီး သဘောတူညီမှုရယူခြင်းမရှိဘဲ ဦးစီမိုရ်(ခ)ဦးအောင်အောင်လွင် ၁၂/မဂတ(ဧည့်)၀၀၀၁၉၅ အား ရောင်းချရန် ၃၁-၁၂-၂၀၁၄ ရက်စွဲပါ စရန်ပေးစာချုပ်ချုပ်ဆိုပြီး စရန်ငွေများ ရယူထားကြောင်း သိရပါသည်။

ယင်းအရောင်းအဝယ်ကိစ္စသည် အမွေဆိုင်အားလုံး၏ သဘောတူလက်မှတ်ရေးထိုး အသိပေးချုပ်ဆိုပြီးမဟုတ်၍ တရားမဝင် ပျက်ပြယ်နေပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်ကိစ္စကို ရှေ့ဆက်ဆောင်ရွက်ခြင်းမပြုရန် အသိပေးတောင်းဆို၍ တားမြစ်ကန့်ကွက်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသွယ်တင်လတ် LL.B, D.B.L, D.I.L
အထက်တန်းရှေ့နေ ဖုန်း-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉၊ ၀၉-၅၄၁၁၃၂၁

ဆောင်းပါး

ကမ္ဘာ့အမွေအနှစ် ပိဋကတ်ကျောက်စာများ

မောင်သာ(ရွှေဟောင်းသုတေသန)

၅။	ဦးအောင်ကျော်မြင့်	ဖုန်း-၀၉-၂၅၅၈၂၃၅၄၂	သိမ်ဇရပ်
		၀၅၇-၆၂၃၃၂	

ကန်ထရိုက်တာ ဦးတင်လင်းမောင်နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၁၄၀နေ ဒေါ်ခင်စန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်စန်းရီပိုင် ဖော်ပြပါလိပ်စာရှိ မြေပေအကျယ် ပေ(၂၀×၆၀)ပေါ်တွင် လေးထပ်တိုက်တစ်လုံးဆောက်လုပ်ရန်အတွက် ၂၄-၁၀-၂၀၁၃ ရက်က **သုံးထပ် RC အဆောက်အအုံသစ်ဆောက်လုပ်ရန် မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့နှစ်ဦးသဘောတူကတိစာချုပ်**ကို ချုပ်ဆို၍ ကန်ထရိုက်တာ ဦးတင်လင်းမောင်အား လုပ်ငန်းအပ်နှံခဲ့ပါသည်။ ယင်းစာချုပ်တွင် ဖောင်ဒေးရှင်းစတင်သည့်ရက်မှ ၁၀ လအတွင်း ပြီးစီးအောင် ဆောက်လုပ်မည်ဟု ကတိကဝတ်ပါရှိခဲ့ပါသည်။ မမျှော်လင့်နိုင်သော အခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်လာပါက အချိန်ကာလကို နှစ်ဖက်ညှိနှိုင်းရန် ကတိကဝတ်ပါရှိခဲ့ပါသည်။

ကန်ထရိုက်တာ ဦးတင်လင်းမောင်မှ စည်ပင်သာယာခွင့်ပြုမိန့်ထက် ကျော်လွန်ဆောက်လုပ်ထားပြန်သဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်စန်းရီမှ ကန်ထရိုက်တာ ဦးတင်လင်းမောင်အား မေးမြန်းရာ လက်ရှိအခြေအနေအတိုင်း တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုပြီးနောက်-

၁၃-၁၂-၂၀၁၄ ရက်တွင် ကန်ထရိုက်တာ ဦးတင်လင်းမောင်၏ ကတိကဝတ်များကို ယုံကြည်လက်ခံပြီး ကျွန်ုပ်မိတ်ဆွေက တစ်လတိတိအချိန်တိုးပေးကြောင်းနှင့်အခြေအနေအရ ကတိကဝတ်များပြုသည့် စာချုပ်တစ်ခုထပ်မံပြုလုပ်ခဲ့ကြပါသည်။

သို့သော်ကန်ထရိုက်တာ ဦးတင်လင်းမောင်အနေဖြင့် တိုးမြှင့်ပေးသော အချိန်ကာလအတွင်း ဆက်လက်လုပ်ဆောင်ခြင်းမရှိသည့်အပြင် အဆောက်အအုံမှာ ငါးထပ်အကြမ်းထည်အဆင့်တွင် ရပ်တန့်တည်ရှိနေပြီး ကျွန်ုပ်မိတ်ဆွေ မြေရှင် ဒေါ်ခင်စန်းရီတွင် ကုစား၍မရနိုင်သော ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ကန်ထရိုက်တာ ဦးတင်လင်းမောင်အနေဖြင့်-

၂၄-၁၀-၂၀၁၃ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်နှင့် ၁၃-၁၂-၂၀၁၄ ရက်စွဲ နှစ်ဦးသဘောတူ ကတိစာချုပ်ပါအချက်များကို ပျက်ကွက်သဖြင့် ကျွန်ုပ်မိတ်ဆွေတွင် နစ်နာမှုဖြစ်ပေါ်နေရပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေနှင့်ဦးတင်လင်းမောင်တို့အကြား အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်များကို ယနေ့မှစ၍ ဖျက်သိမ်းရပ်ဆိုင်းကြောင်း နစ်နာမှုများအပေါ် ဦးတင်လင်းမောင်အား အရေးဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန်ထရိုက်တာ ဦးတင်လင်းမောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းရီ၏လွှဲအပ်ချက်အရ-

ဦးသိန်းနိုင် — **အထက်တန်းရှေ့နေ**
ဦးဝင်းဆွေဦး — **တရားလွှတ်တော်ရှေ့နေ**

အမှတ် ၁၂၆ (ပထမထပ်)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၃၈၁၀၄၄၊ ၀၉-၄၃၀၈၅၇၆၂၊ ၀၉-၄၂၀၁၃၀၇၇၂

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊မြေကွက်အမှတ်(၉၁၉/က)၊ မြေကွက်တည်နေရာအမှတ် ၉၁၉/က၊ ယသာဝတီ ၁၂ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးထွန်းရီ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ဦးထွန်းရီ)နှင့် ဇနီး (ဒေါ်သိန်းဝင်း)တို့ ကွယ်လွန်သဖြင့် ဦးမင်းဦး ၁၂/ဥကတ(နိုင်)၀၆၆၉၅၄က တစ်ဦးတည်းသောသားတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၇၆၇ (၂၂-၇-၁၄)ဖြင့် လွှဲအပ်ခံရသူ ဦးညီညီဝင်း ၉/တကန(နိုင်)၀၀၁၅၀၅ က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၇၈၀၃ (၅-၈-၁၄)ကိုတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



(၂၁)ရက်မြောက် ... Feb-3
J.O
Daily - 9:00(am) to 2:30 (pm)
09 500 1599, 09 8632973, 09 4500 17415

Nail Art & Beauty Training School
(500,000/-)
(2 months)
Ph : 01 - 538510, 09 - 5107347, 09 - 33546597

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ကျောက်မဲခရိုင် နယ်တရားမရုံးတော်၌
၂၀၁၂ ခုနှစ် ဇာရီမှုအမှတ်-၇

ဒေါ်မြူမြူ (ကွယ်လွန်သူ ဒေါ်ညွှန့်ညွှန့်ဆွေ၏ တရားဝင်ကိုယ်စားလှယ်) **နှင့်** ၁။ ဦးစိုင်းဝင်းအောင် ၂။ ဒေါ်ငွေဝင်းကြူ

ဒီကရီရသူ — **တရားရှုံးများ**

ကျောက်မဲခရိုင်၊ နယ်တရားမရုံးတော်က ၂၀၁၁ ခုနှစ် တရားမမှုအမှတ် ၁၁တွင် စရိတ်များအပါအဝင် ဒီကရီကျငွေ ၂၄၂၆၃၅၀၀ကျပ်၊ တရားစရိတ်ငွေ ၁၈၀၁၆ကျပ်အတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုး သက်ဆိုင်ခြင်းကို ၂၀၁၅ခုနှစ် မတ် ၃ရက် (၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်မှာ လေလံတင်၍ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင်တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျအခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သူကို လက်ခံမည်မဟုတ်သည်သာမက ယင်းတို့ကို တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ တောင်မြို့၊ တိုးချဲ့ရပ်ကွက်၊ ဦးပိုင်အမှတ် (၁၀/က)၊ ကွင်းအမှတ် ၁၃၉၊ မြေချိန်ဇရိယာ ၀ဒသမ၁၂၇ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသော သွပ်မိုး၊ အုတ်ခင်း၊ နံကပ်တစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀။
ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာတရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည့်အပြင် အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အတိုးမှာ နည်းပါးကြောင်း ထင်ရှား၍လက်ခံရန်မသင့်မလျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်ကသို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကိစ္စ ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အတိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်ယူသူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည့်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကိုချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကိုရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်နေ့သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်လျှင်၊ အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝါဝါဆွေ)
ဒုတိယခရိုင်တရားသူကြီး၊ ကျောက်မဲခရိုင်တရားရုံး

ကြော်ငြာ

ဦးလှမြင့် (ဟသ်ာတ)
လက်ထောက်တိုင်းဦးစီးမှူး(ငြိမ်း) ရန်ကုန်တိုင်းစာရင်းရုံး
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ် ၁ လမ်း၊ အမှတ် ၅နေ (ဦးအုန်း-ဒေါ်ကြုပ်)တို့၏သားကြီး၊ (ဒေါ်ဝင်းမြင့်၊ အရီးမင်္ဂလာဈေး)၏ ခင်ပွန်း၊ ဦးလှဦး(တိ/ကု ဆရာဝန်၊ Malaysia Diary Singapore)-ဒေါ်စန်းစန်းမြင့်(အမရပူရမြို့နယ် စာရင်းရုံး)၊ (ဦးရဲမြင့်)၊ ဦးထင်အောင် (အင်/ယာ၊ ရေကြောင်း)-ဒေါ်မြတ် မြတ်သောင်းတို့၏ဖခင်၊ မမြတ်သက်အောင် [နောက်ဆုံးနှစ် အပိုင်း(ခ)ဆေးတက္ကသိုလ်(၁)ရန်ကုန်]၏အဘိုး၊ ဦးစောလွင် (မိုး/ဇလဗေဒအရာရှိ၊ ငြိမ်း)-ဒေါ်ခင်သန်းနွဲ့ (ကျောက်ဆည်)၊ ဦးတင်အောင်(လက်ထောက်မန်နေဂျာ၊ ယာဉ်/စက် ကုန်သွယ်ရေး၊ ငြိမ်း)-ဒေါ်ယဉ်ယဉ်နွဲ့တို့၏ အစ်ကိုကြီးသည် ၂၅-၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ တွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၅ ရက်(စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ကျုံပျော်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ဓမ္မပါရဂူကျောင်းတိုက်၏ ဦးစီးပဒါန နာယကဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစက၊ အဂ္ဂမဟာပဏ္ဍိတ သံဃသမုတိရ၊ သံဃကိုယ်စားလှယ် မြို့နယ်ဩဝါဒါစရိယ

ဘဒ္ဒန္တဩဘာသမဟာထေရ်

သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၃)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အင်းရဲလမ်း ဓမ္မပါရဂူကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်အဂ္ဂမဟာဂန္ထဝါစက၊ အဂ္ဂမဟာပဏ္ဍိတ၊ သံဃသမုတိရ၊ သံဃကိုယ်စားလှယ်ဖြစ်သော ဘဒ္ဒန္တဩဘာသမထေရ် အရှင်သူမြတ်သည် (၁၃၇၆ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) ၂၃-၁-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၇း၄၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (တပို့တွဲလဆန်း ၁၄ ရက်) ၂-၂-၂၀၁၅ ရက်မွန်းလွဲ ၁း၀၀ နာရီတွင် အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ
ဓမ္မပါရဂူကျောင်းတိုက်

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသီရိ
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာနေ ခမည်းတော် ဦးခွက်-မယ်တော်ဒေါ်နွေးတို့၏သားတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်၏ ဩဝါဒါစရိယ၊ သီရိမင်္ဂလာမွန်ကျောင်း၏ ဦးစီးပဓာန နာယကဆရာတော်သည်(၁၃၇၆ခုနှစ်၊ တပို့တွဲလဆန်း ၄ရက်) ၂၃-၁-၂၀၁၅ရက်(သောကြာနေ့) ညနေ ၅း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၀ရက်)၂၉-၁-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(သီရိမင်္ဂလာမွန်ကျောင်းတိုက်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ခွာပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ
သီရိမင်္ဂလာမွန်ကျောင်း

တစ်လပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်းနှင့် ကျေးဇူးတင်ရှိခြင်း
ဦးအောင်ခ
အသက် (၈၇)နှစ်

၂၆-၁၂-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားခဲ့သော ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဦးအောင်ခအား ရည်စူး၍ ကျန်ရစ်သူမိသားစုမှ တစ်လပြည့်ကောင်းမှုကုသိုလ်အစုစုနှင့် ဘုရားအမှူးပြုသော သံဃာတော် အရှင်မြတ်တို့အား နေ့ဆွမ်းဆက်ကပ် အမျှပေးဝေခဲ့ပါသည်။

နာရေးကိစ္စဖြစ်သည်မှ အစစအရာရာဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပါသော၊ မေတ္တာဖြင့်ကူညီပေးခဲ့ပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဇနီး၊ စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနမှ ဝန်ထမ်းမိသားစုများ၊ အထကရေဆင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ အထက(၃) ပျဉ်းမနားမှ ဆရာ ဆရာမများ၊ မေတ္တာအေးလူမှုကူညီရေးအဖွဲ့(ပျဉ်းမနား)နှင့် ပေါင်းလောင်း(၁)ရပ်ကွက်မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကွယ်လွန်သူ ဖခင်ကြီးအားငြိမ်းချမ်းစေရန် ရည်စူး၍ နေရောင်ပြအင်းဘုရားတွင် ဥပုသ်ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ဖခင်ကြီး ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ကျန်ရစ်သူ
ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစု

ဦးကိုလေး(ကသာ) စက်ရုံမှူး (ငြိမ်း)
ကြွေရည်သုတ်ပစ္စည်းစက်ရုံ၊ အမှတ် (၂) စက်မှုထွေထိန်း၊ စက်မှု (၁)
အသက် (၈၀)

ကသာမြို့နေ (ဦးဘဒင်-ဒေါ်သောင်း)တို့၏ သားငယ်၊ (ဦးထွေးမောင်-ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ (ဒေါက်တာဦးကိုကို-ဒေါ်ရီရီ)၊ ဒေါ်ပုပုခင်၊ (ဦးခင်မြ)-ဒေါ်စုစုလွင်တို့၏ ညီမောင်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၂၅လမ်း၊ အမှတ် ၂၁နေ (ဒေါ်တင်နွဲ့၊ လ/ထ ညွှန်မှူး၊ ငြိမ်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း)၏ ခင်ပွန်း၊ ဦးကျော်မင်းဌေး-ဒေါ်ထူးထူးကို (ဘခရေ၊ ဓာတ်ခွဲခန်း)၊ ဦးထွန်းသာ-ဒေါ်ထွေးထွေးကို၊ ဒေါ်မိုးမိုးကိုတို့၏ ဖခင်၊ မေသက်ထားကို၊ နှင်းဟေသာကိုတို့၏ ဘိုးဘိုးကြီးသည် ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဘဏ်လင်း(ခ)Sandow Tin
Chairman-YKKO Group of Companies Limited
Chairman -Myanmar Culinary Holdings Company Limited(BBQ Chicken)
Chairman-Myanmar Restaurant Association (MRA)
Vice President-Myanmar Equestrian Federation(MEF)
FEI Endurance Two Star Judge
Former, Vice Commodore,Yangon Sailing Club
Former,Additional Secretary Myanmar Yachting Federation
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ် ၂၈နေ (ပညာရေးဝန်ကြီးဟောင်း ဦးဘတင်-ဒေါ်မမကြီး)၊(မြောင်းမြခရိုင် အရေးပိုင်မင်း ဦးမြစ်-ဒေါ်မြရင်)တို့၏မြေး၊ (ဦးလှဖေတင်-ဒေါ်စန်းကြည်)တို့၏သားငယ်၊ (ဦးထွန်းလွင်)-ဒေါ်မြမြစိန်တို့၏သားသမက်၊ ဒေါ်ယုယုလွင်၏ ချစ်လှစွာသောခင်ပွန်း၊ [ဦးဝင်းတင်(ခ)Bernie Tin,UNICEF]-ဒေါ်လှလှမြင့်၊ Mr.John Grassmayr-[ဒေါက်တာမြမြသွင်(ခ)Maureen Tin]၊ ဦးလှဘော်-[ဒေါ်သန်းသန်းထွေး(ခ)Noreen Tin]တို့၏ ညီမောင်၊ မကြည်သာလင်း၊ မောင်သီဟန်တို့၏ဖခင်၊ တူ၊တူမ ငါးယောက်တို့၏ ဦးလေးသည် ၂၄-၁-၂၀၁၅ရက် ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၃၀-၁-၂၀၁၅ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ် ၂၈နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု



အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းကို ကန်ထရိုက်တာထံမှ ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးတင်မောင်ဝင်း LC-03 ၁၂/လမတ(နိုင်)၀၁၅၉၅၄ (ကစ) ဦးမောင်မောင်ကြီး ၁၂/ပဘတ(နိုင်)၀၁၃၆၈၈ (မှ) ဦးစိုးမြင့် ၁၂/ပဘတ(နိုင်)၀၁၆၉၇၅ ဒေါ်တင်တင်ဝင်း ၁၂/ပဘတ(နိုင်)၁၁၆၉၇၆ (မှ)	ဒေါ်အိအိဖြိုး ၁၂/ပဘတ(နိုင်)၀၃၃၇၆၁	တိုက်အမှတ်(၉၆/၁၀၀)၊ ခုနစ်လွှာ(A)၊ ရွှေဘုံသာလမ်း၊ပန်းဘဲတန်းမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ညွန့်ညွန့်
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ သီလလမ်း၊ အမှတ် ၂နေ [ဦးမောင်ကြီး(အကောက်ခွန်ဦးစီးအရာရှိ၊ ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်ချိုချို၊ ဒေါ်အေးမြင့်၊ (ဒေါ်အေးနွဲ့)၊ ဒေါ်တင်တင်အေး၊ ဒေါ်မြမြအေး၊ ဦးလှမင်း၊ ဦးလှဌေး၊ (ဒေါ်ခင်ခင်စိုး)၊ ဒေါ်နန်းစံပယ်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၅ရက်(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမြင့်လွင် (စိန့်ပေါလ် ကျောင်းသားဟောင်း)
အသက် (၇၀)

လှည်းကူးမြို့၊ ရိပ်သာရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၄/၆၁)နေ (ဦးမောင်တင်-ဒေါ်လှဝေ)တို့၏ မြေး၊ (ဦးအုန်းရှိန်-ဒေါ်မြမြ)တို့၏ သားကြီး၊ (ဒေါ်စိန်မြင့်)၏ တူ၊ ရန်ကုန်မြို့နေ ဦးလှထွန်း-ဒေါ်သန်းနုတို့၏ သားသမက်၊ ဦးခင်မောင်လွင်၊ ဗိုလ်မှူးဇော်သက်နိုင်(ငြိမ်း)-ဒေါ်စန်းစန်းဌေး၊ ဦးယုံရှင်း-ဒေါ်စန်းစန်းမာ၊ ဦးဇော်မြင့်-ဒေါက်တာတင်တင်အေး၊ ဒေါက်တာနေဝင်း-ဒေါက်တာခင်သန်းဝင်း၊ ဒေါက်တာနေလင်း-ဒေါက်တာမြင့်မြင့်သိန်း၊ ဦးနေထွန်း၊ ဒေါက်တာသီတာထွန်း၊ (ဦးကျော်ဇောထွန်း)တို့၏ အစ်ကိုကြီး၊ ဒေါ်တင်တင်လှ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာမာဆွေဦး၊ ဒေါက်တာပြည့်ဖြိုး၊ မမေသဉ္ဇာလွင် [3rd Year, TU (Thanlyin)]တို့၏ ဖခင်၊ တူ၊ တူမ ၁၄ယောက်တို့၏ ဘကြီးသည် ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် လှည်းကူးမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးစိုးမင်းသန်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်
အသက်(၅၄)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာကျေးရွာအုပ်စု၊ တံတားဦး ကျေးရွာနေ (ဦးအေးမောင်)-ဒေါ်သန်းသန်းစိန်တို့၏သားကြီး၊ (ဦးဘဏ)-ဒေါ်ခင်မမအေး၊ (ဦးမင်းဆွေအေး)-ဒေါ်ကြည်ကြည်မေတို့၏မောင်/ညီ၊ ဦးမောင်မောင်တင့်-ဒေါ်ခင်ပပအေး၊ ဦးမင်းစမ်းအေး-ဒေါ်နီလာ၊ ဦးကျော်မြင့်နိုင်-ဒေါ်အေးစန္ဒာသန်း၊ ဒေါ်တိုးသန္တာအေး၊ ဦးမင်းစွမ်းရည်အေးတို့၏ အစ်ကိုကြီး၊ တူ၊ တူမ ၁၂ယောက်တို့၏ ဦးကြီးသည် ၂၃-၁-၂၀၁၅ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ၄း၃၀ နာရီတွင် ကျေးကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြင့်မိုရ်ကျော်ဇင်
(ခေတ္တ-USA)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ် (၃၂/င)နေ (ဦးကျော်ဇင်)-ဒေါ်မြသီတာတို့၏သားကြီး၊ (ဦးသက်ထွန်း)-ဒေါ်လားဖောတို့၏သား သမက်၊ မနော်သစ်သစ်ထွန်း၏ခင်ပွန်း၊ မ Cindy Winston ၏ချစ်လှစွာသော ဖခင်၊ ကိုတိုးနိုင်-မအိကျော်ဇင်၊ ကိုပြေတီဦး-မအိန္ဒြာကျော်ဇင်တို့၏ အစ်ကိုကြီးသည် ၂၄-၁-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁း၃၀နာရီ (U.S.A စံတော်ချိန်)တွင် U.S.A Keywest မြို့၌ ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁-၂၀၁၅ရက်(သောကြာနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြင့်မိုရ်ကျော်ဇင်
(ခေတ္တ-USA)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၃၂-C)၊ ကုက္ကိုင်းရေကူးကန်လမ်းနေ (ဦးကျော်ဇင်)-ဒေါ်မြသီတာတို့၏သား၊ ကိုတိုးနိုင်-မအိကျော်ဇင်၊ ကိုပြေတီဦး-မအိန္ဒြာကျော်ဇင်တို့၏ အစ်ကို၊ မနော်သစ်သစ်ထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မCindy Winston ၏ဖခင်၊ မမေတိုးခိုင်၊ မဥ္စန်တိုးခိုင်၊ မထိန်ထိန်သာ၊ မပြေသုန္ဒြာတို့၏ ဘကြီးသည် ၂၄-၁-၂၀၁၅ ရက် (စနေနေ့) နံနက် ၁၁း၃၀ နာရီ (USA စံတော်ချိန်)တွင် USA Keywest မြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ခင်အေး
အသက်(၈၅)နှစ်

ဦးသိန်းထွတ် (အုပ်ချုပ်မှုဒါရိုက်တာ၊ ရတနာပုံ ကွန်ပျူတာနည်းပညာ ကော်ပိုရေးရှင်းလီမိတက်) Mandalay ICT Park နှင့်ဇနီး ဒေါ်သီတာဝင်းတို့၏ ကျေးဇူးရှင်မိခင် ဒေါ်ခင်ခင်အေး အသက်(၈၅)နှစ်သည် ၂၂-၁-၂၀၁၅ ရက် ညနေ ၅း၂၆ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ
Myanmar ICT Development Corp.,Ltd.(MICTDC)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြမြစီ (မိတ္ထီလာ)
အသက်(၈၀)

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်-ရန်ကုန်မှ ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာနေစိုးမောင်၏ မိခင်ဒေါ်မြမြစီ အသက်(၈၀)သည် ၁၂-၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်နှင့်ဆရာ/ဆရာမများနှင့်
ဝန်ထမ်းများ
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးလှမင်း
B.Sc (Forestry) 1982 batch
လက်ထောက်ညွှန်ကြားရေးမှူး (သစ်တောဦးစီးဌာန)
အသက်(၅၆)နှစ်

သစ်တောဌာနအတွက် အသက်ပေးလှူခဲ့သည်မှာ ၂၇-၁-၂၀၁၅ ရက်တွင် (၁)လတိတိပြည့်ခဲ့ပါပြီ။ ကျေးဇူးရှင်ချစ်ဖေကြီးအား စက္ကန့်မလပ်သတိရလွမ်းဆွတ်နေပါတယ်။ ကျေးဇူးရှင်ချစ်ဖေကြီးအတွက် ရည်စူးပြီးစဉ်ဆက်မပြတ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများအား ရောက်ရာမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုပါ **ချစ်ဖေကြီးရေ- အမျှ၊ အမျှ၊ အမျှ**

ချစ်ဇနီး-ဒေါ်မြင့်မြင့်ကြည်
ချစ်သမီး-သီရိဇင်၊ ပွင့်ကေခိုင်
ချစ်သား-အောင်မင်းထွန်း

ဝမ်းနည်းကြေကွဲခြင်း
မောင်ဌေးအောင် B.Sc(Zoo)
အထက(၃)လှိုင် (OK-ကျောင်းသားဟောင်း)
အသက်(၅၁)နှစ်

မောင်ဌေးအောင်သည် ၁၈-၁-၂၀၁၅ ရက် ညနေ ၄း၁၅ နာရီ၌ ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း…။

ကောင်းရာသုဂတိဘုံရောက်ပါစေ။

ချစ်သောဆရာ/ဆရာမများ
အထက(၃)လှိုင်(OK)

ကြော်ငြာ

ကျေးဇူးအထူးတင်ရှိခြင်း
ဦးချစ်စိန်
စာရင်းကိုင်(အုပ်) (ငြိမ်း)
အသက်(၈၃)နှစ်

၁၈-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားခဲ့သော ဦးချစ်စိန်၏ နာရေးကိစ္စအဝဝတွင် စိတ်ရောကိုယ်ပါ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ သတင်းမေးအားပေးကြသော မိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးညဏ်လင်း(ခ) Sandow Tin
အသက်(၅၈)နှစ်

နိုင်ငံ့ဂုဏ်ဆောင် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းပိုင်ရှင်များ အသင်း၏ဥက္ကဋ္ဌဖြစ်သူ ဦးညဏ်လင်းသည် ၂၄-၁-၂၀၁၅ရက် ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း
ကရင်ဗုန်

ဝမ်းနည်းကြေကွဲခြင်း
ဦးညဏ်လင်း(ခ) Sandow Tin
YKKO (Chairman)
အသက်(၅၈)နှစ်

သူငယ်ချင်း ကွယ်လွန်ကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင့်အောင်-ဒေါ်သဇင်ညွန့်
စည်သာခန့်မင်း၊ ဇင်သက်သက်အောင်
လှည်းဘီးကြီးခြံမိသားစု၊ ပြင်ဦးလွင်

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးချိုပြုံး (ဆေးရုံအုပ်)
ပြည်သူ့ဆေးရုံကြီး(မြောင်းမြမြို့)
အသက်(၅၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ပြည်သူ့ဆေးရုံကြီး(ဆေးရုံအုပ်) ဒေါက်တာဦးချိုပြုံးသည် ၂၅-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးရုံအုပ်ကြီး၊ မြောင်းမြ(ပြည်သူ့ဆေးရုံကြီး)နှင့်
ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဦးမြင့်လွင်
ကထိက(ငြိမ်း)၊ စိုက်ပျိုးရေး ဓာတုဗေဒဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အသက်(၅၅)နှစ်

သည် ၂၄-၁-၂၀၁၅ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၁၉၉၁ခုနှစ်အဝင်၊
၁၉၉၅ခုနှစ် ကျောင်းဆင်းတပည့်များ

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်ဇော်ဦး (ပစ္စည်းထိန်း-၁၊ မြို့ပြ)
ဖြည့်တင်းရေး(ပြည်ပ)ရုံး၊ ဆည်မြောင်းဦးစီးဌာန
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၆၆၂နေ ဒေါ်ဥမ္မာခင်၏ခင်ပွန်း ဦးတင်ဇော်ဦးသည် ၂၅-၁-၂၀၁၅ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

လက်ထောက်ညွှန်ကြားရေးမှူး (ပြည်ပ)နှင့် ဝန်ထမ်းများ

ဦးအောင်နိုင်ထွန်း (B.Sc. Phy)
အသက်(၄၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဒဂုံမြို့နယ်နေ ဦးအုန်းမြင့်ရွှေ-ဒေါ်ကြူကြူ တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ နန်းရှေ့နေ ဦးရွှန်း-ဒေါ်ခင်ညွန့်တို့၏သားသမက်၊ ဒေါ်ခင်ကြူ (Mk. Distribution Co., Ltd.)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှိုင်ဝင်း-ဒေါ်လေးစံပယ်လှိုင်၊ ဦးဇာနည်အောင်-ဒေါ်ဖြူဖြူလှိုင်တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မခိုင်နှင်းဝေ (Taw Win Garden Hotel)၊ မဖူးပွင့်ဝေ၊ မရတီနှင်းဝေနှင့် မခိုင်ဇာသင်းတို့၏ချစ်လှစွာသောဘကြီးသည် ၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ရန်ကုန်(ခုတင်-၅၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(တောင်ဥက္ကလာပနေအိမ်မှကားများ ညနေ ၄နာရီနှင့် တောင်ဒဂုံနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးအော်စကာချစ်စိန်
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၈၈၄၊ အောင်သစ္စာ ၂လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်စိန်ရှင်(ခ)မသူ(ခ) Barnadett Shwe၏ ခင်ပွန်း၊မအေးပန်းခိုင်-မောင်စန်းထွန်း၊ မဝေနှင်းဖြူ၊ မငြိမ်းဟန်စု၊ မောင်ကျော်သီဟ၊ မောင်ကျော်ဇေယျာလင်းတို့၏ဖခင်၊ မောင်ကျော်မင်းလွင်၊ မောင်အောင်သီဟမာန်တို့၏ အဘိုးသည် ၂၄-၁-၂၀၁၅ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင်ဇော်ဦး
ဖြည့်တင်းရေးဌာနခွဲ(ပြည်ပ)
ဆည်မြောင်းဦးစီးဌာန
အသက်(၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၆၆၂နေ ဦးမောင်မောင်သောင်း - ဒေါ်စန်းမြင့်မေတို့၏သား၊ (ဦးအောင်မြင့်)-ဒေါ်ခင်မြမြတို့၏သားသမက်၊ ဒေါ်ဥမ္မာခင်၏ချစ်လှစွာသောခင်ပွန်း၊ မခင်နန္ဒာဇော်၊ မလင်းနန္ဒာထွန်း၊ မဇွန်ယုယထိုက်တို့၏ဖခင်သည်၂၅-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ စေတီ၊ မုခ်ဦး၊ ရေတွင်းရေကန် ဒါယကာကြီး
ဦးငင်ပိုဘီ(ခ)ဦးတင်လှိုင်
အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉လမ်း၊ အမှတ် ၁၂၈ (ပထမထပ်)နေ (ဒေါ်တေးမွေကြူ)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသောင်းမြင့်)-ဒေါ်မြမြဝင်း၊ ဦးသိန်းအေး-ဒေါ်တင်တင်၊ ဦးချစ်ဦး-ဒေါ်ခင်မာဝင်း၊ ဦးသန်းအေး-ဒေါ်အေးအေးလှ၊ ဦးတင်အုန်း-ဒေါ်မြမြအေး၊ ဒေါ်မြမြသန်း၊ ဦးထွန်းကြည်-ဒေါ်အေးကြည်၊ ဒေါ်ခင်စန်းအေးတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၅ယောက်၊ မြစ် ရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၅ရက်(စနေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ညွန့်ညွန့်တင် အသက်(၇၉)နှစ်
အထက်တန်းပြ(ငြိမ်း)၊ အထက(၅)မန္တလေး

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ မီးဒုံးလမ်း၊ အမှတ် ၁၁၇/၁ နေ (ဦးတင်မောင်-ဒေါ်ခင်ပု)တို့၏တစ်ဦးတည်းသောသမီး၊ ဦးထွန်းအောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်း)၏ချစ်လှစွာသောဇနီး၊ ဦးသက်ခိုင်(အင်ဂျင်နီယာ၊ Keppel Offshore & Marine)-ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးဝင့်နိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်း၊ မန္တလေး)- ဒေါ်အေးမြတ်ဝင်း၊ ဒေါက်တာရဲလင်း(E.M.P Co.,Ltd.)-ဒေါ်စံပယ်ခင်လေးထွန်း (E.M.P Co.,Ltd.)တို့၏မိခင်၊ မောင်အောင်သန့်ဟိန်း၊ မခင်စစ်နိုင်၊ မလင်းမြတ်နိုင်၊ မောင်ရဲမာန်၊ မမြတ်သီရိလင်းတို့၏အဘွားသည် ၂၆-၁-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးလှရွှေ အသက်(၇၂)နှစ်
တွဲဖက်ပါမောက္ခ(ငြိမ်း) Y.T.U

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၃)ရပ်ကွက်၊ဘိုးရာဇာ ၁လမ်း၊ အမှတ် ၉၉၁နေ (ဦးအုန်းမြင့်-ဒေါ်ထွေးစိန်)တို့၏သား၊ ဒေါက်တာဒေါ်မြင့်မြင့်အေး(ဌာနမှူး၊ အပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ်)၏ခင်ပွန်း၊ ဒေါ်ကေသွယ်လှရွှေ(MEC-TEL)၊ ဦးမောင်မောင်သူရိန်လှရွှေ (ITBMU)၊ ဒေါက်တာမေသွယ်လှရွှေတို့၏ဖခင်၊ မရွှန်းလဲ့မြရွှေ၊ မောင်ရှိုင်းထက်မြရွှေတို့၏ အဘိုးသည် ၂၆-၁-၂၀၁၅ရက် ည ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက် ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါက်တာဝါဝါခင် (ဗိုလ်ကြီး၊ ငြိမ်း)
M.B.,B.S (YGN)
အသက်(၅၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ ကင်ပွန်းခြံလမ်းသွယ်၊ အမှတ် ၇၄(က)နေ ဦးကျော်ခင်(ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း)-ဒေါ်နုနုရီတို့၏ချစ်လှစွာသောသမီးလတ်၊ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ဝင်းတို့၏သမီးချွေးမ၊ ဦးကျော်စွာဝင်း၏ချစ်လှစွာသောဇနီး၊ မောင်ဝင်းမင်းဖြိုး၏မိခင်၊ ဒေါ်မိမိခင်၏ညီမ၊ ဦးမောင်မောင်ကျော်-ဒေါ်ဆွေဆွေမြင့်၊ ဦးရေချမ်း-ဒေါ်ဖြူဖြူခင်၊ဒေါ်ရွှန်းလက်ခင်တို့၏အစ်မသည် ၂၆-၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၀၀း၃၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံငြိမ်းအေးဇရပ်၌တရားတော်နာပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

မြင့်မိုရ်ကျော်ဇင် (ခေတ္တ-U.S.A)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ် (၃၂/C)နေ (ဦးထွန်းလှ-ဒေါ်သန်းနှစ်)၊ [ဗိုလ်ဇေယျ (ရဲဘော်သုံးကျိပ်)-ဒေါ်ခင်တင့်] တို့၏မြေး၊ (ဦးကျော်ဇင်)-ဒေါ်မြသီတာတို့၏ချစ်လှစွာသောသား၊ ကိုတိုးခိုင်-မအိကျော်ဇင်၊ ကိုပြေတီဦး-မအိန္ဒြာကျော်ဇင်တို့၏ချစ်လှစွာသောအစ်ကို၊ မနော်သစ်သစ်ထွန်း၏ချစ်လှစွာသောခင်ပွန်း၊ မCindy Winston ၏ချစ်လှစွာသောဖခင်၊ မမေတိုးခိုင်၊ မဂျွန်တိုးခိုင်၊ မထိန်ထိန်သာ၊ မပြေသုန္ဒြာတို့၏ဘကြီးသည် ၂၄-၁-၂၀၁၅ရက် (စနေနေ့) နံနက် ၁၁း၃၀နာရီ (U.S.A စံတော်ချိန်)တွင် U.S.A Keywest မြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်သန်းကြည်
အသက်(၅၅)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်ဇရပ်ပြင်ရွာနေ (ဦးထွန်းခိုင်-ဒေါ်ဝေသူမေ)တို့၏သမီး၊ (ဦးကျော်သိုင်း) - ဒေါ်အေးသိန်းခင်တို့၏ သမီးချွေးမ၊ (ဦးမောင်သိန်းရွှေ)-ဒေါ်အေးကြွယ်၊ ဦးကျော်နု-ဒေါ်ဝန်းချေတို့၏ညီမ၊ မချိုချိုခိုင်၏အစ်မ၊ ကိုသန့်ဇော်ထွန်း - မမေသူခိုင်(ခေတ္တ-စင်ကာပူ)၊ မောင်ထူးဝေအောင် (တပ်မတော်ဆေးတက္ကသိုလ်အပတ်စဉ်-၁၆)၊ မောင်ခန့်ငြိမ်းဇော် (Grade-9, အထက-၁၊ မြောက်ဥက္ကလာပ)တို့၏မိခင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ ၁လမ်း၊ အမှတ် ၄၉၃နေ ဦးသန်းနွယ်၏ချစ်လှစွာသောဇနီးသည် ၂၆-၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမောင်ကျော်သာ(စစ်တွေ)
အသက်(၅၃)နှစ်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ (ဦးစောထွန်း - ဒေါ်မရီ)တို့၏ သား၊ (ဦးသိန်းထွန်း)-ဒေါ်ခင်ခင်ဦးတို့၏ညီ၊ ဦးရွှေသာ - ဒေါ်အုန်းခင် (စင်ကာပူ)စား/ဖျော်၊ ငြိမ်းတို့၏မောင်၊ ဦးမောင်အုန်း-ဒေါ်မခင်လှ(အကောက်ခွန်၊ငြိမ်း၊ ရန်ကုန်)တို့၏မောင်၊ ဦးမောင်အေးသိန်း - ဒေါ်နွယ်နွယ်ဦး(မောင်တော)တို့၏ညီ၊ ဦးမောင်ကျော်ဇံ-ဒေါ်စောခင် (ခရိုင်စာရင်းရုံး၊ မောင်တော)တို့၏မောင်၊ ဦးမောင်လှထွန်း-ဒေါ်စန်းစန်းဝင်း (ကညန၊ ပြည်နယ်ရုံး၊ စစ်တွေ)တို့၏အစ်ကို၊ ဒေါ်စောနု၏ခင်ပွန်း၊ မောင်ကျော်မင်းထွန်း၏ဖခင်၊ တူ၊ တူမ ၃၁ယောက်တို့၏အခင်ချေနှင့် မြေး ၂၄ယောက်တို့၏အဘိုးသည် ၂၅-၁-၂၀၁၅ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် နေအိမ်မှ မောင်တောမြို့ (၄)မိုင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်ဒါယိကာမကြီး
ဒေါ်အေးချိန် (တောင်ကုတ်)
အသက်(၉၄)နှစ်

တောင်ကုတ်မြို့၊ ဂူတာရပ်၊ ညောင်တန်းလမ်းနေ (ဦးမောင်ပု-ဒေါ်ခဲယို)တို့၏သမီး၊ (ဦးဘိုချေ)၏ဇနီး၊ ဦးခင်မောင်-ဒေါ်နုယဉ်သိန်း၊ ဦးအာကာခိုင်-ဒေါ်စိုးစံသိန်း၊ ဦးကျော်စိုးသိန်း-ဒေါ်ယဉ်ယဉ်မြ၊ ဦးညဏ်လင်းမြင့်-ဒေါ်စိုးမိုးသိန်း၊ ဦးမျိုးအေး-ဒေါ်ခင်သန္တာကျော်(ဦးကျော်မိုးထိုက်)၊ ဦးဇော်ဝင်းကျော်-ဒေါ်ဖြူဖြူ၊ ဦးအောင်မြတ်စိုး-ဒေါ်ခင်မီမီကျော်၊ ဦးဖြိုးသူကျော်-ဒေါ်ခင်စန္ဒီစိုး၊ ဦးဇေယျကျော်-ဒေါ်ဟန်စုလှိုင်၊ ဦးမြင့်အောင်-ဒေါ်တင်မီလှိုင်၊ ကိုတင်လင်းအောင်-မခင်စန်းဝင်း၊ ကိုမောင်ဝင်းထွန်း-မယမင်းအိ၊ မောင်နိုင်သီဟအောင်၊ ကိုကျော်လင်းထွန်း၊ ကိုရဲကျော်စွာထွန်း၊ မမေသော်တာထွန်း၊ မောင်စည်သူထွန်း၊ မကြည်အေးချမ်းလှိုင်၊ မောင်ရှင်ရဲထွဋ်တို့၏အဘွား၊ မြစ် ၁၆ယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၁-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ကသာခရိုင်အသင်း(ရန်ကုန်)
ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်
ဦးကိုလေး (စက်ရုံမှူး၊ ငြိမ်း)
အသက်(၈၀)

ကသာမြို့နေ(ဦးဘဒင်-ဒေါ်သောင်း)တို့၏သားငယ်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၉)ရပ်ကွက်၊ကျော်သူ ၂၅လမ်း၊ အမှတ် ၂၁နေ [ဒေါ်တင်နွဲ့ (လ/ထညွှန်မှူး၊ ငြိမ်း)]၏ ခင်ပွန်း၊ ဦးကျော်မင်းဌေး - ဒေါ်ထူးထူးကို၊ ဦးထွန်းသာ-ဒေါ်ထွေးထွေးကို၊ ဒေါ်မိုးမိုးကိုတို့၏ဖခင်သည် ၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်မိသားစုများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကသာခရိုင်အသင်း(ရန်ကုန်)
အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မြကြည် အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဒေလီယာလမ်းနေ ဦးဘကျော်-ဒေါ်စောမြိုင်တို့၏ သမီး၊ ဦးခင်မောင်ကြည်၏ဇနီး၊ ဦးထွန်းထွန်းကျော်-(ဒေါ်တင်တင်အေးမြင့်)၊ (ဦးရိုမဲ)-ဒေါ်သီတာဝင်း၊ (ဦးစောထိုပေါ်)-ဒေါ်ခင်မိုးမိုး၊ ဦးမောင်မောင်ပါး (ဒေါ်မိုနာလီဇာ)၊ ဦးအောင်အောင်ထွန်း-(မဖြူဖြူဝင်း)၊ (ဦးရန်လင်းဇော်)-ဒေါ်ကြည်စန္ဒာဝင်း၊ ဦးကြည်တိုးဝင်း-(ဒေါ်ချစ်သန်းမော်)၊ ဦးမျိုးကျော်ကျော်-(ဒေါ်ထားထားနွယ်)တို့၏မိခင်၊ မြေး ၁၇ယောက်တို့၏ အဘွားသည် ၂၆-၁-၂၀၁၅ရက် နံနက်၄း၂၂နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၈-၁-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်နှင်းနွယ်စိုး
(ကျောက်တော်မြို့)
အသက်(၄၅)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ရွာမရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးငမဲ-ဒေါ်လှမြသူ)တို့၏ သမီးထွေး၊ ရန်ကုန်တိုင်းဒေသကြီး၊ လေဆိပ်ဝန်ထမ်းအိမ်ရာ၊ အခန်း ၄၊ အဆောင် ၁၆နေ ဦးတင်မျိုးအောင်(DCA မော်တော်ယာဉ်ဌာနစိတ်) - (ဒေါ်ဦးသိန်းမေ)၊ ကျောက်တော်မြို့နယ်နေ ဒေါ်ရွှေလှစိန်၊ ဒေါ်စောယဉ်၊ ဒေါ်တင်တင်ရီ၊ ဦးဘသောင်း၊ဒေါ်ရွှေမြစိန်တို့၏ညီမ၊ မောင်သူရိန်သက်ပိုင်ဦး NE (Ericsson Myanmar)၊ မရီရီမွန်(Second Year Phys:)၊ မသန်းသန်းအေး(Grade-9)တို့၏ဒေါ်လေးသည် ၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၆း၂၅နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝိလာသ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်(ငြိမ်း)
သက်တော်(၉၀)၊ သိက္ခာတော်(၇၀)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ မင်းတဲလေသာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ရတနာမဋ္ဌုမြတ်စွာဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တဝိလာသ(ဝိဘဇ္ဇဝါဒီ ဩကာသလောက ဝိဝါဒဆေဒနီဂန္ထကာရက) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်(ငြိမ်း)သည် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၆ရက်) ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) ၃၀-၁-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ်သုသာန်၌ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားဖိတ်ကြားအပ်ပါသည်။

မင်းတဲလေသာတိုက်၊ တပည့်သံဃာတော်များနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအောင်သိန်း (မော်လမြိုင်မြို့)
အသက်(၈၉)နှစ်

မော်လမြိုင်မြို့၊ ဘီလူးကျွန်းကျေးရွာနေ (ဦးအောင်ပွင့်-ဒေါ်ညီမ)တို့၏သား၊ ဦးသိန်းဝင်း(အစိုးရအဖွဲ့ရုံး)-ဒေါ်ခင်ရီဝင်း၊ ဦးတင့်လွင်-ဒေါ်ညိုညိုလှိုင်၊ (အရာခံဗိုလ်လှဌေး)-ဒေါ်ငြိမ်းငြိမ်းမြင့်၊ ဦးစိုးနိုင်(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ယဉ်ယဉ်လှ၊ ဦးကျော့မောင်ခိုင် - ဒေါ်ဥမ္မာအောင်(နယ်စပ်ရေးရာဝန်ကြီးဌာန၊ နတလဦးစီးဌာန)၊ ဦးတင်အောင်မိုးတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၅-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၈း၄၅နာရီတွင် တိုက် ၉၀၊ အခန်း ၀၁၊ ပညာသိဒ္ဓိရပ်ကွက် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံအအေးတိုက်မှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၁၅ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမြင့်ဇင်(ခ)ဦးပန်းသီ (လောကနတ်ဓာတ်ပုံ)
အသက်(၆၄)နှစ်

မော်လမြိုင်မြို့၊ မောင်ငံရပ်၊ အမှတ် ၇၂၂၊ အောက်လမ်းမကြီး၊ မောင်ငံဂါတ်တဲထိပ်နေ (ဦးအေးထွန်း-ဒေါ်သိန်း)တို့၏သား၊ (ဦးရွှေထွန်း-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဒေါ်သန်းငွေ၏ချစ်လှစွာသောခင်ပွန်း၊ ကိုသန်းထိုက်ဦး-မခင်ခင်လတ်၊ ကိုစိုးမြတ်-မခိုင်စပယ်လတ်၊ ကိုလင်းသိုက်ဦး-မမာမာရွှေတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၆-၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၅း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် မုယောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဒေါက်တာဦးမျိုးသောင်း (စမ်းချောင်း)
Rtd. (Marketing Manager, Network Marketing)
Rtd. (Regulatory and Training Manager)
Rambaxy
အသက်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ် ၁၈နေ (ဦးရဲလွဏ်း)-ဒေါ်သောင်းသောင်းတို့၏သားကြီး၊ ဦးငွေလင်း-ဒေါက်တာမာ လာသောင်း(AA Medical Products Ltd.)၊ ရဲအုပ်ဝင်းနိုင်(မှုးယစ်တပ်ဖွဲ့)-ဒေါ်သီဂီသောင်း(မူ/ပြ၊လားရှိုး)တို့၏အစ်ကိုကြီး၊ ထက်အောင်ရှိုင်း၊ထက်အောင်လှိုင်၊ ရဲနိုင်ထွန်း၊ နေအောင်လွင်၊ မေမြတ်မွန်၊ လင်းလဲ့ကြည်တို့၏ဘကြီးသည် ၂၆-၁-၂၀၁၅ရက် နံနက် ၇း၂၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၅ရက် နံနက် ၉နာရီမှ ၁၂နာရီအထိ အမှတ် ၁၈၊ ဇမ္ဗူရာဇ်လမ်း၊ စမ်းချောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးရဲလင်းထွန်း(ခ)ကိုရဲ(ခ)နေမင်းခ
အသက်(၃၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃လမ်း၊ အမှတ် ၁၁၉နေ ဦးတင်သိန်း-ဒေါ်နော်နီလာ၊ (USA) ဆန်ဖရန်စစ္စကိုမြို့နေ ဦးဘကြိုင်-ဒေါ်လှရင်တို့၏မြေး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ ရှစ်လွှာ(ယာ)၊ အမှတ် ၅(B)နေ ဦးတင်မောင်သိန်း(ခ)ကိုမောင်-ဒေါ်ဆွေဝင်းတို့၏တစ်ဦးတည်းသောသား၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရှမ်းစု၃လမ်း၊ အမှတ် ၄၅/၆၆နေ ဦးမြင့်စိုး-ဒေါ်လုံးစိန်တို့၏သားသမက်၊ ဦးခင်မောင်လွင်-ဒေါ်အေးအေးသိန်း၊ (မဥမ္မာသိန်း)၊ မစန္ဒာသိန်း၊ ဦးတင်မြင့်-ဒေါ်လီရှင်လန်း၊ ဦးဆွေဇင်-ဒေါ်ခင်မိုးငယ်၊ ဦးအောင်လင်း-ဒေါ်ရွှေလှ၊ (တရုတ်-တိုင်ပေ)နေ ဦးကြူနေဟုန်-ဒေါ်ဆွေရင်၊ (USA) ဆန်ဖရန်စစ္စကိုမြို့နေ ဦးစိန်လင်းထွန်း-ဒေါ်သူဇာဖြိုး၊ (USA) ဆန်ဖရန်စစ္စကိုမြို့နေ ကိုစိန်မင်းထွန်းတို့၏တူ၊ ကိုစည်သူထက်၊ မောင်မိုးသီဟ၊ မောင်သူရလွင်၊ မခင်မမလွင်၊ကိုတင့်နိုင်ဦး၊ မကေသီခိုင်၊ မောင်ကျော်နိုင်ဦး၊ မသီဂီမြင့်၊ မောင်စံဝင်းမောင်၊ (တရုတ်-တိုင်ပေ)နေ မောင်အောင်မိုး၊ မရင်မေဦး၊ မကြယ်စင်နှင်းထက်၊ မောင်ကောင်းညွန့်ဝေတို့၏ အစ်ကို/ညီ/မောင်၊ ဒေါ်မေနှင်းဝါ(သုခရိပ်လက်ဖက်ရည်ဆိုင်၊ ကြည့်မြင်တိုင်)၏ ချစ်လှစွာသောခင်ပွန်း ဦးရဲလင်းထွန်း(ခ)ကိုရဲ(ခ)နေမင်းခ (Green Eye) Photo Grapher (Sweet Heart) Photo Studioသည် ၂၅-၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်မေရှင် (ပုလော)
အသင်းဝင်အမှတ်-၁၆၂
အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၁၀၄၉နေ ဦးမောင်ဝင်း၏ဇနီးသည်၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဦးဟိုက်ဆပ်(ခ)
ဦးကျော်ညွန့် (မြိတ်)
အသက်(၈၀)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ အမှတ် ၁၁၆၊ ဈေးအနောက်လမ်း၊ ဆိပ်ငယ်ရပ်နေ ဒေါ်မြင့်ကြူ၏ချစ်လှစွာသောခင်ပွန်း၊ မောင်စိုးမိုးနိုင်၏ချစ်လှစွာသောဖခင်သည် ၂၅-၁-၂၀၁၅ရက် ည ၇း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယနိုင်ငံ အမျိုးသားနေ့ တက်ရောက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနား တက်ရောက်ချီးမြှင့်ရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. Gautan Mukhopadhaya** က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်　ဇန်နဝါရီ　၂၆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုနားဟိုတယ်၌ ကျင်းပသော (၆၆)နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Gautan Mukhopadhaya တို့က စင်မြင့်၌နေရာယူပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံ၏ နိုင်ငံတော်သီချင်းများ ဖွင့်၍ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အတူ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❁

ယနေ့ မာတိကာ

ဂရိရွေးကောက်ပွဲတွင် အနိုင်ရသူဆီပရက်စ်က နာကျင်မှုများကို အဆုံးသတ်စေမည်ဟု ကတိပေးခဲ့ — စာ ၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ၌ ရဲတပ်ဖွဲ့ဝင်များကို ခုခံဖမ်းဆီးမှုပြုလုပ်ခဲ့သူများအား ပြစ်ဒဏ်များချမှတ် — စာ ၅

နိုင်ငံတော်အလံအားဖြုတ်ချ၍ ကျောင်းသားသမဂ္ဂအလံအား လွှင့်ထူခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိ

မြင်းခြံ　ဇန်နဝါရီ　၂၆

အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်ပြီး လမ်းလျှောက်ဆန္ဒပြလျက်ရှိသော ကျောင်းသားအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ညအိပ်ရပ်နားခဲ့သည့် နွားထိုးကြီးမြို့ သိမ်တော်ကျောင်းတိုက်မှထွက်ခွာ၍ မြင်းခြံမြို့သို့ ဆက်လက်လမ်းလျှောက်ဆန္ဒပြခဲ့ကြသည်။

အဆိုပါ လမ်းလျှောက်ဆန္ဒပြသည့်အဖွဲ့တွင် ၆၅ ဦး ရှိလာခဲ့ပြီး ၎င်းတွင် ချောက်မြို့ ရဟန်းပျိုသမဂ္ဂအဖွဲ့မှ သံဃာငါးပါး၊ ပခုက္ကူမြို့မှ သံဃာတစ်ပါး စုစုပေါင်း သံဃာခြောက်ပါးသည် နွားထိုးကြီးမြို့၌ ပူးပေါင်းပါဝင်လာခြင်းဖြစ်သည်။

ထိုအဖွဲ့သည် မြင်းခြံမြို့သို့ ညနေ ၆ နာရီခန့်တွင် ရောက်ရှိလာရာ ၎င်းမြို့နယ်ရှိ အဖွဲ့အစည်းအချို့ကလည်း ပူးပေါင်းပါဝင်၍ မြို့တွင်းသို့လှည့်လည်ခဲ့ကြပြီးနောက်

စာမျက်နှာ ၈ ကော်လံ ၁ ❍

နိုင်ငံတော်အလံအား အတင်းဖြုတ်ချနေစဉ်။ (သတင်းစဉ်)

ကျောင်းသားသမဂ္ဂအလံအား လွှင့်ထူထားစဉ်။ (သတင်းစဉ်)

အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၄ စူပါစီးရီးပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်နေစဉ်။

၂၀၁၅ စူပါစီးရီး ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာအသင်း ယှဉ်ပြိုင်မည်

ရန်ကုန်　ဇန်နဝါရီ　၂၆

သတင်း-ညီမြတ်သော်တာ ➢ ဓာတ်ပုံ-ဖိုးသော်ဇင်

အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် (ISTAF)က ကြီးမှူးကျင်းပမည့် ၂၀၁၅ ကမ္ဘာ့စူပါစီးရီး ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ မြန်မာအသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး၌ ယှဉ်ပြိုင်မည်ဖြစ်ပြီး ကစားသမားငါးဦးစီ ရွေးချယ်ထားသည်။ (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ပဏာမလက်ရွေးစင်ကစားသမားများထဲမှ ၁၀ ဦးကိုရွေးချယ်ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ စူပါစီးရီးပိုက်ကျော်ခြင်း ပြိုင်ပွဲသည် အဆင့်အတန်းမြင့်မားသည့် ပြိုင်ပွဲဖြစ်ပြီး သုံးယောက်တွဲပြိုင်ပွဲသာ ကျင်းပမည်ဖြစ်သည်။ ၂၀၁၄ စူပါစီးရီးပိုက်ကျော်ခြင်းပြိုင်ပွဲတစ်ခုကို အောက်တိုဘာလနောက်ဆုံးပတ်က မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ကြောင်း သိရသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❖

ထူးခြားသည့် ညအပူချိန်များ

၂၆-၁-၂၀၁၅

ဟားခါးမြို့	၀ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၄ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့	၅ ဒီဂရီစင်တီဂရိတ်

CLAIMS DAY NOTICE

M.V GOLDEN FAN VOY:NO(23)

Consignees of cargo carried by M.V GOLDEN FAN VOY: NO. (23) are here by notified that the vessel will arrive on about 28-1-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မြန်မာ့အလင်
mmalin.npt @ gmail.com
www.facebook.com/MYANMAALINNNEWS
R/488

၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာ မြန်မာစာ

မင်္ဂလာပါတပည့်တို့

ဒီကနေ့ပို့ချမှာကတော့ တက္ကသိုလ်ဝင်စာမေးပွဲအတွက် “မြန်မာစာ ဘာသာရပ်မေးခွန်းလွှာ” ဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါတယ်။ ဒီပို့ချချက်ဟာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲမှာ မြန်မာစာပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ရာမှာ အထောက်အကူ ဖြစ်စေဖို့နဲ့ မြန်မာစာဘာသာရပ်ကို ထူးချွန်ထက်မြက်စွာ ဖြေဆိုစေနိုင်ဖို့ ရည်ရွယ်ပါတယ်။

တပည့်တို့သိပြီးဖြစ်တဲ့အတိုင်း တက္ကသိုလ်ဝင်တန်းမြန်မာစာဘာသာရပ်အတွက်ပြဋ္ဌာန်းထားတဲ့ စာအုပ် ၄ အုပ်ရှိပြီး အဲဒီစာအုပ်တွေကတော့- မြန်မာသဒ္ဒါ အတွဲ(၂) အခန်း(၆)၊ ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်၊ မြန်မာကဗျာလက်ရွေးစင်နဲ့ ရေသည်ပြဇာတ်တို့ပဲ ဖြစ်ပါတယ်။ တပည့်တို့အနေနဲ့ ဒီပြဋ္ဌာန်းစာအုပ်တွေကို ဘယ်လိုလေ့လာထားသင့်တယ်၊ လေ့လာထားတဲ့ ပြဋ္ဌာန်းချက်တွေကို စာမေးပွဲမှာ အံဝင်ခွင်ကျဖြစ်အောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာကို ဒီကနေ့ပို့ချချက်မှာ အဓိက ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဘာသာရပ်ကို လေ့လာရာမှာ ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားရမှာ ဖြစ်ပေမယ့် စာမေးပွဲ ဖြေဆိုရာမှာတော့ စာမေးပွဲမေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျောင်းသား၊ ကျောင်းသူများအနေနဲ့ မြန်မာစာ မေးခွန်းပုံစံကို ဦးစွာလေ့လာသိရှိထားဖို့ လိုအပ်ပါတယ်။ မြန်မာစာ မေးခွန်းဟာ (၃) နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး (၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရ၊ အလင်္ကာ(၁)ပုဒ်၊ ကဗျာဓမ္မဓိဋ္ဌာန်နဲ့ ကဗျာမေးခွန်းရှည်(၁)ပုဒ်၊ စကားပြေ ဓမ္မဓိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည်(၁) ပုဒ်၊ ပြဇာတ်မေးခွန်း(၁)ပုဒ်၊ စာစီစာကုံးမေးခွန်း(၁)ပုဒ်တို့ ဖြစ်ပါတယ်။ အဲ့ဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်း ပုဒ်ခွဲများ ပါဝင်မှာဖြစ်ပါတယ်။

မေးခွန်း ၁ ကတော့ မြန်မာသဒ္ဒါ ပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့ မေးခွန်းဖြစ်ပါတယ်။ (က)၊ (ခ)၊ (ဂ) ဆိုပြီး မေးခွန်းပုဒ်ခွဲ (၃)ခုခွဲပြီး မေးထားတယ်။

မေးခွန်း ၁(က) မှာ မြန်မာစကားဆိုင်ရာသိမှတ်ဖွယ်ရာအခန်းများပါတဲ့ မေးခွန်း(၅)ခု မေးထား ပြီးတော့ (၁)ခု ဖြေရမှာဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အုတ်ခွက်စာ၊ ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာတို့စတဲ့ စာအမျိုးမျိုး၊ ဇကွဲပြောင်းလဲပုံ၊ နငယ်ပြောင်းလဲပုံ၊ အပြောင်းလဲပုံ အစရှိတဲ့ အက္ခရာပုံသဏ္ဌာန်ပြောင်းလဲပုံတွေ၊ ဌာန်၊ ကရိုဏ်းနဲ့ပယတ်၊ စကားသံဖြစ်အင်္ဂါများ၊ ဝါစင်္ဂဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဝါကျဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များထဲက မေးမှာဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို ဖြေဆိုတဲ့အခါမှာ မှတ်သားထားသမျှကို အစီအစဉ်တကျ ရေးပြရမှာဖြစ်ပါတယ်။ သဒ္ဒါ အဓိပ္ပာယ် ဖွင့်ဆိုချက်တွေကို ဖြေဆိုရာမှာ လိုအပ်တဲ့သာဓကတွေကို ထည့်သွင်းဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့နေရာတွေမှာ သာဓကဆောင်နိုင်အောင် သာဓကများကို သေချာစွာ မှတ်သားထားရမှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့ ပေစာ၊ ပုရပိုက်စာကို ဖြေမယ်ဆိုကြပါစို့။ ပေစာ၊ ပုရပိုက်စာတို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြမယ်လို့ ယုံကြည်ရကြောင်း၊ သို့သော် နှစ်ကာလအလွန် ကြာညောင်းပြီဖြစ်လို့ ထိုခေတ်က ပေ၊ ပုရပိုက်တို့ကို တွေ့နိုင်ရန် မလွယ်ကူတော့ကြောင်း၊ အစောဆုံးအနေနှင့် မြန်မာသက္ကရာဇ် ၁၀၀၀ခန့် (အေဒီ ၁၇ရာစု)က ရေးခဲ့သည့်ပေများကို တွေ့နိုင်ကြောင်း၊ ဒ့ါကြောင့် သက္ကရာဇ် ၁၀၀၀မှ ယနေ့ ၁၃၀၀ ကျော်အတွင်း ရေးသားခဲ့တဲ့ အက္ခရာတို့ရဲ့ ပုံသဏ္ဌာန်ကို ထိုပုရပိုက်များတွင်လည်း တွေ့နိုင်ကြောင်း ဆိုတဲ့အချက်တွေကို ပြည့်ပြည့်စုံစုံ ဖြေဆိုရမှာ ဖြစ်တယ်။

ဒီလိုပဲ နာမ်ကိုဖြေရင် နာမ်ရဲ့ အဓိပ္ပာယ်တွေကို ဖွင့်ပြရပါမယ်။ သက်ရှိ၊ သက်မဲ့၊ ဒြပ်ရှိ၊ ဒြပ်မဲ့တို့၏အမည်ဟူသမျှကို နာမ်လို့ခေါ်တယ်။ အနက်အဓိပ္ပာယ်အရ နာမ်(၄)မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်(၄)မျိုးရှိတယ်။ ပြီးတော့ အနက်အဓိပ္ပာယ်အရ နာမ်(၄)မျိုးကို အမျိုးအစား တစ်ခုချင်းကို သာဓကနှင့်တကွ ဖော်ပြပေးရပါမယ်။ ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်(၄)မျိုးကိုလည်း အမျိုးအစား တစ်ခုချင်းကို သာဓကနှင့်တကွ ဖော်ပြပေးရပါမယ်။

မေးခွန်း ၁(ခ) ကတော့ သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း (၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကို သေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျ ဖြေပေးရပါမယ်။

သာဓကပြရမယ်ဆိုရင် အောက်ပါတို့မှ လေးခုကို ရွေးချယ်၍ မည်သည့်ကြိယာဖြစ်ကြောင်း ပေးထားတဲ့ “ရေး၊ ကျက်၊ တည်ရှိ၊ သာယာ၊ စားသောက်၊ ပူဇော်” တို့ကို ဖြေမယ်ဆိုရင် “ရေး” သည် ပြုခြင်းပြကြိယာ၊ “ကျက်” သည် ဖြစ်ခြင်းပြကြိယာ၊ “တည်ရှိ” သည် ရှိခြင်းပြကြိယာ၊ “သာယာ” သည် ဂုဏ်ရည်ပြကြိယာ၊ “စားသောက်” သည် ပေါင်းစပ်ကြိယာ၊ “ပူဇော်” သည် ပင်ကိုကြိယာ ဖြစ်ကြောင်း တိတိကျကျ ဖြေဆိုနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

“အနက်အဓိပ္ပာယ်”အရ မည်သည့် သမ္ဗန္ဓဖြစ်ကြောင်း မေးထားတဲ့ “သို့ရာတွင်” စကားလုံးကို ဖြေရင် “ဆန့်ကျင်ပြသမ္ဗန္ဓ”၊ “ထို့ကြောင့်” ကို “အကြောင်းပြသမ္ဗန္ဓ”၊ “သကဲ့သို့” ကို “နှိုင်းယှဉ်ပြ သမ္ဗန္ဓ” လို့ ဖြေရပါမယ်။

မေးခွန်း ၁ (ဂ) ကတော့ သဒ္ဒါကိုအမှန်တကယ် နားလည်တတ်ကျွမ်းမှု ရှိ၊ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခု မေးပြီး (၃)ခု ဖြေရမှာဖြစ်ပါတယ်။ များသောအားဖြင့် သဒ္ဒါအမျိုးအစားတွေ ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ရှိပါတယ်။

သာဓကအနေနဲ့-

“သင့်”ဆိုတဲ့ ကြိယာထောက်ပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်-

“ကျောင်းသားတိုင်းစာကြိုးစားသင့်သည်။”

“သာ”ဆိုတဲ့ နာမ်ထောက်ပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်-

“ကြိုးစားခြင်းသာ အောင်မြင်မှုအတွက် ပဓာနဖြစ်သည်။”

“ကဲ့သို့” ဆိုတဲ့ ဥပမာပစ္စည်း ကိုဝါကျဖွဲ့ခိုင်းရင်-

“မောင်ကျော်ကဲ့သို့ မောင်မောင်လည်း စာကြိုးစားသည်။”

လို့ ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။ ဝါကျဖွဲ့တဲ့အခါမှာ ဝါကျတွေ ပြည့်စုံမှန်ကန်ဖို့ လိုပါတယ်။

မေးခွန်း ၂ (က) မှာ စာသုံးပေသုံး ရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုပုံ တိကျဖို့လည်း လိုအပ်ပါတယ်။ ဝေါဟာရရဲ့ သဒ္ဒါအမျိုးအစားနဲ့ ကိုက်ညီတဲ့အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာ ကျက်ထားရင် လုံလောက်နိုင်ပါတယ်။

သာဓကအနေနဲ့

“နံ့ရှား” ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာ ပါတဲ့အတိုင်း “ရနံ့မွှေးကြိုင်သည်” ဆိုပြီးတော့ ဖွင့်ရပါမယ်။ “နံ့ရှား” သည် ကြိယာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဖွင့်သည် ကြိယာအနက်ပဲ ဖြစ်ရပါမယ်။ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ်ဖွင့်တာမျိုးတွေ၊ ကြိယာအနက်မဟုတ်ဘဲ နာမဝိသေသနအနက်၊ ကြိယာဝိသေသနအနက် စသည်ဖြင့် အနက်ပြောင်းဖွင့်တာမျိုးတွေ မဖြစ်သင့်ပါဘူး။ ကြိယာအနက် မဖွင့်ဘဲနဲ့ “ရနံ့မွှေးကြိုင်သော”လို့ ဖွင့်လိုက်ရင် နာမဝိသေသနသဘော သက်ရောက်သွားပါမယ်။ ဒါကြောင့်မို့လို့ စာသုံးပေသုံး ရှေးသုံးဝေါဟာရတွေအနက် ဖွင့်တဲ့အခါမှာ အဓိပ္ပာယ်ရှိဖို့နဲ့ သဒ္ဒါမှန်ကန်ဖို့ အထူးလိုအပ်တယ်ဆိုတာ သတိပြုရပါမယ်။

“မယ့်သည်ပင်” ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာ ပါတဲ့အတိုင်း “မယ့်ချစ်သူ” ဆိုပြီးတော့ ဖွင့်ရပါမယ်။ “မယ့်သည်ပင်”သည် နာမ်ဖြစ်တဲ့အတွက်ကြောင့် အနက်ဖွင့်သည် နာမ်အနက်ပဲ ဖြစ်ရပါမယ်။

“ရမ်းရော်” ဆိုတဲ့ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာ ပါတဲ့အတိုင်း “တမ်းတမှန်းဆသည်” ဆိုပြီးတော့ ဖွင့်ရပါမယ်။ “ရမ်းရော်” သည် ကြိယာ ဖြစ်တဲ့အတွက် အနက်ဖွင့်သည် ကြိယာအနက်ပဲ ဖြစ်ရပါမယ်။

မေးခွန်း ၂ (ခ) မှာတော့ ယနေ့ခေတ်သုံး ဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခု မေးပြီးတော့ (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ပေးထားတဲ့ ဝေါဟာရဟာအဓိပ္ပာယ် ကွဲပြားမှု ရှိနိုင်ပေမယ့် မေးခွန်းသဘောအရ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့ သုံးစွဲပုံအနက်ပေါ်လွင်တဲ့ ဝါကျမျိုးလည်း ဖြစ်ရပါမယ်။ ဝါကျဖွဲ့တဲ့အခါ အဓိပ္ပာယ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ ကတ္တားမပါတဲ့ ဝါကျမျိုးလည်း မဖြစ်သင့်ပါဘူး။ သာဓကအနေနဲ့-

“သွေးလန့်” ဆိုတဲ့ ဝေါဟာရကို ဝါကျဖွဲ့ရင် “မောင်မောင်သည် ယာဉ်တိုက်မှုကို မြင်တွေ့ခဲ့သဖြင့် သွေးလန့်နေသည်။” ဆိုတဲ့ဝါကျမျိုးဖြစ်ရပါမယ်။

“ထည်ဝါ” ဆိုတဲ့ဝေါဟာရကိုဝါကျဖွဲ့ရင် “ကျွန်တော်တို့ ကျောင်းအဆောက်အအုံမှာ ထည်ဝါလှသည်” ဆိုတဲ့ဝါကျမျိုးဖြစ်ရပါမယ်။

“ထည်ဝါဟူသည်မှာ ခံ့ညားကြီးကျယ်သည်” ဆိုတဲ့ဝါကျမျိုး မဖြစ်သင့်ပါဘူး။ ဒီလိုဝါကျမျိုးဆိုရင် ဝေါဟာရရဲ့ အနက်အဓိပ္ပာယ်နဲ့ ဝါကျဖွဲ့ပုံ မပေါ်လွင်တော့ပါဘူး။

“ပန်းလိုမွှေးပါစေ” ဆိုတဲ့ ကတ္တားမပါတဲ့ ဝါကျမျိုးလည်း မဖြစ်သင့်ပါဘူး။

မေးခွန်း၂ (ဂ) ကတော့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဥပမာ၊ ရူပက၊ ဝက်ဝုတ္တိ၊ အတိသယဝုတ္တိ၊ မြည်သံစွဲဆိုပြီး အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပါတယ်။ မေးခွန်း (၈)ခု မေးပြီးတော့ (၅)ခုဖြေဆိုရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာ မြောက်တယ်ဆိုတာတွေကို ဖြေရမှာဖြစ်ပါတယ်။

ဖြေတဲ့အခါမှာလည်း ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ် လိုခိုင်းနှိုင်းဖွဲ့ဆိုကြောင်း၊ ရူပကအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့ အနှိုင်းကို ဘယ်လိုထပ်တူပြုထားကြောင်း၊ ဝက်ဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုတိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိအလင်္ကာ ကိုဖြေရင် ဘယ်လိုအလွန်အကြူး ရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာ ဖြေရင် ဘာမြည်သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုတဲ့ သက်ဆိုင်ရာ အလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို သုံးစွဲပြီး ရှင်းပြရမှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့

“ငှက်ပျံသလို” ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေမယ်ဆိုရင် ဤအလင်္ကာကို အိမ်ရှေ့ကိုယ်တော်ကြီးစကားပြေမှ အိမ်ရှေ့ကိုယ်တော်ကြီးသည် အောင်ပင်လယ်ကန်၌ ရေမြှုပ်ပုံးများဖောက်ခွဲသောအခါ ပျဉ်တိုပျဉ်စများ လွင့်စဉ်ဝဲပျံနေပုံကို ရည်ညွှန်းဖော်ပြရာ၌ ဆက်စပ်သုံးထားခြင်းဖြစ်ကြောင်း၊ အောင်ပင်လယ်ကန်တွင် ရေမြှုပ်ပုံးများဖောက်ခွဲလိုက်သောအခါ ပျဉ်တိုပျဉ်စများ လွင့်စဉ်ဝဲပျံနေပုံ (အနှိုင်းခံ)ကို ငှက်များဝဲပျံနေပုံ (အနှိုင်း)နှင့် ဂုဏ်ရည်တူချင်းခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာ မြောက်ကြောင်း ရှင်းပြရမှာ ဖြစ်ပါတယ်။

“မျက်နှာငွေလ” ဆိုတဲ့ ရူပကအလင်္ကာကို ဖြေမယ်ဆိုရင် ဤအလင်္ကာကို သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း စကားပြေတွင် ဆဒ္ဒန်ဆင်မင်းက မိမိ၏ အစွယ်ကို မုဆိုးထံအပ်ပြီး သုဘဒ္ဒါမိဖုရား ဝမ်းမြောက်ပါလေတော့ဟု သောနုတ္တရမုဆိုးမှတစ်ဆင့် မှာကြားပုံနှင့်ဆက်စပ်၍ သုံးထားခြင်း ဖြစ်ပါသည်။ ကြည်လင်ရွှန်းမြ၍ စိတ်နှလုံးကြည်နူးစေတတ်သည့် မျက်နှာ(အနှိုင်းခံ)နှင့် ငွေလ(အနှိုင်း) တို့ကို ဂုဏ်ရည်တူချင်း ထပ်တူပြုဖွဲ့ဆိုထားသောကြောင့် ရူပကအလင်္ကာမြောက်ပါသည်လို့ ဖြေရပါမယ်။

မေးခွန်း ၃ ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာနဲ့ သက်ဆိုင်တဲ့ မေးခွန်းတွေ ဖြစ်တယ်။ **မေးခွန်း ၃ (က)** မှာ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေမေးပါတယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေအတွက် ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊ ကဗျာရေးတဲ့ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနဲ့ ကဗျာ့သဘော၊ ကဗျာမှာပါတဲ့ အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊ ကဗျာနဲ့ သက်ဆိုင်တဲ့ ထူးခြားချက်တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။

ဆိုကြပါစို့။ ရွှေနှင့်ယိုးမှားပန်းစကားကဗျာကို ပုဂံခေတ်တွင်ရေးခဲ့ကြောင်း၊ ဌာနီပြည်ကြီးက ဝေးသနှင့် ကဗျာအမျိုးအစားမှာ ညည်းချင်းကဗျာဖြစ်ကြောင်းဆိုတာတွေအပြင် ကဗျာမိတ်ဆက်မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲအစရှိတဲ့ ကဗျာအမျိုး အမည်တွေရဲ့ အနက်အဓိပ္ပာယ်များကအစ၊ သိမှတ်ဖွယ်ရာတွေကို မှတ်သားထားဖို့ လိုအပ်ပါတယ်။

မေးခွန်း ၃ (ခ) ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့ သုတရသတွေကို လေ့လာထားရပါမယ်။

အရေးအကြီးဆုံးအဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါအကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားလဲလို့မေးတာလား၊ ဒီကဗျာနဲ့ ပတ်သက်တဲ့ မိမိရဲ့အတွေးအမြင် ခံစားချက်ကိုမေးတာလား စသည်ဖြင့် ကွဲကွဲပြားပြားသိဖို့ လိုအပ်ပါတယ်။

သာဓကအနေနဲ့ -

“တောင်သူကြီး” ကဗျာမှပေးသော ရသနှင့်အသိအမြင်ကို တင်ပြပါဆိုတဲ့ မေးခွန်းကို ဖြေမယ်ဆိုပါစို့။ ရသကိုသာဖြေကြပြီး အသိအမြင်ကို မဖြေလို့ မရပါဘူး။ အသိအမြင်ဆိုတာ ဒီကဗျာနဲ့ပတ်သက်တဲ့ ကဗျာကပေးတဲ့ အသိကို ဖော်ပြမှာဖြစ်တယ်။ တောင်သူကြီးဟာဘေးဘိုးစဉ်ဆက် ဘုရင့်အမှုတော်ထမ်းခဲ့ပုံ၊ ရန်အပေါင်းဖြိုခွင်းနိုင်ပုံ၊ စတဲ့စွမ်းရည်သတ္တိတွေကို သိရတဲ့အတွက် ဝီရရသခံစားရပြီး ကုန်းဘောင်ခေတ်ကတည်းကပင် တိုင်းပြည်နှင့် အရှင်မင်းမြတ်အပေါ် သစ္စာရှိတဲ့၊ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ သူရဲကောင်းတွေ ရှိနေကြောင်း သိမြင်ရပါတယ်ဆိုတာမျိုး တင်ပြနိုင်ရပါမယ်။ တိုင်းရေး ပြည်မှုပြီးချိန်မှာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စိုက်ပျိုးပုံ၊ လူပျိုကြီးဘဝပျော်မွေ့ပုံကျေနပ်ပုံတို့ကို သိရတဲ့အတွက် သန္တရသနှင့် မြန်မာလူမျိုးတို့ဟာ တောင်သူလယ်လုပ်ရိုးရာအသက်မွေးမှုတို့ဖြင့် လုပ်ကိုင်ကြကြောင်း၊ အသိအမြင်များ သိမြင်လာစေကြောင်း တင်ပြရန် ဖြစ်ပါတယ်။ တောင်သူကြီးဟာ ချက်ပြုတ်ပြီးတဲ့အခါ အပျိုငယ်များကို ရွှေနံကားအောင် စားပါလှည့်လို့ ဖိတ်ခေါ်နေတဲ့အတွက် ပြုံးရွှင်ဖွယ် ဟာဿရသခံစားရပြီး ရိုးသားပွင့်လင်းတဲ့ မြန်မာတို့ရဲ့ စိတ်ဓာတ်နဲ့ စရိုက်ဟာ မြတ်နိုးဖွယ်ကောင်းသည့် အသိအမြင်တွေရရှိကြောင်း တင်ပြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကဗျာမေးခွန်းရှည်ကို ဖြေတဲ့အခါမှာ မေးခွန်းမှာ ပေးထားတဲ့ တောင်သူကြီးကဗျာမှ ရသနဲ့အသိ အမြင်ဆိုတဲ့ (၂)ပိုင်းကို (၂) ပိုင်းစလုံးပါအောင် ပြည့်စုံစွာ ဖြေဆိုတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း ၄ ကတော့ မြန်မာစကားပြေလက်ရွေးစင်ထဲကမေးတာ ဖြစ်ပါတယ်။မေးခွန်း ၄ မှာ (က) နဲ့ (ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။

မေးခွန်း ၄ (က) က ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာလည်း စကားပြေ တစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊ စကားပြေအကြောင်း၊ အဲဒီစကားပြေရေးတဲ့ခေတ်၊ ထုတ်နုတ်တဲ့ စကားပြေစာအုပ်အမည်စတဲ့ စကားပြေဆိုင်ရာအချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျဖြေဆိုဖို့လည်း လိုအပ်ပါတယ်။ ကဗျာမေးခွန်း၃ (က)နဲ့ သဘောအားဖြင့် တူပါတယ်။

သာဓကအနေနဲ့ ၄ (ခ) မေးခွန်းဖြစ်တဲ့ “မိခင်သောက” စကားပြေမှ ဥပမာအလင်္ကာအဖွဲ့များ အကြောင်းမေးခွန်းကို တင်ပြလိုပါတယ်။ ဒီ မေးခွန်းကိုဖြေတဲ့အခါမှာ ဒီစကားပြေမှာ ဥပမာအလင်္ကာ ဆယ်ခုရှိပြီး ဒီဥပမာအလင်္ကာအဖွဲ့ကောင်းများကြောင့် မိခင်တစ်ဦး၏သောက ပေါ်လွင်စေကြောင်း၊ ဥပမာအလင်္ကာတစ်ခုစီကို မိခင်တစ်ဦး၏ ခံစားချက်နှင့်ယှဉ်တွဲ၍ ဝေဖန်သုံးသပ်ပြရန် ဖြစ်ပါတယ်။ သားသမီးတို့နှင့် အတူနေရသော ယခင်အခြေအနေနှင့် သားသမီးတို့ကို မတွေ့ရသော ယခုအခြေအနေတို့ကို နှိုင်းယှဉ်လျက် ပုံပန်းသဏ္ဌာန်၊ အမူအရာပြ ဥပမာ အလင်္ကာ အဖွဲ့ကောင်းများ၊ စိတ်ခံစားမှုအခြေအနေပြဥပမာအလင်္ကာ အဖွဲ့ကောင်းများ၏ အစွမ်းအာနိသင်တို့ကြောင့် မိခင်သောက ခံစားမှု အရှိန်တိုးမြင့်လာပုံ၊ သားပျောက်မိခင်တစ်ဦး၏ ဝေဒနာတိုး၍တိုး၍ ခံစားလာရပုံတို့ကို မိခင်တစ်ဦး၏ ကိုယ်နှုတ်အမူအရာမှ တစ်ဆင့် စာဖတ်သူတို့ပါ ကူးစက်လာရပုံ၊ စိတ်မျက်စိ၌ ထင်မြင်လာပုံ၊ နှုတ်မှ တတွတ်တွတ်မြည်တမ်းပုံတို့ကို စိတ်နားထဲကြားယောင်လာအောင် သရုပ်ဖော်တင်ပြရန် ဖြစ်ပါတယ်။

မေးခွန်း ၅ (က) မှာ စကားစပ်မေးပါတယ်။ စကားစပ်ကို ဖြေတဲ့အခါမှာတော့ ပေးထားတဲ့ စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘာအကြောင်းနဲ့ ဆက်စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့အတွက် ပြဇာတ်ကို ကြေညက်နေအောင် လေ့လာထားရပါမယ်။

စကားစပ်ကိုဖြေတဲ့နေရာမှာ သိထားရမဲ့အချက်အလက်တွေရှိပါတယ်။ အဲဒါကတော့ မည်သည့် အခန်းကဆိုတာကို ဖော်ပြတဲ့အခါမှာ အခန်း (၁)၊ အခန်း (၂) စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေသည်ယောက်ျား စကားဆိုခန်း၊ ရေသည်မိန်းမစကားဆိုခန်း၊ ရေသည်ယောက်ျား ရေရောင်းထွက်သောအခန်းစသည်ဖြင့် အခန်းရဲ့အမည်ကိုလည်း ဖော်ပြနိုင်ပါတယ်။

အချပ်ပို (၈)သို့

ကျောင်းသင်ခန်းစာ

အချပ်ပို (က)မှ

ဒါမှမဟုတ် အခန်း (၅) အိမ်ရှေ့မင်း တောထွက်ခန်း စသည်ဖြင့် အခန်း အမှတ်ရော၊ အခန်းအမည်ရော နှစ်မျိုးလုံးတွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

စကားစပ်မှာ နောက်ထပ်သတိပြုရမဲ့အချက်တွေကတော့ တစ်ကိုယ်တည်းစကားတွေကို ဖြေဆိုတဲ့အခါမှာ ဘယ်သူက ဘယ်သူ့ကို ဆိုတာကို ရှာဖွေနေစရာ၊ ပြောစရာမလိုပါဘူး။ မိမိတစ်ကိုယ်တည်း ပြောသောစကားဖြစ်သည်လို့ဖြေရင် လုံလောက်ပါတယ်။

အချိန်ကိုလည်း နံနက် အချိန်၊ မွန်းတည့်ချိန် စသည်ဖြင့်ဖော်ပြနိုင်သလို ရေသည်မိန်းမ ရေရောင်းထွက်ချိန်၊ ရေသည်ယောကျ်ား ရေရောင်းထွက်ချိန် စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ရေသည်ယောကျ်ား နေပူထဲ ပြေးလွှားနေတာကို ဥဒယမင်းကြီး ရွှေမှန်ပြောင်းနဲ့ကြည့်တဲ့အချိန်ဟာ မွန်းတည့်ချိန်ဖြစ်တယ်။ ရေသည်ပြဇာတ်မှာ မွန်းတည့်ချိန်ကလွဲပြီး ကျန်အချိန်များကို အတိအကျ မဖော်ပြထားတဲ့အတွက် ဖြစ်ရပ်ကို အချိန်လုပ်ပြောရမှာဖြစ်တယ်။ ဥပမာ- အိမ်ရှေ့မင်းပေါင်ပေါ်၌ ဥဒယမင်းကြီးအိပ်ပျော်နေချိန်၊ အိမ်ရှေ့မင်း တောထွက်ရန် တောင်းပန်ချိန်စသဖြင့် ပြောရမှာဖြစ်တယ်။

မေးခွန်း(၅) ပုဒ်ခွဲ (ခ)မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာ ဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ၂-ပိုင်းခွဲလို့ရပါတယ်။

(၁) ကတော့ ဇာတ်လမ်းအဖြစ်အပျက်ပိုင်း ဖြစ်ပါတယ်။
(၂) ကတော့ ဇာတ်ဆောင်တွေအကြောင်းနဲ့ ဇာတ်ဆောင်တွေရဲ့ စရိုက်သဘာဝအဖွဲ့ ဖြစ်ပါတယ်။

ဇာတ်လမ်းအဖြစ်အပျက်ပိုင်းမှာ ၅ ပိုင်းရှိပါတယ်။

(၁) ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမဆင်းရဲပုံ
(၂) ရေသည်ယောကျ်ားငွေလေးရွေးတပ်မက်ပုံ
(၃) ဥဒယမင်းအား သတ်ရန်ကြံစည်ပုံ
(၄) အိမ်ရှေ့မင်းသား သတိသံဝေဂရပုံနဲ့
(၅) တောထွက်ရန်ပြောဆိုပုံတို့ ဖြစ်ပါတယ်။

အဲဒီဇာတ်လမ်းအဖြစ်အပျက် (၅) မျိုးကို အကြောင်းအရာကဏ္ဍမှာ မေးပါမယ်။ နောက်တစ်ပိုင်းက ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။ ဇာတ်ဆောင်စရိုက်မှာ ရေသည်ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီး ဆိုတဲ့ ဇာတ်ဆောင်၃-ယောက်ရဲ့ စရိုက်တွေကို မေးလေ့ရှိပါတယ်။

အဲဒီအကြောင်းအရာ မေးခွန်းတွေကို ဖြေတဲ့အခါမှာလည်း စကားစပ်ရဲ့ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေသလိုပဲ ဇာတ်စာမူရင်းအတိုင်း မရေးရပါဘူး။ မေးတဲ့မေးခွန်းနဲ့ မသက်ဆိုင်တဲ့ အချက်အလက် တွေကို ထည့်ပြီးမရေးရပါဘူး။ ဒါပေမဲ့ ရေသည်ပြဇာတ် စာဆို ဦးပုညရဲ့ သူသုံးစွဲခဲ့တဲ့ စကားလုံးတွေ၊ အသုံးအနှုန်းတွေ၊ သူရေးသားတင်ပြခဲ့တဲ့ အချက်အလက်တွေကိုတော့ သုံးစွဲရေးဖွဲ့ရမှာ ဖြစ်ပါတယ်။ ရေးတဲ့အခါမှာ ကိုယ်ပိုင်စကားပြေနဲ့ ရေးရမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်စကားပြေကိုပိုပြီး အသက်ဝင်အောင်၊ မိမိအဖြေကို ပိုပြီး ပြည့်စုံအောင် ပြဇာတ်စာသား အကိုးအကား ထည့်မယ်ဆိုရင်လည်း ထည့်ရေးနိုင်ပါတယ်။

သာဓကအနေနဲ့အကြောင်းအရာ မေးခွန်းဖြစ်တဲ့ ရေသည်ယောကျ်ားရဲ့ ပုံပန်းသွင်ပြင်နဲ့ ဘဝသရုပ်ကို ဖြေဆိုမယ် ဆိုကြပါစို့။ ရေသည်ယောကျ်ားရဲ့ ရုပ်အသွင်အပြင်၊ ဝတ်စားဆင်ယင်ပုံနဲ့ ဘဝအခြေအနေတို့ပါအောင် ဖြေဆိုရပါမယ်။ သေးငယ်လွန်းလှတဲ့ ယောင်ဆံထုံး၊ မွဲခြောက် စုတ်ချာနေတဲ့ဆံပင်စတဲ့ ရုပ်သွင်၊ စုတ်ဖွာညှိုးဖျင်းလှတဲ့ ခါးဝတ်ပုဆိုးကိုဝတ်ဆင်ထားပုံ၊ ထမင်းနှင့်ချဉ်ပေါင်ကိုသာ စားသောက်ရတဲ့ဘဝ၊ ခြိုးခြိုးခြံခြံနှင့် ငွေလေးရွေးစုဆောင်းထားနိုင်ပုံ စတဲ့ရေသည် ယောကျ်ားရဲ့ ဘဝအခြေအနေတို့ကို ပြဇာတ်ပါဇာတ်လမ်းနဲ့ ဆက်စပ်ပြီး ဖြေပေးရမှာ ဖြစ်တယ်။

မေးခွန်း(၆)ကတော့ စာစီစာကုံးမေးခွန်းဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာ မေးခွန်းလွှာမှာ အမှတ်အများဆုံးပေးထားတဲ့ မေးခွန်းတစ်ပုဒ်ဖြစ်ပါတယ်။ အမှတ်(၂၀) ပေးတဲ့မေးခွန်းဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခု ပေးထားပြီးတော့ အဲ့ဒီခေါင်းစဉ် ၃-ခုထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခုလုံးမှာလည်း ပုံကြမ်းအချက်အလက်တွေ ပေးထားမှာဖြစ်ပါတယ်။ စာစီစာကုံးရေးတဲ့အခါမှာ ပုံကြမ်းအချက်အလက်တွေကို အခြေခံပြီးတော့ ရေးရမှာဖြစ်ပါတယ်။

စာစီစာကုံးဟာ တစ်ပုဒ်လုံး အစအဆုံး အလွတ်ကျက်မှတ်ထားရမယ့် စာမျိုးမဟုတ်ဘဲ ကျက်သင့်တဲ့ အချက်အလက်တွေကိုကျက်၊ မှတ်သင့်တဲ့ အချက်အလက်တွေကိုမှတ်ပြီး မြန်မာစာ အရေးအသားဆိုင်ရာ နည်းနာများနဲ့ အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်ဆည်းပူးထားရမယ့် ကျင့်စာ ဖြစ်တယ်ဆိုတာ နားလည်ထားရမယ်။

စာစီစာကုံးဆိုတာ စာကို ပြေပြေပြစ်ပြစ် စီကုံးရေးသားရတဲ့ စကားပြေ အဖွဲ့ပုံစံ တစ်မျိုးဖြစ်တယ်။ စကားပြေအရေးအသားမှာ စာဟန်နဲ့ ပြောဟန် ဆိုပြီး ဟန်နှစ်မျိုးရှိတဲ့အနက် စာစီစာကုံး ရေးသားရင်တော့ စာဟန်ကိုပဲ အသုံးပြုရပါမယ်။

စာစီစာကုံးအမျိုးအစား ကိုအဖွဲ့ပုံသဏ္ဍာန်အရသရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့၊ဖွင့်ဆိုရှင်းပြအဖွဲ့၊ ကျိုးကြောင်းပြအဖွဲ့ ဆိုပြီး ၄မျိုးခွဲလေ့ရှိတယ်။

သရုပ်ဖော်အဖွဲ့ဟာ သက်ရှိသက်မဲ့တွေရဲ့ပုံပန်းသွင်ပြင်တွေ၊ အသံတွေ စတာကို မြင်ယောင် ကြားယောင်လာအောင် ရေးဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုး ဖြစ်တယ်။ ကျောင်းသား ကျောင်းသူတွေကို သရုပ်ဖော် စာစီစာကုံးရေးသား စေရာမှာ များသောအားဖြင့် မြင်ကွင်းနဲ့ ရှုခင်းတို့ကို ရေးသားစေဖို့ ခေါင်းစဉ်ပေးလေ့ရှိပါတယ်။ အားတက်ဖွယ်ရာမြင်ကွင်းတစ်ခု၊ ကျောင်းသွားကျောင်းပြန် မြင်ကွင်းများ၊ ဈေးမြင်ကွင်းစတဲ့ ခေါင်းစဉ်တွေဟာ မြင်ကွင်းကိုသရုပ်ဖော်ရေးသားမယ့်ခေါင်းစဉ်တွေ ဖြစ်တယ်။ သဘာဝရှုခင်းအလှ၊ ရှုခင်းသာယာပြည်မြန်မာစတဲ့ ခေါင်းစဉ်တွေကတော့ နှစ်သက်ဖွယ် ရှုခင်းများကို ရေးသားရမယ့် ခေါင်းစဉ်တွေဖြစ်တယ်။

ဖြစ်စဉ်ပြအဖွဲ့ကတော့ အချိန်ကာလရွေ့လျားတဲ့ အစဉ်အတိုင်းအဖြစ်အပျက်တွေကို စီကာစဉ်ကာ ရေးဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ ဖြစ်စဉ်ပြအဖွဲ့ဟာ သရုပ်ဖော်အဖွဲ့နဲ့ တွဲဖက်လေ့ရှိပါတယ်။ လေ့လာရေးခရီးတစ်ခေါက်၊ မိုးရွာသောနေ့တစ်နေ့၊ အားကစားပွဲမြင်ကွင်းတစ်ခု၊ အမှတ်မထင် ဖြစ်ရပ်တစ်ခု၊ အပျော်ဆုံးနေ့၊ အာစရိယပူဇော်ပွဲ၊ မြန်မာ့ရိုးရာ အားကစားပွဲမြင်ကွင်းတစ်ခုစတဲ့ ခေါင်းစဉ်တွေဟာ ဖြစ်ရပ်ဖြစ်စဉ် တစ်ခုကို ရွေ့လျားတဲ့အစဉ်အတိုင်း ရေးသားရမှာဖြစ်ပြီး ထိုဖြစ်စဉ်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးသားရမယ့် စာစီစာကုံးမျိုးဖြစ်တယ်။

ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ အကြောင်းအရာတစ်ခုခုကို နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုပြတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ အချိန်၏တန်ဖိုး၊ ရိုးရိုးကျင့် မြင့်မြင့်ကြံ၊ မိဘကျေးဇူး၊ ဆရာ့ကျေးဇူး၊ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှု၊ စည်းကမ်းလိုက်နာ ဘေးကင်းကွာ၊ စာအုပ်စာပေ လူ့မိတ်ဆွေ၊ သစ္စာတရား၊ ရိုင်းပင်းကူညီစိတ်၊ ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့၊ လူငယ်နှင့် စာကြည့်တိုက်စတဲ့ ခေါင်းစဉ်တွေဟာ အကြောင်းရပ်တစ်ခုခုကို နားလည်သဘောပေါက်အောင် ဖွင့်ဆိုရှင်းလင်းရေးသားရတဲ့ စာစီစာကုံး ခေါင်းစဉ်မျိုးဖြစ်တယ်။ ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ ကျိုးကြောင်းပြအဖွဲ့နဲ့ ဆက်စပ်လျက်ရှိပါတယ်။ အကြောင်းရပ်တစ်ခုခုကို နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုပြီး ထိုအကြောင်းရပ်နဲ့ပတ်သက်တဲ့ သုံးသပ်ချက်၊ ယူဆချက်တွေဟာ ကျိုးကြောင်းပြသဘောဘက်ကို သက်ရောက်စေပါတယ်။

ကျိုးကြောင်းပြအဖွဲ့ကတော့ သဘောတစ်ခုခု အယူအဆတစ်ခုခုကို ယုံကြည်လက်ခံအောင် အကျိုးအကြောင်းဆက်စပ်ဖွဲ့ပြတဲ့ အဖွဲ့မျိုး ဖြစ်ပါတယ်။ ဝန်းကျင်အလှထိန်းသိမ်းကြ၊ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား၊ ကျန်းမာခြင်းသည်လာဘ်တစ်ပါး၊ ဇွဲကိုရင်းလျှင်အောင်ပွဲဆင်၊ ညီညွတ်ခြင်းသည် အင်အား၊ ကျန်းမာရေးအသိအစဉ်ရှိ၊ စာဖတ်ခြင်းအကျိုးကျေးဇူး၊ သတင်းစာဖတ်ခြင်းအကျိုး၊ မေ့မရသော သူငယ်ချင်းတစ်ဦး၊ အနှစ်သက်ဆုံး စာအုပ်တစ်အုပ်၊ အနှစ်သက်ဆုံးဂျာနယ် စတဲ့ခေါင်းစဉ်တွေဟာ ဆိုလိုချက်တစ်ရပ်ကို စာဖတ်သူ လက်ခံယုံကြည်လာအောင် အကျိုးသင့်အကြောင်းသင့် ဆက်စပ်ရေးသားရတဲ့ ခေါင်းစဉ်မျိုး ဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့ စာစီစာကုံးအမျိုးအစား ၄ မျိုးမှာ ဘယ်ခေါင်းစဉ်ဟာ မိမိနဲ့သင့်တော်မယ်ဆိုတာ ချိန်ဆပြီး ကိုယ်ရေးမယ့် စိတ်ကြိုက်ခေါင်းစဉ်ကို မှန်ကန်စွာ ရွေးချယ်ရမှာ ဖြစ်ပါတယ်။ စာမေးပွဲ မေးခွန်းမှာ ပေးထားသော ခေါင်းစဉ်များသည် ကျောင်းသား ကျောင်းသူများ စိတ်ကြိုက် ရွေးချယ်နိုင်ဖို့အတွက် စာစီစာကုံး အမျိုးအစားတွေ မျှတစွာ ပေးထားလေ့ရှိပါသည်။

စာစီစာကုံးမေးခွန်းမှာ ခေါင်းစဉ်နဲ့အတူ ရေးသားမယ့် အကြောင်းအရာအတွက် ပုံကြမ်းများလည်း ပေးထားပါတယ်။ ပုံကြမ်းများဟာ ခေါင်းစဉ်နဲ့ အံဝင်ခွင်ကျရေးသားနိုင်စေဖို့အတွက် အထောက်အကူ ပြုချက် တွေသာ ဖြစ်ပါတယ်။ ပုံကြမ်းပါအချက်တွေဟာ ယေဘုယျအချက်တွေသာ ဖြစ်တဲ့အတွက် မိမိအတွေ့အကြုံ၊ ဗဟုသုတ ကြွယ်ဝရင်ကြွယ်ဝသလောက်၊ အလေ့အကျင့်ကောင်းရင် ကောင်းသလောက် ထိရောက်စွာ အသုံးပြုနိုင်မယ့် အချက်များသာ ဖြစ်ပါတယ်။ အထူးသတိပြုရမယ့် အချက်ကတော့ ပုံကြမ်းပါ အချက်တွေကို သတိမမူဘဲ ကိုယ်အလွတ်ကျက်ထားတာတွေကိုပဲ ပြန်ရေးချမယ်ဆိုရင်တော့ မေးခွန်းနဲ့ အံဝင်ခွင်ကျ မဖြစ်နိုင်တော့တဲ့အတွက် ရမှတ်တွေ ဆုံးရှုံးမှာဖြစ်ပါတယ်။

စာစီစာကုံးရေးသားဖြေဆိုရာတွင် နိဒါန်း၊ စာကိုယ်၊ နိဂုံး ပြည့်စုံဖို့ လိုပါတယ်။ စာစီစာကုံးဟာ မေးခွန်းရဲ့ နောက်ဆုံးအပုဒ်ဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူအများစုဟာ စာစီစာကုံးကို နောက်ဆုံးမှ ရေးသားဖြေဆိုလေ့ ရှိကြပါတယ်။ ဒီလိုဖြေဆိုရာမှာ စာစီစာကုံးကို စာမျက်နှာများစွာ ရေးသားခဲ့ပေမယ့် နိဂုံးမချုပ်မီ စာမေးပွဲအချိန်စေ့သွားသည့်အတွက် အဆုံးမသတ်နိုင်ခြင်းမျိုး ဖြစ်တတ်ပါတယ်။ ဒီအခါမှာ မိမိစာစီစာကုံးဟာ ရှေ့ပိုင်းမှာ ဘယ်လောက်ကောင်းမွန်အောင် ရေးထားရေးထား နိဂုံးမပါတဲ့၊ နိဂုံးမချုပ်နိုင်တဲ့၊ စာစီစာကုံးအင်္ဂါရပ်နဲ့မပြည့်စုံတဲ့ စာစီစာကုံးဖြစ်သွားပြီး ရမှတ်များစွာ ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ စာစီစာကုံးဟာ ကျောင်းသားကျောင်းသူ တစ်ယောက် ဂုဏ်ထူးနဲ့ ထိုက်တန်မတန်ဆိုတာ အဆုံးအဖြတ်ပေးနိုင်တဲ့ မှတ်ကျောက်တစ်ခုဖြစ်တဲ့အတွက် အထူးအလေးထား ရေးသားရမယ့် စာတစ်ပုဒ် ဖြစ်ပါတယ်။

ခြုံပြီးပြောရရင် မြန်မာစာဘာသာရပ်မေးခွန်းကို ကောင်းစွာဖြေဆိုနိုင်ပြီး ဂုဏ်ထူးမှတ်ရဖို့အတွက် ကျက်မှတ်နိုင်မှုအပြင် စာလုံးပေါင်းသတ်ပုံမှန်ကန်မှု၊ တစ်ချောင်းပုဒ်၊ ပုဒ်မစတဲ့ သင်္ကေတတွေကို တိကျမှန်ကန်စွာ အသုံးပြုတတ်မှု၊ ဆီလျော်သော စကားအသုံးအနှုန်း ရွေးချယ်တတ်မှု၊ ပုဒ်အထားအသိ မှန်ကန်မှု၊ ဝါကျဖွဲ့ထုံးမှန်ကန်မှု၊ ဝါကျတစ်ခုနှင့်တစ်ခု ပြေပြစ်ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာပိုဒ်ဖွဲ့ပုံ ကောင်းမွန်မှု၊ စာပိုဒ်တစ်ပိုဒ်နှင့်တစ်ပိုဒ် ပြေပြစ်ညီညတ်စွာ ချိတ်ဆက်နိုင်မှု၊ စာတစ်ပုဒ်လုံးသည် ဆိုလိုချက်ကို ရှင်းလင်းစွာ ပေါ်လွင်စေမှု စတာတွေနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။

စာမေးပွဲမှာ ဂုဏ်ထူးမှတ်နှင့်ထိုက်တန်တဲ့ မြန်မာစာအဖြေလွှာတစ်ခု ဖြစ်ဖို့ဆိုရင် အချင်းရော အဆင်းပါ ကောင်းမွန်ဖို့ လိုအပ်ပါတယ်။ အချင်းဆိုတာကတော့ စာဖြေသူရဲ့ အထက်မှာဖော်ပြခဲ့တဲ့ ဘာသာရပ်ဆိုင်ရာ အရည်အချင်း၊ အရည်အသွေးဖြစ်ပါတယ်။ အဆင်းဆိုတာကတော့ အမြင်လှပမှု ဖြစ်ပါသည်။ အမြင်လှပမှုဆိုရာမှာ လက်ရေးလက်သား လှပမှု၊ လက်ရေး မလှလျှင်လည်း သပ်ရပ်သန့်ရှင်းမှု၊ ဖျက်ရာခြစ်ရာကင်းစင်မှု၊ စာပိုဒ်ခွဲ ပုံညီညွတ်မှု၊ သေသပ်စွာ မျဉ်းသားမှုစသည်တို့ ဖြစ်ပါတယ်။ အချင်း ဘယ်လောက်ရှိရှိ အဆင်းမလှရင် အချင်းကိုမမြင်ဘဲ ဖြစ်တတ်ပါတယ်။ ဒါကြောင့် မြန်မာစာထူးချွန်သူများ ဖြစ်စေဖို့ အချင်းရောအဆင်းပါ ကောင်းမွန်အောင် ကြိုးစားပြီး အသေးအမွှားကအစ အလေးထားကြဖို့ တိုက်တွန်းလိုပါတယ်။

အခုဆွေးနွေးခဲ့တဲ့ အချက်တွေဟာ မြန်မာစာဘာသာရပ်ကို ကျက်မှတ်လေ့လာ ဖြေဆိုရာမှာ ကောင်းစွာအထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ စာမေးပွဲကြီးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။

LL.B, D.B.L, D.I.L, MA (Business Law)

Universities, Colleges, Awarding Bodies
AMSEM, Golden Rose
Professor Dr Nyan Lin
Vis. Professor (YTU), PhD. (Medical Imaging), London, MSc., PGD., Advanced Dip. in Teaching, London, International English for Speakers of Other Languages (I.E.S.O.L.) Mastery Level (CEFR-C2), The Highest Level, London
ISO
AMSEM International University College
• International English (British, American) 4 Skills with Etiquette & Manners
• International Executive Business English (for CEOs, MDs, Directors, GMs, Managers)
• English-Myanmar for Foreigners
• Medical English, Engineering English, Shipping/Air Line/Company English
• Business/Banking/Accounting English, Hotel, Travel & Tourism English,
• APTIS, IELTS, IESOL, TOEFL, IGCSE, SAT, FCE, CAE, CPE, EfB, LCCI English
• Young Learners English - JET/SET (Starters, Movers, Flyers) (4 - 15 years old)
• Young Learners Education (for Students from Myanmar, International Schools)
• International Certificates, Diplomas, Degrees : (with Work Experience)
Engineering : Biomedical, Electrical & Electronic, Mechanical, Mechatronic, IT, Civil, Software, Hardware, ICT Systems Support
Yangon : 1. Yangon International Hotel, 5th Floor, Ahlone Road, Yangon, Myanmar.
: 2. MTP Condo., (BANG BANG), 6th Floor(next to lift), near Hlaing Tan Junction, Insein Rd, Yangon.
Mandalay : Shwe Phyu Plaza, 7th Floor(next to lift), between (32nd x 33rd), (77th x 78th) Streets, Mandalay.
Tel : 09 7303 9050 , 09 4312 9900, 01 230 1095, 02 72802, Ext 708 (Mandalay), 00-44 7926 226 257(UK)

ကြော်ငြာ

အများသိစေရန် ကြေညာချက်

ဆောက်လုပ်ရေး မြို့ပြ ... အဆောက်အအုံ ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့် အတွက် ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာ ပါရှိသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဒေါ်စောစန္ဒာအေး	၁၂/မရက(နိုင်)[illegible]	(၃၂/ဃ)၊ ဦးဘချိုလွင်ရိပ်သာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဒေါ်သောင်းသန်း + ၁	၁၂/မရက(နိုင်)[illegible]	(၂၈)၊ ၂၀သိမ်လမ်းသွယ်(၂)လမ်း၊ ၁၁-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဦးအောင်သန်း+၁	၁၂/လမန(နိုင်)[illegible]	(၈၈)၊ ၂၀သိမ်လမ်းသွယ်(၂)လမ်း၊ ၁၁-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဒေါ်တင်ရီ	၁၄/ဟသတ(နိုင်)[illegible]	(၁၀၀)၊ တာဝန်ရှုဦးလမ်း၊ ၁၁-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဦးသာကြည်	၁၂/မရက(နိုင်)[illegible]	(၁၉/က)၊ ဦးဘချိုလွင်ရိပ်သာလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၆	ဦးအောင်သိန်း+၁	၁၂/မရက(နိုင်)[illegible]	(၁၅-ဂ)၊ ကန်ဆေးရုံလမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဦးအောင်သိန်း	၆/မမန(နိုင်)[illegible]	(၇၇)၊ ဆောင်းဥယျာဉ်လမ်း၊ သင်္ဃန်းကျွန်း ...	၂-ထပ်တိုက် ဆောက်လုပ်ရန်
၈	ဦးအောင်ထွန်း	၁၂/ဥကတ(နိုင်)[illegible]	(၁၁၄/က)၊ ... လမ်း၊ ၄-ရပ်ကွက်၊ တောင်ဥက္ကလာပ	၂½-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဒေါ်နီလာမြင့်	၁၂/သဃက(နိုင်)[illegible]	(A/၃၆)၊ ကြို့ကုန်းလမ်း၊ ၈-ရပ်ကွက်၊ သင်္ဃန်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဒေါ်ခွန်လှကျော်	၁၂/ကမန(နိုင်)[illegible]	(၄၇/ခ)၊ ... လမ်း၊ ၆-ရပ်ကွက်၊ ရွှေပြည်သာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	ဦးထွန်းရှိန်+၁	၁၂/လမန(နိုင်)[illegible]	(၂၀-ခ/၃၂-ခ)၊ ... လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	ဦးညိုညို + ၂	၁၂/အစန(နိုင်)[illegible]	(၂၈၅)၊ ... လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဦးဝင်းဆွေ	၁၂/မရက(နိုင်)[illegible]	(၄/၁၀၆)၊ ဆောင်းဟေဝန်လမ်း၊ ၄-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဒေါ်တင်တင်မိုင်	၁၂/ဥကမ(နိုင်)[illegible]	(၅၅၈/ခ)၊ ပုလဲ(၂)လမ်း၊ ၃-ရပ်ကွက်၊ တောင်ဥက္ကလာပ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဒေါ်သန္တာလွင်လွင်	၆/မမန(နိုင်)[illegible]	(၁၀၆)၊ ... လမ်း၊ ၇၇-ရပ်ကွက်၊ ...	၁-ထပ် ၁RC ဆောက်လုပ်ရန်
၁၆	ဒေါ်ခင်ဝင်း	၅/ယမသ(နိုင်)[illegible]	(၁၀)၊ ... လမ်း၊ ၁-ရပ်ကွက်၊ ရွှေပြည်သာ	၂-ထပ်တိုက် ဆောက်လုပ်ရန်

ဥက္ကဋ္ဌ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာချက်

ဆောက်လုပ်ရေး မြို့ပြ ... အဆောက်အအုံ ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့် အတွက် ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာ ပါရှိသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဒေါ်ခင်ဆွေဝင်း	၁၂/ရကန(နိုင်)[illegible]	(၁၀)၊ ကျဲတော်မြို့လမ်းသွယ်(၂)လမ်း၊ ၈-ရပ်ကွက်၊ ရန်ကင်း	၂-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဒေါ်မြင့်မြင့်	၁၂/ကမတ(နိုင်)[illegible]	(၃၃/ဖ)၊ ... လမ်း၊ ... ရပ်ကွက်၊ ကြည့်မြင်တိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဒေါ်ခင်မြင့်မောင်	၇/ပမန(နိုင်)[illegible]	(၆၄)၊ ... လမ်း၊ ၈-ရပ်ကွက်၊ သင်္ဃန်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဒေါ်နီလာဝင်း	၁၂/အစန(နိုင်)[illegible]	(၈၂/က)၊ ... လမ်း၊ ... ရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဒေါ်ခင်သိုက်(ခ) ဒေါ်လှဝင်း	၁၂/လမန(နိုင်)[illegible]	(၈၂)၊ ... လမ်း၊ ... ရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၆	ဒေါ်စန်းကြည်	၁၂/ဥကမ(နိုင်)[illegible]	(၂၈)၊ ... လမ်း၊ ၈-ရပ်ကွက်၊ မြောက်ဥက္ကလာပ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဒေါ်သီတာ	၁၂/ဥကမ(နိုင်)[illegible]	(၃၇၂)၊ ... လမ်း၊ ၁၈-ရပ်ကွက်၊ မြောက်ဥက္ကလာပ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၈	ဦးဝင်းထွန်း	၁၂/တမန(နိုင်)[illegible]	(၇၄/ခ)၊ ... လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဦးကျော်စိုးဝင်း	၁၂/သဃက(နိုင်)[illegible]	(၁၇/က)၊ ... လမ်း၊ ၁၁-ရပ်ကွက်၊ သင်္ဃန်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဒေါ်မိုးမိုး	၁၂/ပဆတ(နိုင်)[illegible]	(၁၀၆/ခ)၊ ... လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	ဦးခင်မောင်အေး	၁၂/သဃက(နိုင်)[illegible]	(၇၀)၊ ... လမ်း၊ ၈-ရပ်ကွက်၊ သင်္ဃန်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	ဒေါ်ခင်မာလာ	MH-[illegible]	(၄၅)၊ ... လမ်း၊ ၈-ရပ်ကွက်၊ သင်္ဃန်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဦးဝင်းရှိ	၁၂/လသယ(နိုင်)[illegible]	(၃၀၆/ခ)၊ ... လမ်း၊ ၅-ရပ်ကွက်၊ လှိုင်သာယာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဦးဝင်းညို	၁၂/လသယ(နိုင်)[illegible]	(၆၂၁/ခ)၊ ... လမ်း၊ ၁၃-ရပ်ကွက်၊ လှိုင်သာယာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဦးထွန်းဦး	၁၀/ဘလန(နိုင်)[illegible]	(၆၁၃/ခ)၊ ... လမ်း၊ ၈-ရပ်ကွက်၊ လှိုင်သာယာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	ဦးအောင်ကျော်စိုး	၂/ဘလခ(နိုင်)[illegible]	(၂၇၇/ခ)၊ ... လမ်း၊ ၁-ရပ်ကွက်၊ လှိုင်သာယာ	၂½-ထပ်တိုက် ဆောက်လုပ်ရန်

ဥက္ကဋ္ဌ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

စဉ်	ပျောက်ဆုံးသူ - အမည်	ပျောက်ဆုံးသူ - မှတ်ပုံတင်	[illegible] - မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

စဉ်	ပျောက်ဆုံးသူ - အမည်	ပျောက်ဆုံးသူ - မှတ်ပုံတင်	[illegible] - မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ကြော်ငြာ

[illegible]

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	[illegible]	[illegible]	[illegible]	လိပ်စာ	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	[illegible]	[illegible]	[illegible]	လိပ်စာ	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

အများသိစေရန် ကြေညာချက်

[illegible]

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဦးသန့်ဇော်ဦး	၁၄/သဘန(နိုင်) [illegible]	[illegible] ရွှေပြည်သာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဒေါ်[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible] ရွှေပြည်သာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၃	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible] ရွှေပြည်သာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၄	[illegible] + ၁	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	[illegible]	[illegible](နိုင်) [illegible]	[illegible] ရွှေပြည်သာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၆	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible] ရွှေပြည်သာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဒေါ်[illegible] + ၁	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၈	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၉	[illegible]	၁၀/[illegible](နိုင်) [illegible]	[illegible]	[illegible] ဆောက်လုပ်ရန်
၁၀	ဒေါ်[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	[illegible] ဆောက်လုပ်ရန်
၁၁	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	[illegible] + ၂	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	[illegible]	[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဒေါ်[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	ဒေါ်[illegible] + ၁	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်

[illegible]

အများသိစေရန် ကြေညာချက်

[illegible]

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	[illegible]	၁၀/[illegible](နိုင်) [illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်
၂	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	[illegible] ဆောက်လုပ်ရန်
၃	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဒေါ်[illegible]	[illegible](နိုင်) [illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်
၅	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၆	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	[illegible] + ၁	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၈	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဒေါ်[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဒေါ်[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	[illegible] + ၁	၁၂/[illegible](နိုင်) [illegible]	[illegible]	[illegible] ဆောက်လုပ်ရန်
၁၂	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	[illegible] + ၁	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	[illegible] ဆောက်လုပ်ရန်
၁၅	ဒေါ်[illegible]	၁၄/[illegible](နိုင်) [illegible]	[illegible]	[illegible] ဆောက်လုပ်ရန်
၁၆	ဒေါ်[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်

[illegible]